ရောင်ပြန်

The Mirror

သုက္ကဋ္ဌ ၁၄၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့၊ (7-8-2012) (၇၂၀၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

အများပြည်သူသိရှိစေရန်အတွက် ဟော်ပြုရလျှင် ဘီအိုတီသက်တမ်းကာလကို အနှစ် (၄၀) သတ်မှတ်ပေးထား

သက်တမ်းကာလပြီးဆုံးပါက ဟောက်လုပ်ပြီးစီးချိန်ကရှိနေသော ကောင်းမွန်သည့်အနေအထားအတိုင်း လွှဲပြောင်းပေးရမည်

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုပဟိုကော်မတီတွင် လိုအပ်သည့်ပညာရှင်များ ထပ်မံဖြည့်စွက်မည်ဖြစ်

နေပြည်တော် ဩဂုတ် ၆

ပြည်သူ့လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၉၆) ဦးတို့ တက်ရောက်ကြသည်။

မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ၌ မင်္ဂလာဒုံ**မဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏ အမှတ်(၃) လမ်းမကြီးအား (၄)လမ်း သို့မဟုတ် (၆)လမ်းသွား လမ်းမကြီးအဖြစ် အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ ဖျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **B.O.T ယူထားသည့် ကုမ္ပဏီများအကြား စာချုပ်ချုပ်ဆို ထားသည့် စာချုပ်ပါအချက်များကို ပြည်သူလူထုသို့ အသိပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဖြေကြားရာတွင်-

ပထမမေးခွန်းနှင့် စပ်လျဉ်း၍ မက်စ်မြန်မာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ အမှတ်(၃) လမ်းမကြီး (၉)မိုင် (၂)ဖာလုံအား (၂၂)ပေ အကျယ်မှ (၄)လမ်းသွား (၄၈) ပေအကျယ်အထိ လမ်းတာပေါင်ချဲ့ခြင်းကို ပွင့်လင်းရာသီတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဆင့် ပြီးစီးအောင် စီမံချက်ချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဘီအိုတီကြိုတင်ဆောင်ရွက်ခွင့် မူဝါဒ (၂၄)ချက်နှင့် ပြည်စုံပါက လုပ်ငန်းကြိုတင်ဆောင်ရွက်ခွင့်ပြုပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၀) ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

မန္တလေးတက္ကသိုလ်နှင့် ဂျန်ဟော့ကင်းတက္ကသိုလ် ပူးပေါင်းသင်ကြားမည်

ပြည်တွင်းသတင်း စာမျက်နှာ ➢ ၆

လန်ဒန်အိုလံပစ် အမျိုးသားမီတာ ၁၀၀ ပြေးလမ်းပေါ် ပုလင်းဖြင့် ပေါက်သူအားဖမ်းဆီး

အိုလံပစ်သတင်း စာမျက်နှာ ➢ ၄

အင်တာနက် ကျန်းမာရေးသတင်း ➢➢ ဘာသာပြန် - ထန်ဆွင်း

နေ့စဉ်လိုအပ်သည့် ဗီတာမင်စီပမာဏကို ၂၀၀ မီလီဂရမ်အထိ တိုးမြှင့်သင့်ဟု ပညာရှင်များအကြံပြု

ဆေးသိပ္ပံပညာရှင်များသည် မကြာသေးမီက ထုတ်ပြန်သည့် ဆေးဝါးသုတေသန အစီရင်ခံစာတစ်ရပ်တွင် နေ့စဉ်လိုအပ်သည့် ဗီတာမင်စီပမာဏသတ်မှတ်ချက်မှာ အမှန်တကယ်လိုအပ်မှုထက် ထက်ဝက်ကျော် လျော့နည်းနေသည်ဟု စောဒကတက်ခဲ့ကြကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုတွင် လက်ရှိကျင့်သုံးနေသည့် အမျိုးသမီးများအတွက် နေ့စဉ်လိုအပ်သည့် ဗီတာမင်စီပမာဏသတ်မှတ်ချက် ၇၅ မီလီဂရမ်နှင့် အမျိုးသားများအတွက် ၉၀ မီလီဂရမ်ကို အရွယ်ရောက်သူများအတွက် ၂၀၀ မီလီဂရမ်အထိ တိုးမြှင့်ပေးသင့်သည့် ခိုင်လုံသော အထောက်အထားရှိကြောင်း သုတေသီများက ထောက်ပြခဲ့ကြသည်။

ဗီတာမင်စီချို့တဲ့၍ ဖြစ်သောရောဂါ(စကာဗီ) ကာကွယ်ရဲ့သက်သက်ထက် အန္တရာယ်မဖြစ်ပေါ်စေဘဲ ဆဲလ်များနှင့် တစ်သျှူးများကို သန်စွမ်းစေမည့် ဗီတာမင်စီအမှန်တကယ်လိုအပ်ချက်စံနှုန်း သတ်မှတ်ပေးဖို့ ပိုမိုသင့်လျော်ကြောင်း၊ ဗီတာမင်စီ ဖြည့်စွက်စာအတွက် တစ်ရက်လျှင် ဒေါ်လာ တစ်ဆင့်သုံးစွဲရုံဖြင့် **စာမျက်နှာ ၅ ကော်လံ ၄ သို့** ❍

ကြေးမုံစာတည်းရှုထောင့် ၇-၈-၂၀၁၂[အင်္ဂါနေ့]။

ပြည်သူ့အကျိုးကို အလေးထားရှေးရှု

စားသောက်ကုန်ဥပဒေကို နိုင်ငံတိုင်းတွင် အလေးထားပြဋ္ဌာန်းလေ့ရှိပါသည်။ အများပြည်သူအကျိုးငှာ ဥပဒေကိုပြဋ္ဌာန်းပြီး စားသုံးသူများ စိတ်ချလုံခြုံစွာ စားသုံးနိုင်စေရန် တစ်ဖက်ကဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်ကလည်း အခြေအနေပေးလျှင်ပေးသလို မိမိအကျိုးစီးပွား တစ်ခုတည်းကိုသာ ရှေးရှုပြီး စားသုံးသူများကို လျစ်လျူရှုတတ်ကြသည်များလည်း ရှိပါသည်။

အစားအသောက်များကို လွယ်လွယ်လုပ်၊ များများထုတ်၊ များများ အမြတ်အစွန်းရအောင် လုပ်ဆောင်မှုများမှာ မိမိတို့နိုင်ငံတွင်သာမက အခြားနိုင်ငံများတွင်လည်း ရှိတတ်ပါသည်။ မကြာသေးမီက ကမ္ဘာကျော် အစားအစာထုတ်လုပ်ရေးလုပ်ငန်းများဖြစ်သည့် မက်ဒေါ်နယ်၊ ဘာဂါကင်း၊ ကင်တပ်ကီကြက်ကြော်နှင့် အခြားအသင့်စား အစားအသောက်များ ထုတ်လုပ်သည့် လုပ်ငန်းများမှာ ဥပဒေကို ချိုးဖောက်လျက်ရှိကြောင်း စပိန်နိုင်ငံက စွပ်စွဲထားသည်ကို ကြားသိရသည်။

အဆိုပါအစားအစာများကို သင်တို့မြင်ဖူးကြမည်ဖြစ်သည်။ ထိုအစား အစာများမှာ မည်မျှကောင်းပြီး မည်မျှအရောင်းသွက်ကြောင်းကိုလည်း ကြားဖူးမည်ဖြစ်သည်။ ထိုအစားအစာများမှ ဘေးထွက်ဆိုးကျိုး များများစားစား ရှိသည်မဟုတ်၊ ဥပဒေနှင့်ငြိစွန်းစေသည်မှာ ကလေးများလိုချင်တပ်မက်စေရန် အစားအစာနှင့်တွဲဖက်၍ ကစားစရာလေးများ ယှဉ်တွဲပါလာခြင်းဖြစ်သည်။ ဥပဒေကြောင်းမှာ အစားအစာများကို မရိုးမဖြောင့်သောနည်းဖြင့် မက်လုံးပေးပြီး မတရားစီးပွားရှာခြင်းဖြစ်ပါသည်။ ဘေးထွက်ဆိုးကျိုးရလဒ်မှာ ကစား စရာလိုချင်၍ အဆိုပါအစားအစာကို ကလေးများ ပိုမိုဝယ်ယူစားသုံးသဖြင့် ခြောက်နှစ်အရွယ်ကလေး လေးပုံတစ်ပုံသည် အဝလွန်လာသောကြောင့်ဟူ၏။

ထိုဖြစ်ရပ်မျိုးမှာ ကျွန်ုပ်တို့နိုင်ငံတွင် ရှေးပဝေသဏီကတည်းကရှိခဲ့၏။ မုန့်ပဲသရေစာ ခပ်ညံ့ညံ့တွင် ကစားစရာလေးများ ထည့်သွင်းလာသည်မှာ မထူးဆန်းသောကိစ္စဟု သဘောထားကြ၏။ ဘေးထွက်ဆိုးကျိုးရှိ၊ မရှိမှန်းလည်း မည်သူမျှမသိ၊ ဘာကြောင့် ဘာဖြစ်ကြသည်ကိုလည်း မည်သူမျှ ဆင်ခြင်ရ ကောင်းလည်းမသိနိုင်၊ ကိုယ့်ဘာသာကိုယ် သဘောရှိစားသုံးမိ၍ ကိုယ်ဖြစ် ကိုယ်ခံရုံသာ တော်သလိုနေခဲ့ကြသည်။

ထိုထက်ပိုဆိုးသည်မှာ ကလေးအစားအစာသာမက လူကြီးအစား အသောက်များတွင်ပါ မက်လုံးများ များများစားစားပါလာသည်ကို တွေ့ကြရ၏။ အစားအစာတွင် ဘေးထွက်ဆိုးကျိုးရှိသည်ကို သိလျက်နှင့်ပင် အပိုကြေး မက်လုံးလေးများ ထပ်ဆောင်းပေးလိုက်ပြန်ရာ ကျန်းမာရေးအတွက်သာမက ဘဝရှင်သန်ရေးအတွက်ပါ ရင်လေးဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အစားအသောက်နှင့် ဆေးဝါးအရည်အသွေး စစ်ဆေးရေးအဖွဲ့ ရှိပြီးသားဖြစ်သော်လည်း နည်းပညာအရလည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် အခက်အခဲရှိကောင်းရှိမည်ဖြစ်သည်။ ထိုအခါ စားသုံးသူများ၊ ကာကွယ်စောင့်ရှောက်ရေးအသင်းအဖွဲ့များက လူမှုရေးလှုပ်ရှားမှု အသွင်ဖြင့် ဒေသအနှံ့တွင် ဆောင်ရွက်သွားဦးမည်ဟု ကြားသိရရာ အများ ပြည်သူအကျိုးအတွက် ကောင်းသောဆောင်ရွက်ချက်ဟု ဆိုနိုင်ပါသည်။

မြန်မာတို့၏ အစဉ်အလာဖြစ်နေသော အလေ့အထမှာ သူ့အလုပ် သူလုပ်၊ ကိုယ့်အလုပ်ကိုယ်လုပ် ဘာသိဘာသာနေတတ်သော အလေ့အထ ဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် ပြည်သူလူထုဗဟိုပြု ဆောင်ရွက်မှု ပြုသောကာလ၌ ယင်းအလေ့အထများကို တဖြည်းဖြည်းပြုပြင်၍ အများ ပြည်သူအကျိုးစီးပွားကို ဦးထိပ်ထားဆောင်ရွက်ပေးကြရတော့မည့် အချိန် အခါဖြစ်ပါသည်။

ဒီမိုကရေစီအလေ့အကျင့် ခိုင်မာနေသော အခြားနိုင်ငံများ၌ နေရာ တကာ စေ့စေ့စပ်စပ်၊ တိတိကျကျ၊ သေသေချာချာ၊ ခိုင်ခိုင်မာမာ ဆောင် ရွက်တတ်သော အလေ့အထများရှိပါသည်။ ပြည်သူများအတွက် ဘေးထွက် ဆိုးကျိုးကိုပင်မဆိုထားနှင့် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းမှ သွေဖည် ၍ ကိုယ်ကျိုးစီးပွားရှေ့တန်းတင်မှုများကိုပင် လက်မခံနိုင်သော လုပ်ထုံး လုပ်နည်းများမှာ အများပြည်သူအကျိုးစီးပွားကို အစဉ်အလေးထား ရှေးရှု သော ဆောင်ရွက်ချက်များ ဖြစ်ပါသည်။ ။

ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၆

ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်ကောလိပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဖိတ်ခေါ်ကြက်တောင်ရိုက် ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်း ဒေသကြီး ကမာရွတ်မြို့နယ် သထုံလမ်းရှိ ကြက်တောင်ရိုက်အားကစားရုံ၌ ကျင်းပ ရာ အခမ်းအနားသို့ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက် မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်များ၊ တက္ကသိုလ်ကောလိပ်မှ ပါမောက္ခ ချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ဆုရရှိကြသော တက္ကသိုလ် ကောလိပ်ပေါင်းစုံမှ အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်**(ယာပုံ)**က ဒိုင်းဆု ရရှိသော အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်တို့အား ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်းလမ်းစည်းကမ်း ဟောပြော

ရေတာရှည် ဩဂုတ် ၆

ယာဉ်မတော်တဆမှုများ လျော့ကျ ရေးနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီခွဲတွင် ရေတာရှည်မြို့နယ် ဆွာမြို့အထက်တန်းကျောင်း၌ ကျင်းပရာ တောင်ငူခရိုင် ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ခံ ရဲအုပ်မြင့်အောင်၊ ဒုရဲအုပ် မျိုးလွင်၊ တပ်ကြပ်ကြီး ဇော်လင်းအောင် တို့က ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့် ပတ်သက်၍ ပညာပေးဟောပြောကာ လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။ အခမ်းအနားသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၆၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရ သည်။**(အောက်ပုံ)** (၅၇၈)



အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆ - ၈ - ၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၇၄. ၀၀၀	၀. ၀၀၁၁၅
ထိုင်း (ဘတ်)	၃၁. ၄၉၀၀	၀. ၀၃၁၇၆
တရုတ် (ယွမ်)	၆. ၃၇၄၉၉	၀. ၁၅၆၈၆
အိန္ဒိယ(ရူပီး)	၅၅. ၅၂၂၅	၀. ၀၁၈၀၁
မလေးရှား (ရင်းဂစ်)	၃. ၁၀၆၀၄	၀. ၃၂၁၉၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၁၇၀	၀. ၀၀၅၃၅
ဂျပန် (ယန်း)	၇၈. ၂၇၂၄	၀. ၀၁၂၇၈
တောင်ကိုရီးယား(ဝမ်)	၁၁၂၈. ၅၉	၀. ၀၀၀၈၉
ယူရို	၀. ၈၀၇၆၀	၁. ၂၃၈၂၃
ဗြိတိသျှ (ပေါင်)	၀. ၆၄၂၀၆	၁. ၅၅၇၄၉

အင်တာနက်။

မြဝတီရပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၈-၂၀၁၂ (အင်္ဂါနေ့)

၇း၀၅	တရားတော်	၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးဖျိုး (အပိုင်း-၄၅)**
၈း၁၅	ဇာတ်လမ်းတို		-ဟာသရုပ်စုံ
၄း၃၀	အလွမ်းတေးပန်းချီချစ်သူဆီ		-တစ်လအတွင်း အကြိုက်ဆုံးဗွီစီဒီတေးများ
၄း၃၅	အင်္ဂလိပ်စာသုတ		**-ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "နေမင်းကဲ့သို့ ထွန်းလင်းသော" (အပိုင်း-၂၅)**
၅း၀၀	သာယာသီကြွေး ခေတ်ဆန်းတေး		
၅း၂၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်မြင်ဒုတိယတွဲ (အပိုင်း-၂၄)**		
၆း၂၅	Guide for You		
၆း၃၀	အောင်မြင်ခြင်းလမ်းမ		-Mini Series

ရန်ကုန်မြို့ လှိုင်မြို့နယ် အေးရိပ်မွန်(၂)လမ်းနေ ကွယ်လွန်သူ ဦးတင်ထွင့်၏ (၅)နှစ်ပြည့် အလှူအဖြစ် ကျန်ရစ်သူ ဇနီး ဒေါ်ခင်ထွေးရီနှင့် သားသမီးများက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် သုံးသိန်း လှူဒါန်းစဉ်။

(ကြေးမုံ)

သန်လျင်လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်းသို့ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ ပစ္စည်းများလှူဒါန်း

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှုထမ်းရပ်ကွက် အမှတ်(၂၉) ကျိုက်ခေါက် ဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန သန်လျင်လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်းသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး ဦးဆောင်သည့် မိသားစုဝင်များက ဩဂုတ် ၅ ရက်တွင် အမေရိကန် ဒေါ်လာ ၂၀၀၀ ခန့်တန်ဖိုးရှိ ပစ္စည်းများ လာရောက်လှူဒါန်းခဲ့ကြသည်။

သံအမတ်ကြီး H.E.Mr. Sebastianus Sumarsono က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမေရိကန်ဒေါ်လာ ၂၀၀၀ ခန့်တန်ဖိုးရှိ စောင် အထည် ၂၀၀၊ ရေသန့်စက် သုံးလုံး၊ ဆန် ၁၀ အိတ်နှင့် စားသောက်ဖွယ်ရာများကို သန်လျင်လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်ကျော်ဦးထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အင်ဒိုနီးရှားသံရုံးမိသားစုဝင်များသည် နှစ်နိုင်ငံချစ်ကြည်ရေးအရ လူမှုရေး အလှူများ၊ သွေးလှူဒါန်းခြင်း၊ နှစ်စဉ် လူငယ်သင်တန်းကျောင်းများ၊ ဘိုးဘွား ရိပ်သာများသို့ လှူဖွယ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

ယခုနှစ်တွင် သန်လျင်လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်းသို့ လာရောက် လှူဒါန်းခြင်းဖြစ်ပြီး ယင်းသင်တန်းကျောင်းသည် ကလေးသူငယ်ဥပဒေအရ ကာကွယ် စောင့်ရှောက်မှု လိုအပ်သော အသက် (၆) နှစ်မှ (၁၈) နှစ်အောက် ကလေးသူငယ်များ အား ထိန်းသိမ်းစောင့်ရှောက်ထားသည့်ကျောင်းဖြစ်ပြီး ယခင်ကမ္ဘာအေးလူငယ် သင်တန်းအား သန်လျင်လူငယ်သင်တန်းကျောင်းအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ထားခြင်း ဖြစ်သည်။ လက်ရှိတွင် ကျောင်းသား ၁၄၂ ဦးရှိပြီး ၆၂ ဦးကို ပညာသင်ကြားပေးလျက် ရှိကြောင်း သိရသည်။ (၀၀၁)

ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဩဂုတ် ၆

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

☆ရှေ့ဖုံးမှ

ပဋိညာဉ်စာချုပ်မူကြမ်းကို ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ စိစစ်ကာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့် ရရှိသည်နှင့် ဘီအိုတီပဋိညာဉ်စာချုပ်ကို ချုပ်ဆိုပါကြောင်း။

ဘီအိုတီပဋိညာဉ်စာချုပ်ပါ အဓိက အချက်အလက်များကို အများပြည်သူ သိရှိစေရန်အတွက် ဖော်ပြရလျှင် ဘီအိုတီ သက်တမ်းကာလအား နှစ်(၄၀)သတ်မှတ် ပေးထားပါကြောင်း၊ တည်ဆောက်ချိန် ကာလ (၃)နှစ်အတွင်း သတ်မှတ်စံချိန် စံညွှန်းအတိုင်း တည်ဆောက်ရာတွင် လမ်းလုပ်ငန်းများကို တစ်နေ့ပျမ်းမျှ ယာဉ်စီးရေ စာရင်းအရ လမ်းအကျယ်ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဘီအိုတီ လုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီသည် လမ်း လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီး ဌာနက သတ်မှတ်ထားသည့် စံချိန်စံညွှန်း များအတိုင်း ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့နှင့် အင်ဂျင်နီယာမှူးကြီးတို့၏ စိစစ်ထောက်ခံချက်တို့ဖြင့် လမ်းအသုံး ပြုခကို ဘီအိုတီနှုန်းဖြင့် စတင်ကောက်ခံ ခွင့်ရှိပါကြောင်း၊ လမ်းများနည်းတူ တံတားများကိုလည်း တန်(၆၀)ခံနိုင်ဝန် သံကူကွန်ကရစ်တံတားများဖြင့် တည် ဆောက်ပေးရမည်ဖြစ်ပါကြောင်း၊ ပေ (၁၈၀)နှင့်အထက် တံတားများအတွက် တံတားအသုံးပြုခကို နိုင်ငံတော်မှ တည် ဆောက်သည့် တံတားများအား လေလံ စနစ်ဖြင့်လည်းကောင်း၊ ဘီအိုတီကုမ္ပဏီမှ တည်ဆောက်သည့် တံတားများ အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက တွက်ချက် ခွင့်ပြုသည့်နှုန်းဖြင့် လည်းကောင်း ကောက်ခံကြပါကြောင်း၊ လမ်းတည် ဆောက်ပြီးစီးပါက လမ်းအသုံးပြုခ ကောက်ခံရငွေမှ နိုင်ငံတော်သို့ သတ်မှတ် ထားသည့် အခွန်နှုန်းထားများကို ပေး သွင်းရပါကြောင်း၊ သက်တမ်းကာလ ပြီးဆုံးပါက ခွင့်ပြုထားသော လမ်း၊ တံတားဂိတ်နှင့် အဆောက်အအုံများကို ဖောက်လုပ်ပြီးစီးချိန်က ရှိနေသော ကောင်းမွန်သည့် အနေအထားအတိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်း ရမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်၏ **မဟာသင်္ကြန် ရုံးပိတ်ရက်ကို (၄)ရက် သို့မဟုတ် အကြွတ် (၂)ရက် ဖြစ်ပါက (၅)ရက်သာ ပြန်လည်သတ်မှတ်ပေးရန်** မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဖြေကြားရာတွင် မဟာ သင်္ကြန်ရုံးပိတ်ရက်နှင့် ပတ်သက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ၏ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ (၁၆)ရက်က ကြေညာချက်အမှတ် (၁/၂၀၀၇)ဖြင့် နှစ်သစ်ကူးရုံးပိတ်ရက် သတ်မှတ်ခဲ့ပြီး သင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ နှစ်သစ်ကူးအခါသမယ ဖြစ်ပါကြောင်း၊ ထိုနှစ်သစ်ကူးအခါသမယတွင် မြန်မာ့ ရိုးရာ ရေပက်ဖျန်းကစားခြင်း၊ စေတီပုထိုး များအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန် ဘုရားများသို့ သွားရောက်၍ ဥပုသ် သီတင်း ဆောက်တည်ခြင်း၊ သက်ကြီး ရွယ်အို အဘိုးအဘွားများအား ကန်တော့ ခြင်း၊ အလှူအတန်းများ ပြုလုပ်ခြင်း စသည်တို့ ပြုလုပ်နိုင်ရန်နှင့် နိုင်ငံ့ဝန်ထမ်း များ တစ်နှစ်တာအတွက် အနားယူအပန်း ဖြေနိုင်စေရန်အတွက် နှစ်စဉ်သင်္ကြန်အကြို နေ့မတိုင်မီ တစ်ရက်မှစ၍ (၁၀)ရက် တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ၏ နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ် သတ်မှတ် လိုက်သည်ဟု ထုတ်ပြန်ကြေညာထားခဲ့ပါ ကြောင်း၊ လက်ရှိလည်း မြန်မာလူမျိုးတို့၏ ကောင်းမွန်သော အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းကျင့်သုံးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍ၌ အစည်း အဝေး နဝမနေ့တွင် တင်သွင်းခဲ့သော မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာ သန်းဝင်း၏ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မရှင် တစ်ရပ် ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှု မြှင့်တင်ရေး စီမံချက်ချ ဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို၊ ကလောမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်သန်းငွေ၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန်၊ ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ၊ ပန်းဘဲတန်း မဲဆန္ဒနယ်မှ ဦးအောင်ဆန်း၊ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်နှင့် ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေးမြင့်တို့က ဆွေးနွေးကြရာတွင် ပြောင်းလဲလာသည့် မိမိတို့ ဒီမိုကရေစီ နိုင်ငံသစ်တွင် နိုင်ငံတကာနှင့် စီးပွားရေး၊ လူမှုရေး ကူးလူးရောယှက်လာတော့ မည်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုများကို စည်းကမ်းတကျ ကြိုတင်ထိန်းသိမ်းကြရန် လိုအပ်သကဲ့သို့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဓာတ်လည်း မွေးကြရန်လိုပါကြောင်း၊ ဂီတ၊ ရုပ်ရှင်၊ သဘင် သရုပ်ပျက်မှုများကိုလည်း သတိ ပြုကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုကို အကြောင်းပြုပြီး အခြား ဘာသာ၊ ယဉ်ကျေးမှု၊ လူမျိုးကိုမထိ ခိုက်ရန်နှင့် ပဋိပက္ခမဖြစ်ရန်လည်း ဆင်ခြင်ကြရမည် ဖြစ်ပါကြောင်း။

လူငယ်များအား ယဉ်ကျေးမှုအသိရှိ စေရန် ကျောင်းတွင်းပညာရေးတွင် ၁၉၅၃ ခုနှစ်ခန့်အထိ ကျင့်သုံးခဲ့သည့် ပြည်သူ့နီတိ ကဲ့သို့ ဘာသာရပ်မျိုးကို ထိထိ ရောက်ရောက်သင်ကြားပေးရန် လိုအပ်ပါ ကြောင်း။

ယနေ့ခေတ် မိမိတို့ရိုးရာဝတ်စုံကို ပစ်ပယ်ကာ ထူးထူးဆန်းဆန်း ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန်ဆိုပြီး နှစ်သက်ရာ ခေတ်ပေါ်အဝတ်အစားများကို ပြောင်းလဲ ဝတ်ဆင်လာကြပါကြောင်း၊ ရိုးရာဝတ်စုံ များကို လူကြီးပိုင်းလောက်သာ ဝတ်ဆင် ကြသည်ကိုတွေ့ရပြီး လူငယ်များသည် ခေတ်ရေစီးကြောင်းအရ ဝတ်စား ဆင်ယင်မှု ပြောင်းလဲလာကြပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့်လုံးဝမကိုက်ညီသော သရုပ်ပျက်ဝတ်စားဆင်ယင်မှု အခြေအနေ ရောက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ သို့ဖြစ်၍ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မရှင် တစ်ရပ်ဖွဲ့စည်း၍ ယဉ်ကျေးမှုမြှင့်တင်ရေး စီမံချက် ဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း။

မြန်မာ့ယဉ်ကျေးမှုသည် ဘာသာ တရား၏ အဆုံးအမအောက်တွင် မွေးဖွားရှင်သန်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက် ကွယ်သွားနိုင်သကဲ့သို့ အမျိုးသား ယဉ်ကျေးမှုကို မစောင့်ရှောက်လျှင်လည်း အမျိုးသားရေး စရိုက်လက္ခဏာများ ပျောက်ကွယ်သွားနိုင်ပါကြောင်း၊ ယနေ့ ခေတ် သိပ္ပံနည်းပညာရပ်များ အရှိန် အဟုန်ဖြင့် တိုးတက်ပြောင်းလဲပြီး ယဉ်ကျေးမှုကူးစက်လွယ်သည့်ခေတ်၌ ကိုယ့်ယဉ်ကျေးမှုဓလေ့ထုံးစံ အစဉ်အလာ များကို ကောင်းစွာထိန်းသိမ်းစောင့် ရှောက်ကြရန် အထူးပင်အရေးကြီးပါ ကြောင်း၊ မျိုးချစ်စိတ်ဓာတ် အခြေခံ ကောင်းများ ရင့်ကျက်ပြီး မိဘများက လည်း မိမိတို့၏သားသမီးများအပါအဝင် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ် များအား အမျိုးသားရေးအသိအမြင်၊ အတွေးအခေါ်၊ စိတ်ဓာတ်များ နိုးကြား ရှင်သန်ခိုင်မာလာစေရန် စိတ်ဓာတ် အမွေခံကောင်းများကို လက်ဆင့်ကမ်း သွားကြရန် လိုအပ်ပါကြောင်း။

ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့် ရှောက်မည်ဆိုပါက ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ(၂)ပိုင်း ခွဲနိုင်ပါကြောင်း၊ ရုပ်ပိုင်းဆိုင်ရာတွင် အဆောက်အအုံ၊

လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

စေတီပုထိုးများ၊ အသုံးအဆောင်များ၊ ရုပ်ပုံနှင့် စာပေအရေးအသားများ ပါဝင် မည်ဖြစ်ပြီး စိတ်ခံစားမှုပိုင်းတွင် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်နှင့် အဆို၊ အက၊ အရေး၊ အတီးစသည့် အနုပညာတို့ ပါဝင်မည်ဖြစ်ပါကြောင်း၊ ရှေးဟောင်း အဆောက်အအုံ၊ စေတီပုထိုးများသည် ဟောင်းလေကောင်းလေ ဆိုသကဲ့သို့ နိုင်ငံ့ယဉ်ကျေးမှုအမွေအနှစ် ဖြစ်ပါ ကြောင်း၊ ရှေးဟောင်းလက်ရာမပျက် (ရှေးမူမပျက်) ထိန်းသိမ်းထားနိုင်လေ ကောင်းလေ ဖြစ်ပါကြောင်း၊ သမိုင်းဝင် ယဉ်ကျေးမှု အဆောက်အအုံများကို နိုင်ငံတော်ကသာ ဆက်လက်ထိန်းသိမ်း သင့်ပါကြောင်း၊ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်နှင့် အနုပညာခံစားမှု အပိုင်းတွင် ရှေးဟောင်းအယူအဆများကို အသေဆုပ်ကိုင်ထားရန် မလိုအပ်သော် လည်း အရိုးကိုအရွက်မဖုံးစေရေးကို သတိပြုရန် လိုပါကြောင်း၊ မိဘ၊ ဆရာနှင့် တာဝန်ရှိသူများက ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ရေးအတွက် သွန်သင်လမ်းပြ ရမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ၌ တိုင်းရင်း သားများ၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမည်ဟု ပါရှိသည့် အတိုင်း အကောင်အထည်ဖော်ဆောင် ရွက်ပေးပါရန် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနသို့ တိုက်တွန်းမေတ္တာရပ်ခံ ကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာ များ မပပျောက်စေရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုးတက် ပြန့်ပွားစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီကို ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါ ကြောင်း။

ယခုအခါ မြန်မာနိုင်ငံ အမျိုးသား ယဉ်ကျေးမှုဗဟိုကော်မတီသည် မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေး စရိုက်လက္ခဏာများ ပိုမိုတိုးတက် ရှင်သန်ရေးနှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးတို့အတွက် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်အစဉ် အလာကောင်းများကို ပြည်သူအများ ထိန်းသိမ်းလိုက်နာဆောင်ရွက်နိုင်စေရန် အတွက် နှိုးဆော်ဆောင်ရွက်လျက်ရှိ ရာ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့် ပတ်သက်၍ မြန်မာ့ယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးစံများနှင့်အညီ ပါဝင်ဆင်နွှဲကြပါ ရန် တိုက်တွန်းနှိုးဆော်ချက်များကို သတင်း စာ၊ ရေဒီယို၊ ရုပ်မြင်သံကြား စသည့် မီဒီယာများမှတစ်ဆင့် နှစ်စဉ် ဖော်ပြ ထုတ်လွှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ သတင်းဆက်သွယ်မှု နည်းပညာများ တိုးတက်ဖွံ့ဖြိုးလာသည် နှင့်အညီ နိုင်ငံတကာယဉ်ကျေးမှုများ ပျံ့နှံ့ဝင်ရောက်မှုနှုန်း မြန်ဆန်လာသည့် အားလျော်စွာ အမျိုးသားယဉ်ကျေးမှု မြှင့်တင်ရေး လုပ်ငန်းများကို ကျယ်ကျယ် ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက် နိုင်ရန်အတွက် ဖွဲ့စည်းထားရှိပြီးဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီတွင်လိုအပ်သည့် ပညာ ရှင်များ၊ ပုဂ္ဂိုလ်များပါဝင်သည့် ပါဝင် ထိုက်သူများကို ထပ်မံထည့်သွင်း ဖွဲ့စည်း ခြင်း၊ ကော်မတီ၏ရည်ရွယ်ချက်၊ လုပ် ပိုင်ခွင့်၊ လုပ်ငန်းတာဝန်များကို မူလ သတ်မှတ်ချက်များအပြင် ထပ်မံဖြည့်စွက် ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ် ကြီးတင်ပြသည့် ကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် မလိုအပ်တော့ပါသဖြင့် အဆိုအား ပြန်လည်ရုပ်သိမ်းပေးပါရန် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော် ၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူများ သည့်အတွက် အဆိုအတည်မဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍ၌ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **၁၉၅၀ ပြည့်နှစ် အရေးပေါ် စီမံမှု အက်ဥပဒေ (အက်ဥပဒေ အမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်း** ကို တင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးသောင်းက ဖတ်ကြားရှင်းလင်း တင်ပြသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာ မည်ဖြစ်ပြီး ပြင်ဆင်ချက် အဆိုတင်သွင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စား လှယ်များအနေဖြင့် ဩဂုတ် ၉ ရက် နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ ကြရန်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေး၌ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့ အစည်းအဝေးကို ညနေ ၄ နာရီတွင် ရပ်နားပြီး အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ် ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

ဂျာနယ်နှစ်စောင်အား ထုတ်ဝေခွင့်ယာယီရပ်ဆိုင်း အရေးယူမှုနှင့်ပတ်သက်၍ စာပေစိစစ်က သက်ဆိုင်ရာဂျာနယ်များကို တွေ့ဆုံပြောကြား

ရန်ကုန် ဩဂုတ် ၆

ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့် စာပေစိစစ် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့က ထုတ်ပြန်ထား ရှိသည့် ညွှန်ကြားချက်(၄၄)ကို ဖောက်ဖျက်ခဲ့မှုအတွက် စာပေ စိစစ်နှင့် မှတ်ပုံတင်ဌာန တာဝန်ရှိသူများက The Voice Weekly ဂျာနယ်နှင့် Envoy ဂျာနယ်တို့မှ ထုတ်ဝေသူနှင့် စာတည်းအဖွဲ့များအား ယနေ့မွန်းလွဲပိုင်းတွင် ထပ်မံတွေ့ဆုံပြီး ထုတ်ဝေခွင့်ယာယီရပ်ဆိုင်း အရေးယူခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ထိုသို့တွေ့ဆုံရာတွင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာ ဂျာနယ်များမှ ထုတ်ဝေသူနှင့် စာတည်းအဖွဲ့များတက်ရောက်ခဲ့ကြပြီး စည်းကမ်းဖောက်ဖျက်ခဲ့ မှုအတွက် ထုတ်ဝေခွင့်ရပ်ဆိုင်းသည့်ကာလအား ရက်သတ္တပတ် နှစ်ပတ် သတ်မှတ်ကြောင်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ ပြောကြားသည်။ ယင်းနောက် ဂျာနယ်ပုံနှိပ်ထုတ်ဝေခြင်းကိစ္စရပ် များနှင့်ပတ်သက်၍ စာပေစိစစ်နှင့် ဂျာနယ်များအကြား တွေ့ကြုံ နေရသည့် အခက်အခဲပြဿနာများကို အပြန်အလှန်ဆွေးနွေး ကြပြီး ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များအား နှစ်ဖက် ပွင့်ပွင့်လင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

Envoy ဂျာနယ်သည် ကြီးကြပ်မှုဗဟိုအဖွဲ့က ထုတ်ပြန် ထားသည့် ညွှန်ကြားချက်များနှင့် ညီညွတ်မှုမရှိခြင်းအတွက် ၂၀၁၂ ခုနှစ် မေ ၅ ရက်တွင် သက်ဆိုင်ရာထုတ်ဝေသူနှင့် စာတည်းအဖွဲ့အား ခေါ်ယူသတိပေးဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ The Voice Weekly ဂျာနယ် စာတည်းမှူးချုပ်နှင့် စာတည်းအဖွဲ့ကိုလည်း ၂၀၁၂ ခုနှစ် ဇွန် ၁၈ ရက်တွင် ခေါ်ယူ သတိပေးဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုထပ်မံစည်းကမ်း ဖောက်ဖျက်ခဲ့သည့်အတွက် အခြားရွေးချယ်ရန် နည်းလမ်း မရှိသည့်အဆုံး ထုတ်ဝေခွင့် နှစ်ပတ်ရပ်ဆိုင်းသော ပြစ်ဒဏ် ချမှတ်ခြင်းဖြစ်ကြောင်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနတာဝန် ရှိသူက ပြောကြားသည်။

ပြည်သူကရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီအစိုးရ တာဝန်ယူခဲ့ပြီးနောက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ထုတ်ဝေသူများနှင့်စပ်လျဉ်း၍ မူဝါဒနှစ်ရပ်ချမှတ်ခဲ့ကြောင်း၊ ပထမမူဝါဒမှာ ပုံနှိပ်ဥပဒေသစ် မပြဋ္ဌာန်းနိုင်မီအတွင်း ၁၉၆၂ ခုနှစ် ပုံနှိပ်သူနှင့်ထုတ်ဝေသူဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို စပ်ကူးမပ်ကူးကာလနှင့် သဟဇာတ ဖြစ်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ဒုတိယမူဝါဒမှာ ပုံနှိပ်မီဒီယာဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရေး လေ့လာစုစည်းရေးဆွဲရန်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ဆက်လက်၍ ၎င်းက ပထမမူဝါဒအရ ၂၀၁၁ ခုနှစ် ဇွန်လမှ ၂၀၁၂ခုနှစ် မေလအတွင်း စာပေစိစစ်ရေး မူဝါဒ များအား အဆင့်(၄)ဆင့် သတ်မှတ်ပြောင်းလဲလျှော့ချပေး ခဲ့ပြီးဖြစ်ကာ ပဉ္စမအဆင့် ပြောင်းလဲရေးကို အမြန်သုံးသပ် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယမူဝါဒဖြစ်သော ပုံနှိပ်မီဒီယာ ဥပဒေသစ်မူကြမ်း ရေးဆွဲနေမှုနှင့် ပတ်သက်၍ ၂၀၁၁ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း ဝန်ကြီးဌာနက အပြီးသတ် ရေးဆွဲခဲ့ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ၂၀၁၂ခုနှစ် ဇန်နဝါရီလတွင် ပထမမူကြမ်း၊ ၂၀၁၂ ခုနှစ် ဧပြီလတွင် ဒုတိယမူကြမ်း၊ ၂၀၁၂ ခုနှစ် မေလတွင် တတိယမူကြမ်း၊ ၂၀၁၂ခုနှစ် ဇွန်လအတွင်းတွင် စတုတ္ထမူကြမ်းနှင့် ပဉ္စမမူကြမ်းစသဖြင့် အပြန်အလှန်ပေးပို့ညှိနှိုင်းပြင်ဆင် ဖြည့်စွက်ခဲ့ကြောင်း၊ ယင်းနောက် ၂၀၁၂ ခုနှစ် ဇွန်လတွင် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ပြီး နိုင်ငံတော်သမ္မတ၏ ဥပဒေ အကြံပေးအဖွဲ့၏ အကြံပြုချက်များကို ၂၀၁၂ ခုနှစ် ဇူလိုင်လ အတွင်း ပြန်လည်လက်ခံရရှိခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ယင်းအကြံပြုချက်များအပေါ် ဝန်ကြီးဌာနနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့ အပြန်အလှန် ညှိနှိုင်းပြင်ဆင်ပြီး နိုင်ငံတော် သမ္မတရုံးသို့ ပြန်လည်တင်ပြ အတည်ပြုချက်ရယူကာ ယခု ကျင်းပလျက်ရှိသည့် လွှတ်တော်သို့ ဆက်လက်တင်ပြနိုင်ရန် အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ အဆင့်ဆင့် ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း တည်ဆဲ ၁၉၆၂ ခုနှစ် ပုံနှိပ်သူနှင့် ထုတ်ဝေသူ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်အချို့ကို အသုံးပြု နေရဆဲဖြစ်ကြောင်း၊ ယင်းသို့သော အခြေအနေနောက် အချိန်အခါ မျိုး၌ ၎င်းဂျာနယ်နှစ်စောင်အား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ခဲ့ရခြင်းသာဖြစ်ပါကြောင်း ရှင်းလင်းပြောကြား ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၇-၈-၂၀၁၂ (အင်္ဂါနေ့)

- ၅း၄၀ "ဆရာတော် အရှင်ပါကဋ္ဌာလင်္ကာရ" ဟောကြားတော်မူသော တရားတော်
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၁း၂၅ Golden Minute
- ၂း၃၅ ကုသိုလ်ပြုဆင်နွှဲ ရှင်အပါး (၁၆၀၀) ပြည့်သာသနာ့အမွေခံယူပွဲ
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၁၀၇)**
- ၈း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကောင်းကင်ရိပ်မြုံ" (အပိုင်း-၁၉)**
- ၉း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဖူးစာရှင်ကိုလူချော" (အပိုင်း-၂၁)**
- ၁၀း၂၀ London Olympics Football Match (Men) (Semifinal) (LIVE)
- ၁း၀၅ London Olympics Football Match (Men) (Semifinal) (LIVE)
- ၃း၀၅ London Olympics Triathlon (DELAY)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို အစဉ်စိုက် ရွှေတိုက်ကိုစိုး

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ယူရိုဇုန်ငွေကြေးပြဿနာကြောင့် ဥရောပတိုက်ပြိုကွဲမည့် အန္တရာယ်ရှိလာနိုင်

ရောမ ဩဂုတ် ၆

ဥရောပကြွေးမြီပြဿနာ ဖြေရှင်းရေးနှင့်ပတ်သက်၍ ယူရိုငွေကြေးသုံးစွဲသောနိုင်ငံများအကြား ပေါ်ပေါက်နေသည့် တင်းမာမှုများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လက်ညှိုးထိုး အပြစ်ပုံချနေသော အခြေအနေသို့ကူးပြောင်းနေပြီဖြစ်ရာ ဥရောပတိုက်စည်းလုံးမှုပြိုကွဲမည့် အန္တရာယ်ရှိလာနိုင်ကြောင်း အီတလီဝန်ကြီးချုပ်မာရီယိုမွန်တီက ဩဂုတ် ၆ ရက်တွင် သတိပေးခဲ့သည်။

မြင့်တက်လာ

ဥရောပကြွေးမြီပြဿနာနှင့်ပတ်သက်၍ ဂျာမနီ၊ ဥရောပသမဂ္ဂနှင့်ဂျာမန်အမိပတီ အင်ဂျလာမာကယ်လ်တို့အပေါ် မကျေမလည်ဖြစ်မှုများသည် အီတလီနိုင်ငံအတွင်း တဖြည်းဖြည်း မြင့်တက်လာကြောင်း အီတလီဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ယင်းအပြင် ယူရိုငွေကြေးပြဿနာဆိုင်ရာ ဖိအားများ



ကြောင့် ဥရောပနိုင်ငံများအတွင်း စိတ်ဓာတ်ရေးရာအရ ပြိုကွဲမည့်လက္ခဏာများ ပေါ်ပေါက်ခဲ့ရကြောင်း အီတလီဝန်ကြီးချုပ်မာရီယိုက ဝေဖန်သုံးသပ်ခဲ့သည်။

ဥရောပနိုင်ငံများအတွင်း ယူရိုငွေကြေးပြဿနာနှင့် စပ်လျဉ်း၍ သဘောထားကွဲပြားမှုများ နက်ရှိုင်းလာမှုအပေါ် မိမိစိုးရိမ်မကင်းဖြစ်ရကြောင်း၊ ယင်းပြဿနာကို ထိန်းချုပ်ရေးအတွက် ဥရောပအစိုးရအဖွဲ့များအနေဖြင့် ဝါယမစိုက် အားထုတ်သင့်ကြောင်း အီတလီဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဥရောပကော်မရှင်၊ ဥရောပဗဟိုဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)တို့၏ သုံးပွင့်ဆိုင်ဘဏ္ဍာရေးကယ်ဆယ်မှုအစီအစဉ်နှင့် ပတ်သက်၍ ဆွေးနွေးပွဲတစ်ရပ်၌ ဘဏ်လုပ်ငန်းများပြိုလဲမှုကို ရှောင်လွှဲနိုင်ရန် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်ရေးအတွက် ဂရိနိုင်ငံက ကတိကဝတ်ပြုခဲ့ပြီးနောက် အီတလီဝန်ကြီးချုပ်၏ သဘောထားမှတ်ချက်ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ငွေကြေးအကျပ်အတည်းနှင့်ကြုံနေရသော ဂရိနိုင်ငံအား အကူအညီပေးအပ်နေမှုများကို ရပ်ဆိုင်းသင့်ကြောင်း ဂျာမန်ဘဏ္ဍာရေးဝန်ကြီးက ယခုသီတင်းပတ်ကုန်အတွင်း ပြောကြားခဲ့ပြီးနောက် ဥရောပနိုင်ငံများအတွင်း သဘောထားကွဲပြားမှုများ ပေါ်ထွက်ခဲ့သည်။

ဒေးလီးတယ်လီဂရပ်။

ကျူရီယိုစီတီ အာကာသယာဉ် အင်္ဂါပြိုဟ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ပြီး နောက် နာဆာသိပ္ပံပညာရှင်များ ဝမ်းမြောက်ဟော်ရွှင်နေသည်ကို တွေ့ရစဉ်။

ကျူရီယိုစီတီ အာကာသယာဉ် အင်္ဂါပြိုဟ်ပေါ်သို့ အောင်မြင်စွာဆင်းသက်

ပါဆာဒီးနား ဩဂုတ် ၆

အခြားသောပြိုဟ်များထံ စေလွှတ်ခဲ့ဖူးသမျှ အာကာသယာဉ်များအနက် အရွယ်အစားအကြီးဆုံးနှင့် နည်းပညာအရ အဆင့်အမြင့်ဆုံးဖြစ်သော ကျူရီယိုစီတီ အင်္ဂါပြိုဟ်လေ့လာရေး အာကာသယာဉ်သည် အင်္ဂါပြိုဟ်မျက်နှာပြင်ပေါ်သို့ တနလ်ာနေ့ အစောပိုင်းတွင် အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)က ပြောကြားသည်။

နာဆာအဖွဲ့၏ အင်္ဂါပြိုဟ်လေ့လာရေးမစ်ရှင်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်နေသော ကျူရီယိုစီတီအာကာသယာဉ်သည် အင်္ဂါပြိုဟ်မျက်နှာပြင်ပေါ်ရှိ ဂေးလ်ချိုင့်ဝှမ်းအတွင်း သတ်မှတ်နေရာသို့ တနလ်ာနေ့ အရှေ့တိုင်းစံတော်ချိန် နံနက် ၁ နာရီ ၃၁ မိနစ်တွင် ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

နည်းပညာအရ အဆင့်အမြင့်ဆုံး သိပ္ပံပညာဆိုင်ရာပစ္စည်း ကိရိယာများသယ်ဆောင်သွားသည့် ကျူရီယိုစီတီအာကာသယာဉ်သည် အင်္ဂါပြိုဟ်ပေါ်၌ သက်ရှိများရှင်သန်နိုင်စွမ်းရှိ၊ မရှိနှင့်ပတ်သက်၍ အထောက်အထားများ စုဆောင်းရယူသွားမည်ဖြစ်သည်။

လေ့လာသွားမည်

အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကုန်ကျခဲ့သည့် ကျူရီယိုစီတီအာကာသမစ်ရှင်သည် အင်္ဂါပြိုဟ်ပေါ်၌ သက်ရှိများရှင်သန်နိုင်စွမ်းရှိ၊ မရှိကို လေ့လာစူးစမ်းရန် ကြိုးပမ်းမည့်အပြင် ယင်းပြိုဟ်၏ ရာသီဥတုနှင့် ဘူမိဖွဲ့စည်းပုံများကိုလည်း လေ့လာသွားမည်ဖြစ်သည်။

အင်္ဂါပြိုဟ်ပေါ်သို့ အနာဂတ်ကာလတွင် လူသားများ စေလွှတ်ရေးစီမံကိန်းအတွက် ကျူရီယိုစီတီအာကာသမစ်ရှင်က အထောက်အကူပြုလိမ့်မည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

ယူပီအိုင်။

ပင့်ဇီဝဆေးဝါးများနေရာတွင် အစားထိုးနိုင်မည့် နည်းလမ်းသစ် သုတေသီများတွေ့ရှိ

ဆစ်ဒနီ ဩဂုတ် ၆

ပင့်ဇီဝဆေးဝါးများနေရာတွင် အစားထိုးအသုံးချနိုင်သည့် နည်းလမ်းသစ်တစ်ရပ် ရှာဖွေရေးလုပ်ငန်းစဉ်အတွင်း ဩစတြေးလျသုတေသနပညာရှင်များသည် အရေးကြီးသော လေ့လာတွေ့ရှိချက်တစ်ရပ်ကို လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း ဩဂုတ် ၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဏုဇီဝပိုးမွှားများသည် ပင့်ဇီဝဆေးဝါးများဒဏ်ကို ပိုမိုခံနိုင်ရည်ရှိလာသည်နှင့်အမျှ ပင့်ဇီဝဆေးဝါးများ၏ အာနိသင်သည်လည်း ထိရောက်မှုကျဆင်းလာရာ ယင်းဆေးဝါးများ အသုံးမပြုဘဲ ရောဂါဘယများကုသနိုင်မည့် နည်းလမ်းသစ်များရှာဖွေရေးသည် အရေးကြီးကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ပလိုင်းစီ(Ply C)ဟုခေါ်သော ဗက်တီးရီးယားပိုးမွှားများကို ချေမှုန်းနိုင်သည့် သက်စောင့်ပရိုတိန်းတစ်မျိုးအား ပင့်ဇီဝဆေးဝါးများနေရာတွင် အစားထိုးသုံးစွဲနိုင်ရန် ဩစတြေးလျနိုင်ငံမဲလ်ဘုန်းမြို့ မိုနက်ရှိတက္ကသိုလ်မှ သုတေသီများက မျှော်လင့်ထားသည်။

ရပ်တန့်ခဲ့ရ

ပလိုင်းစီ သက်စောင့်ပရိုတိန်းကို ကူးစက်ရောဂါများအတွက် အသုံးပြုနိုင်ဖွယ်ရှိသည့် ကုထုံးတစ်လက်အဖြစ် ၁၉၂၅ ခုနှစ်ကပင် ဖော်ထုတ်နိုင်ခဲ့သော်လည်း ပင့်ဇီဝဆေးဝါးများ ပေါ်ထွက်လာမှုကြောင့် ပလိုင်းစီသုတေသနလုပ်ငန်းများ ရပ်တန့်ခဲ့ရသည်။

ပလိုင်းစီ သက်စောင့်ပရိုတိန်းသည် ဗက်တီးရီးယားပိုး၏ မျက်နှာပြင်တွင် တွယ်ကပ်ကာ ယင်းပိုးကို ချေမှုန်းရေးအတွက် အတွင်းပိုင်းသို့ ထိုးဖောက်နိုင်စွမ်းရှိသည်။ လည်ချောင်းနာခြင်းနှင့် အဆုတ်အအေးပတ်ရောဂါ(နမိုးနီးယား) ကဲ့သို့သော ဝေဒနာများကို ဖြစ်ပွားစေသည့် ဗက်တီးရီးယားများအား ပလိုင်းစီ သက်စောင့်ပရိုတိန်းက ချေမှုန်းနိုင်စွမ်းရှိသည်။

ပလိုင်းစီသက်စောင့်ပရိုတိန်းကို ဆေးဝါးများအတွင်း ထည့်သွင်းနိုင်ရေးအတွက် အရေးကြီးသော အဆင့်တစ်ရပ်ဖြစ်သည့် အက်တမ်ဖွဲ့စည်းပုံ လေ့လာဖော်ထုတ်မှုအား ဩစတြေးလျနှင့် အမေရိကန်သိပ္ပံပညာရှင်များက လုပ်ဆောင်နေခဲ့ပြီးဖြစ်သည်။

ဗွီအိုအေ။

ကက်ရှ်မီးယားနယ်စပ်တွင် အိန္ဒိယနှင့် ပါကစ္စတန် အပြန်အလှန်ပစ်ခတ်

ဆရီနဂါး ဩဂုတ် ၆

အိန္ဒိယထိန်းချုပ်မှုအောက်တွင်ရှိသော ကက်ရှ်မီးယားဒေသရှိနယ်စပ်တွင် အိန္ဒိယနှင့် ပါကစ္စတန် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားကြောင်း ဩဂုတ် ၆ ရက် သတင်းတွင်ဖော်ပြသည်။

ဩဂုတ် ၅ ရက် ညပိုင်းက အိန္ဒိယထိန်းချုပ်သော ဆောင်းရာသီမြို့တော် ဂျာမူးမြို့ အနောက်တောင်ဘက်မှ ၄၅ ကီလိုမီတာကွာဝေးသော အာရ်အက်စ်ပိုရာဒေသရှိ နယ်ခြားစခန်းတွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်ခဲ့ကြခြင်းဖြစ်သည်။ယင်းတိုက်ခိုက်မှုသည် နှစ်နိုင်ငံအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ဖောက်ဖျက်ခြင်း ဖြစ်သည်။

ပါကစ္စတန်ဘက်မှ စတင်ရန်စသဖြင့် အိန္ဒိယဘက်မှ လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်ခြင်းဖြစ်ကြောင်း အေအိုင်အာရ်သတင်းဌာနက ထုတ်လွှင့်သည်။

အပြန်အလှန်ပစ်ခတ်ချိန် တစ်နာရီနီးပါးကြာမြင့်ခဲ့ပြီး လူသေဆုံးမှုနှင့် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊၂၀၀၃ ခုနှစ်ကတည်းက အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိထားကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။

ဆေးဝါးတုထုတ်လုပ်ရောင်းချသူများကို တရုတ်၌ ဖမ်းဆီး

ပေကျင်း ဩဂုတ် ၆

တရုတ်နိုင်ငံတွင် ဆေးဝါးအတုထုတ်လုပ်ရောင်းချသူများကို ရဲတပ်ဖွဲ့က နှိမ်နင်းလျက်ရှိရာ ဦးရေ ၁၉၀၀ ကျော် ဖမ်းဆီးရမိထားပြီးဖြစ်ကြောင်း အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဩဂုတ် ၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ဇူလိုင် ၂၅ ရက်မှစ၍ နိုင်ငံနှင့် အဝန်း ဆောင်ရွက်လျက်ရှိသော စစ်ဆင်ရေးအတွင်း ကာလတန်ဖိုးတရုတ်ငွေကြေး ယွမ် ၁ ဒသမ ၁၆ ဘီလီယံ(အမေရိကန် ဒေါ်လာ ၁၈၂သန်း) တန်ဖိုးရှိသော ဆေးဝါးများကို(**ယာပုံ**) ရဲတပ်ဖွဲ့က သိမ်းဆည်းနိုင်ခဲ့သည်။ ၎င်းဆေးဝါးများထဲတွင် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အရေပြားရောဂါနှင့် ကင်ဆာရောဂါများကုသရာတွင် အသုံးပြုသည့် နာမည်ကြီးတံဆိပ်များကို တုပထုတ်လုပ်ထားသော ဆေးပြားသန်းပေါင်းများစွာပါဝင်ကြောင်း သိရသည်။

ယင်းသို့ ဖမ်းဆီးနှိမ်နင်းမှုများ ပြုလုပ်သော်လည်း ဆေးဝါး အတုပြဿနာကို အမြစ်မှစ၍ ဖြိုဖျက်နိုင်ရန်မှာ ဝေးကွာလှသေးကြောင်း အာဏာပိုင်များက ပြောသည်။အချို့သောဆေးဝါးများတွင် နိုင်ငံတော်စားသောက်ကုန်နှင့် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့က တားမြစ်ပိတ်ပင်ထားသော ပစ္စည်းများပါဝင်နေကြောင်းကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့သည်။ အချို့သော ဆေးဝါးအတုများတွင် စိတ်ငြိမ်ဆေးများ၊ စိတ်အမြင်မှားစေသော ဆေးများထည့်သွင်းဖော်စပ်ထားသည်ဟု ယုံကြည်ရသည်။

ဆေးရုံများ၊ ဆေးဆိုင်များ၊ ယုံကြည်ရသော ဆေးရောင်း သူများထံမှသာ ဆေးဝယ်ယူကြရန် ပြည်သူတို့ကို ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက သတိပေးချက်ထုတ် ပြန်ထားသည်။

အင်တာနက်။

အီဂျစ်နိုင်ငံဆိုင်းနိုင်းကျွန်းဆွယ်ရှိ စစ်ဆေးရေးဂိတ်တွင် ပစ်ခတ်မှုဖြစ်ပွား၍ အီဂျစ်တပ်ဖွဲ့ဝင် ၁၅ ဦးသေဆုံး

ကိုင်ရှိ ဩဂုတ် ၆

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်ရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်တွင် ပစ်ခတ်မှုဖြစ်ပွားရာ အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၅ ဦးသေဆုံး၍ ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသခံလုံခြုံရေးတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဩဂုတ် ၅ ရက် နေဝင်ဆည်းဆာ အချိန်တွင် လုံခြုံရေးစစ်ဆေးရေးဂိတ်အတွင်း မျက်နှာဖုံးစွပ်သေနတ်သမားများ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ အပြန်အလှန်ပစ်ခတ်ကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးသော်လည်း မျက်နှာဖုံးစွပ်သေနတ်သမားများ ထွက်ပြေးလွတ်မြောက် သွားကြောင်း သတင်းတွင်ဖော်ပြသည်။

သေနတ်သမားများက မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်ကြောင်း၊ ယင်းစစ်ဆေးရေးဂိတ်သည် ရာဖက်မြို့တောင်ဘက်ရှိ လီဘာတီစကွဲလုံခြုံရေးဂိတ်ဖြစ်ပြီး သေနတ်သမားများက ကားနှစ်စီးနှင့်အတူ ထွက်ပြေးလွတ်မြောက်သွားခြင်းဖြစ်ကြောင်း မီနာသတင်းဌာနက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။

ဆင်ဟွာ။

လန်ဒန်အိုလံပစ်ပြိုင်ပွဲ မီတာ ၁၀၀ ပြေးလမ်းပေါ် ပုလင်းဖြင့်ပေါက်သူ အဖမ်းခံရ

လန်ဒန် ဩဂုတ် ၆

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အိုလံပစ် အားကစားပြိုင်ကွင်းအတွင်း၌ အမျိုးသား မီတာ ၁၀၀ နောက်ဆုံးအဆင့် မစတင်မီစက္ကန့်ပိုင်းအလိုတွင် ပြေးလမ်းကြောင်းပေါ်သို့ ပုလင်းတစ်လုံးပစ်ပေါက်ခဲ့သော အမျိုးသားတစ်ဦးကိုဖမ်းဆီးခဲ့ကြောင်း ဩဂုတ် ၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လူတစ်ယောက်သည် မကြားပုံမနာသာ ဆဲရေးတိုင်းထွာအော်ဟစ်ပြီး ပုလင်းတစ်လုံးဖြင့် ပေါက်ခဲ့ကြောင်း လန်ဒန်မြို့တော်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့် ရှိသူကပြောသည်။ အဆိုပါ ပုလင်းမှာ အပြေးသမားများ၏နောက်တွင်ကျရောက်ခဲ့သည်ဟု ဆိုသည်။

အမေရိကန် အားကစားသမား ဂျပ်စ်တင်းဂတ်လင်းက ယင်းပုလင်းကြောင့် အနည်းငယ် အာရုံပျက်ခဲ့ရသည်ဟု ပြောသည်။ ရဲတပ်ဖွဲ့က တစ်စုံတစ်ဦးမျှ ထိခိုက် ဒဏ်ရာမရရှိကြောင်း၊ ပြိုင်ပွဲအစီအစဉ်လည်း မပျက်ခဲ့ကြောင်းပြောသည်။

ပြည်သူလူထုအား အနှောင့်အယှက်ဖြစ်စေသောကြောင့် ပုလင်းဖြင့်ပစ်သူဟု သံသယရှိရသူအား လန်ဒန်မြို့အရှေ့ပိုင်း ရဲစခန်း၌ ချုပ်နှောင်ထားကြောင်း သိရသည်။

အဆိုပါ ဖြစ်ရပ်သည် ပြိုင်ပွဲဝင် အားကစားသမားများကို လည်းကောင်း၊ ပြိုင်ပွဲကိုလည်း အဟန့်အတားအနှောင့်အယှက်မဖြစ်ခဲ့ကြောင်း အိုလံပစ်ပြိုင်ပွဲ ကျင်းပရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

အင်တာနက်။

အိုလံပစ် မီတာ ၁၀၀ ပြိုင်ပွဲ ပြေးလမ်းပေါ်သို့ ပစ်ပေါက်ခဲ့သော ပုလင်းကို ဤသို့ တွေ့မြင်ရသည်။

နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၏ ကျောင်းကျန်းမာရေးသီတင်းပတ်လုပ်ငန်း ဆောင်ရွက်နေမှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဒုတိယဝန်ကြီး ဦးဘရွှေ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျန်းမာရေးဆေးစစ်ခန်းနှင့် အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်းများနှင့် ကျောင်းခန်းမ၌ ခင်းကျင်းပြသထားသော ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး အသိပညာကိုသိရှိရုံသာမက ကိုယ်တိုင်လိုက်နာကျင့်သုံးကြရန်၊ အစာအုပ်စုသုံးစုပြည့်သည့် အစားအစာများကို စားသုံးရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုကို အမြဲမပြတ်ဆောင်ရွက်ရေး၊ ယင်လုံအိမ်သာ ရေလောင်းအိမ်သာ သုံးစွဲမှုအလေ့အကျင့်များ ပျိုးထောင်ပေးရေးတို့ကို အားပေးမှာကြား၍ ကျောင်းသား ကျောင်းသူများ၏ ကျောင်းကျန်းမာရေး အသိပညာပေးတေးကဗျာများ သီဆိုသရုပ်ဖော်နေမှုများကို လည်းကောင်း၊ ကျောင်းတွင်း အာဟာရ ကျွေးမွေးနေမှုကိုလည်းကောင်း၊ သွေးလွန်တုပ်ကွေး ပညာပေးဟောပြောနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာ ကလေးများအား သန်ချဆေးတိုက်ကျွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘရွှေနှင့် နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်တို့သည် တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းသို့ လည်းကောင်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် အဖွဲ့သည် နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတို့သို့လည်းကောင်း ရောက်ရှိကြပြီး ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရေး၊ ကျောင်းသား ကျောင်းသူများတွင် မှန်ကန်သော ကျန်းမာရေးအသိပညာနှင့် ညီညွတ်ပြီး သန့်ရှင်းသာယာသော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် ဖြစ်ထွန်းလာစေရေး၊ ကျောင်းသားလူငယ်များတွင် တွေ့ကြုံခံစားနေရသော ရောဂါများကို ရှာဖွေကုသပေးရေး၊ ကျောင်းတွင်း အာဟာရလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးစသည့် ရည်ရွယ်ချက် (၅)ရပ်နှင့်အညီ ဆောင်ရွက်နေသော ကျောင်းကျန်းမာရေး သီတင်းပတ်လုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူပင် အခြေခံပညာကဏ္ဍ ပညာရေးပြကွဒိန်ပါ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှား ဆောင်ရွက်မှုများကို ရည်ရွယ်ချက် ငါးရပ်နှင့်အညီ ဩဂုတ် ၁၁ ရက်အထိ တစ်နိုင်ငံလုံးရှိ အခြေခံပညာ ကျောင်းများတွင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး နေပြည်တော် ဇမ္ဗူသီရိမြို့အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားဆောင်ရွက်မှုများကို ကြည့်ရှုအားပေးပြီး ကလေးများအား သန်ချဆေးတိုက်ကျွေးပေးစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း သတင်းစာရှင်းလင်းပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ခြင်း သတင်းစာရှင်းလင်း

ရန်ကုန် ဩဂုတ် ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးနှင့် ဂျပန်ကား ကုမ္ပဏီလီမိတက်(Japan Car Co.,Ltd.)တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် မော်တော်ယာဉ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်၊ ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဂျပန်ကား ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ မစ္စတာကာဇူဟီဇာ အီဝါမိုတို၊ ဂျပန်ကား ကုမ္ပဏီလီမိတက်ဒါရိုက်တာ ဦးတင်အောင်မြင့်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ စာနယ်ဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂျပန်ကားကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ မစ္စတာကာဇူဟီဇာ အီဝါမိုတိုက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဂျပန်ကားကုမ္ပဏီလီမိတက်ဒါရိုက်တာ ဦးတင်အောင်မြင့်က ကုမ္ပဏီ၏ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကုန်းလမ်းပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် သတင်းထောက်များ၏ မေးမြန်းမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဂျပန်ကားကုမ္ပဏီလီမိတက်သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူ ပူးပေါင်းလျက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ၌ အငှားယာဉ်ပြေးဆွဲခြင်းလုပ်ငန်း၊ ရန်ကုန်မြို့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အဝေးပြေး ဘတ်စ်ကား ပြေးဆွဲခြင်းလုပ်ငန်း၊ ရန်ကုန်မြို့တွင်း ဘတ်စ်ကား ပြေးဆွဲခြင်းလုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေးအတွက် ထရပ်ကားများ ပြေးဆွဲခြင်းလုပ်ငန်းနှင့်နောက်ဆုံးပေါ် ၂၀၁၂ ခုနှစ်ထုတ် မော်ဒယ်မော်တော်ယာဉ်များအထိ ပြင်ဆင်နိုင်သည့် ခေတ်မီမော်တော်ယာဉ်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည့်အပြင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်းလျက် မော်တော်ယာဉ် တည်ဆောက် ပြုပြင်ထိန်းသိမ်းခြင်း နည်းပညာတက္ကသိုလ် တည်ထောင်ဖွင့်လှစ်ခြင်း လုပ်ငန်းကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် မော်တော်ယာဉ်နှင့် ဆက်စပ်လျက်ရှိသောလုပ်ငန်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် မြန်မာနိုင်ငံတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ငါးသယံဇာတပြုန်းတီးစေမည့် ငါးဖမ်းနည်းများအား ကြပ်မတ်ရန် ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဆွေးနွေးမှာကြား

နေပြည်တော် ဩဂုတ် ၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဩဂုတ် ၅ ရက်တွင် မန္တလေးမြို့ နတ်ရေကန်ငါးလုပ်ငန်းစခန်း၌ မွေးမြူထားသည့် မျိုးငါးများအား စစ်ဆေးပြီး ဒေသငါးမျိုးများအား သားပေါက်ဖောက်နိုင်ရေး၊ မျိုးစိုက်ထည့်ရေး၊ ငါးမျိုးထိန်းသိမ်းရေး၊ ငါးရိကွာတိုးမြှင့် ထုတ်လုပ်နိုင်ရေးနှင့် ဧရာဝတီမြစ်အတွင်း လျှပ်စစ်ဖြင့် ရှော့တိုက်ငါးဖမ်းဆီးနေမှုများအား ဒေသအာဏာပိုင်များနှင့် ညှိနှိုင်း၍ ကာကွယ်တားဆီးရေး၊ သယံဇာတ ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်၊ မန္တလေး၊ ကျောက်ဆည်နှင့် မိတ္ထီလာခရိုင်တို့မှ ခရိုင်ဦးစီးမှူးများနှင့် တွေ့ဆုံ၍ နို့စားနွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်ရေတိုးတက်ရေး၊ နို့စားနွားမွေးမြူသူများ ဝင်ငွေတိုးတက်ရေး၊ ဈေးကွက်ရှာဖွေရေး၊ နို့နှင့် နို့ထွက်ပစ္စည်းတန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ရေးနှင့် ယခုလက်ရှိ နို့ထုတ်လုပ်သူမှ စားသုံးသူအထိ လည်ပတ်နေသည့် လုပ်ငန်းစဉ်ကို သုံးသပ်ပြီး ပြုပြင်သင့်သည်များ၊ ငွေကြေးအရင်းအနှီးဆိုင်ရာကိစ္စရပ်များ၊ ကျောင်းများတွင် နွားနို့ တိုက်ကျွေးရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး မန္တလေးမြို့ နတ်ရေကန်ငါးလုပ်ငန်းစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ နေ့စဉ်လိုအပ်သည့်မှ

ပြည်သူ့ကျန်းမာရေးအပေါ် သိသာထင်ရှားသော အကျိုးကျေးဇူးများဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သုတေသီများက ပြောကြားသည်။

ဗီတာမင်စီပြဿနာနှင့် ပတ်သက်၍ သိပ္ပံအထောက်အထားတစ်ရပ်လုံးကို လေ့လာသုံးသပ်လျက် ပင်ကိုအားဖြင့် မှားယွင်းသည့် လက်တွေ့ဆေးကုသမှုတချို့ကို ကျော်လွန်ပြီး ဘုံစံနှုန်းတချို့ သတ်မှတ်ရန် အချိန်တန်နေပြီဖြစ်ကြောင်း၊ ကောင်းမွန်သော ကျန်းမာရေးတွင် ဗီတာမင်စီ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ကမ္ဘာ့ဦးဆောင်ကျွမ်းကျင်သူများအနက် တစ်ဦးဖြစ်သည့် အိုရဲဂွန်တက္ကသိုလ်လီနာစ်ပေါလင်းအင်စတီကျူမှ ပါမောက္ခနှင့် ညွှန်ကြားရေးမှူးဖြစ်သူ ဘဲလ်ဇ်ဖရေးက ပြောကြားသည်။

အမေရိကန်နှင့် ကမ္ဘာတစ်ဝန်းရှိ လူအမြောက်အမြားမှာ ဗီတာမင်စီချို့တဲ့နေကြကြောင်း၊ ဗီတာမင်စီပိုမိုမှီဝဲခြင်းက နာတာရှည်ရောဂါ ကာကွယ်ရေးကို အထောက်အကူပြုနိုင်သည့် ခိုင်လုံသော အထောက်အထားရှိကြောင်း ဖရေးက ပြောကြားသည်။

ပိုမိုကျယ်ပြန့်သော သက်ရှိကိုယ်တွင်း၌ ဇီဝဓာတုဖြစ်စဉ်လေ့လာမှု၊ ကလာပ်စည်းများအတွင်း ဆေးဝါးများ၏ ဖြစ်စဉ်ပြောင်းလဲမှုလေ့လာချက်၊ ဓာတ်ခွဲခန်းစမ်းသပ်လေ့လာမှုနှင့် ဒေသတစ်ခုအတွင်း၌ ဖွားခြင်း၊ သေခြင်း၊ ရောဂါဘယဖြစ်ပွားခြင်း စသည်တို့ကို လေ့လာမှုများအရ ပမာဏပိုမိုများပြားသော ဗီတာမင်စီ မှီဝဲခြင်းက ဖွံ့ဖြိုးပြီး ကမ္ဘာတွင် လူအမြောက်အမြားသေဆုံးစေသည့် နှလုံးရောဂါ၊ လေသင်တုန်းဖြတ်ခြင်း၊ ကင်ဆာရောဂါနှင့် သွေးပေါင်ချိန်မြင့်တက်ခြင်း၊ နာတာရှည်ရောင်ရမ်းခြင်း၊ ခုခံအားကျဆင်းမှုနှင့် သွေး၌ အဆီဓာတ်လွန်ကဲသဖြင့် သွေးကြောကျဉ်းခြင်းတို့ကို ဖြစ်စေသည့် ကျန်းမာရေးပြဿနာများ စသော နာတာရှည်ရောဂါများ လျှော့ချရေးကို အထောက်အကူပြုနိုင်ကြောင်း တွေ့ရှိရသည်။

ခိုင်လုံသော သုတေသနလေ့လာချက်က စံပြုထားသော ဗီတာမင်စီနေ့စဉ်လိုအပ်သည့် ပမာဏသတ်မှတ်ချက်တိုးမြှင့်သင့်ကြောင်း ပြသသည်ဟု မိမိတို့ယုံကြည်ပါကြောင်း၊ နေ့စဉ်ဗီတာမင်စီ ၂၀၀ မီလီဂရမ်မှီဝဲခြင်းက အန္တရာယ်လုံးဝမဖြစ်ပေါ်စေသည့်အပြင် အကျိုးကျေးဇူးမျိုးစုံဖြစ်ပေါ်စေသည့် ခိုင်လုံသော အထောက်အထားရှိကြောင်း ဖရေးက ဆက်လက်ပြောကြားသည်။

ရန်ကုန်ရွှေဈေး ကျပ်ခုနစ်သိန်းသုံးသောင်းအပေါ်၌သာ ရှိမည်

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်ရွှေဈေးကွက်တွင် ဩဂုတ် ၆ ရက်နံနက် အဖွင့်ဈေးမှာ တစ်ကျပ်သားလျှင် ကျပ် ၇၃၄၆၀၀ သာရှိနေပြီး ဆက်လက်၍ ကျပ်ခုနစ်သိန်းသုံးသောင်းအပေါ်၌သာ ရှိနေဦးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က ပြောသည်။

"အခုဖြစ်နေတဲ့ဈေးကွက် အခြေအနေက ရောင်းချင်တဲ့သူကများပြီး ဝယ်ချင်တဲ့သူက ပါးတယ်။ ဈေးကတော့ ဒီအတိုင်းသွားနေဦးမှာပဲ"ဟု ၎င်းပုဂ္ဂိုလ်က ရှင်းပြခဲ့သည်။ ကမ္ဘာ့ရွှေဈေးမှာ လွန်ခဲ့သော ဇူလိုင်လကုန်က တစ်အောင်စလျှင် ဒေါ်လာ ၁၆၂၀ ကျော်ရှိခဲ့ရာမှ ယခုအခါ ပြန်လည်ကျဆင်းနေသော်လည်း ရန်ကုန် ရွှေဈေးကွက်တွင် ဈေးတည်ငြိမ်နေခြင်းဖြစ်သည်ဟု သိရသည်။ ဇူလိုင်လကုန်ပိုင်းတွင် ရန်ကုန်ရွှေဈေးကွက်အတွင်း ကျပ် ၇၃၇၆၀၀ ဖြင့် တည်ရှိနေခြင်းဖြစ်ပြီး ဆက်လက်တည်ငြိမ်မှုရှိနေဦးမည်ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁ ရက်မှ ၆ ရက်အတွင်း ရန်ကုန်ရွှေဈေးနှုန်း

နေ့ရက်	ရန်ကုန်ရွှေဈေး	ကမ္ဘာ့ဈေး
၁-၈-၂၀၁၂	၇၃၆၀၀၀(အဖွင့်ဈေး) ၇၃၇၃၀၀(အပိတ်ဈေး)	၁၆၁၄ ဒေါ်လာ
၂-၈-၂၀၁၂	၇၃၄၆၀၀(အဖွင့်ဈေး) ၇၃၅၀၀၀(အပိတ်ဈေး)	၁၆၀၀ ဒေါ်လာ
၃-၈-၂၀၁၂	၇၃၃၀၀၀(အဖွင့်ဈေး) ၇၃၄၃၀၀(အပိတ်ဈေး)	၁၅၈၉ ဒေါ်လာ
၄-၈-၂၀၁၂	၇၃၅၀၀၀(အဖွင့်ဈေး) ၇၃၄၄၀၀(အပိတ်ဈေး)	၁၆၀၃ ဒေါ်လာ
၅-၈-၂၀၁၂	(ဈေးကွက်ပိတ်)	
၆-၈-၂၀၁၂	၇၃၄၆၀၀(အဖွင့်ဈေး)	၁၆၀၅ ဒေါ်လာ

(ထက်ခိုင်-စမ်းချောင်း)

ကျေးလက်ဒေသဖွံ့ဖြိုးဖို့ မွေးသမတွေဖွဲ့စည်းစို့

မောင်အောင် (မွေး/ကု)

"အေးဗျ။ ခင်ဗျားတို့ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေ လုပ်နေတယ်ကြားရတော့ စိတ်ကြည်နူးဖို့တော့ အလွန်ကောင်းတယ်။ အားရစရာအလွန်ကောင်းတယ်။ အဲ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံဖွံ့ဖြိုးဖို့ဆိုတာ ကျေးလက်ဒေသက အဓိကပဲလေ။ ကျေးလက်တွေ မဖွံ့ဖြိုးရင် နိုင်ငံတော်ဘယ်လိုမှ မဖွံ့ဖြိုးနိုင်ဘူး။ ဘာဖြစ်လို့လဲ။ ကျွန်တော်တို့နိုင်ငံ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက ကျေးလက်မှာနေတာမဟုတ်လား။ ဒါကြောင့် လူအများစု ဆင်းရဲမှုလွတ်ကင်းမှ၊ ချမ်းသာမှ၊ တိုးတက်မှ နိုင်ငံတော် တိုးတက်မှာ။"

"အဲ-ဒါပေမယ့် ဒီလိုတိုးတက်ဖို့ဆိုတာ အရင်းအနှီးမရှိဘဲ ဘယ်လိုမှမဖြစ်ဘူး။ နည်းလမ်းတွေကတော့ ပြောနေကြတာပေါ့။ စိုက်ပျိုးရေးလုပ်၊ မွေးမြူရေးလုပ်လို့။ ဒီစိုက်ပျိုးရေးတို့ မွေးမြူရေးတို့ဆိုတာ ပါးစပ်နဲ့လုပ်လို့မရဘူး။ လက်နဲ့လုပ်မှရမှာ။ အရင်းအနှီးရှိမှ လုပ်လို့ရတာ။ တချို့နေရာတွေမှာ စိုက်ပျိုးရေးလုပ်ဖို့ မြေမရှိဘူး။ အရင်းအနှီးမရှိဘူး။ ဝင်ငွေတိုးအောင်၊ ဖွံ့ဖြိုးအောင် ဘယ်လိုလုပ်စိုက်ပျိုးရေးလုပ်မလဲ။ အဲဒီလိုပဲမွေးမြူရေးငွေမရှိဘဲနဲ့၊ အရင်းအနှီးမရှိဘဲနဲ့ ဘာမွေးမြူရေးမှ လုပ်လို့မရဘူး။ အရင်းအနှီးလိုတယ်။"

"အဲဒီတော့ စိုက်ပျိုးမွေးမြူရေးလုပ်ဖို့ ကျေးလက်ဒေသဖွံ့ဖြိုးဖို့ အရင်းအနှီး ထုတ်ပေးဖို့လိုတယ်။ အသေးစားငွေချေးပေးဖို့လိုတယ်။ ဖြစ်နိုင်ရင် စိုက်ပျိုးဖို့ မျိုးတို့၊ သွင်းအားစုလို့ခေါ်တဲ့ မြေဩဇာ၊ အဲဒီအတွက် ငွေပေးဖို့လိုတယ်။ လူချည်းပဲ လုပ်အားချည်းပဲကတော့ အရင်းအနှီးမရှိဘဲ ဘာမှလုပ်လို့မရဘူး။ မွေးမြူရေးလည်းအတူတူပဲ။ မွေးမယ့်တိရစ္ဆာန်ရှိဖို့လိုတယ်။ အဲဒီတိရစ္ဆာန်ကို ကျွေးဖို့အစာလိုတယ်။ ငွေလိုတယ်။ ဒီတော့ မျိုးတိရစ္ဆာန်ပေးမယ်။ အစာအတွက် ငွေချေးပေးမယ်ဆိုရင် မွေးမြူရေးလုပ်လို့ရမယ်။"

"ကျုပ်အကြိုက်ပြောရရင်တော့ စိုက်ပျိုးရေးလည်းကောင်းတယ်။ မွေးမြူရေးကလည်း ဝင်ငွေမြန်တယ်။ စိုက်ပျိုးရေးက စပါးစိုက်စိုက်၊ ပြောင်းစိုက်စိုက် အနည်းဆုံး သုံးလခွဲလောက်ကြာတယ်။ ဒီကြားထဲ ဝင်ငွေမရှိရင် စားစရာခက်တယ်။ မွေးမြူရေးကတော့ ကြက်မွေးမယ်၊ ဘဲမွေးမယ်ဆိုရင် အချိန်တိုတိုနဲ့ ဝင်ငွေရမယ်။ ဝက်မွေးမယ်၊ ဆိတ်မွေးမယ်ဆိုရင်တော့ လေး၊ ငါး၊ ခြောက်လမှာ ဝင်ငွေပြန်ပြီးရနိုင်တာပေါ့။ နွားမွေးမယ်ဆိုရင်တော့ အချိန်ကြာတာမှန်ပေမယ့် ရေရှည်အတွက်ကောင်းတယ်။ ကျွန်တော်တို့ မိတ္ထီလာဘက်မှာ ဝန်ထမ်းတစ်ယောက်ပြောဖူးတယ်။ သူ့ကလေး တက္ကသိုလ်ဝင်တန်းအောင်တော့'ဟော့ကောင် မင်းကလေး ဘယ်လိုတက္ကသိုလ်ထားမလဲ' ကျုပ်မေးဖူးတယ်။ သူက 'မခက်ပါဘူးအဘရယ်။ နို့စားနွားတစ်ကောင်ထပ်ပြီး မွေးလိုက်ရင် နို့ဖိုးနဲ့ ကလေးနေ့စဉ်ကျောင်းတက်၊ တစ်နှစ်ကုန်တော့ နွားပေါက်ကလေးတောင် အဖတ်တင်တယ်'လို့ ပြောဖူးတယ်။"

ကျုပ်တို့မြန်မာစကားပုံမှာ **"တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်ရမယ်"**လို့ ဆိုထားမဟုတ်လား။ ပြောမနေကြနဲ့ လုပ်ဖို့ပဲလိုတယ်။ ပြီးတော့ **"မသိသူကျော်သွား သိသူဖော်စား"**ပဲ။ အလုပ်လုပ်တဲ့လူ အလုပ်ဖြစ်မှာပဲ။ ပြောနေရုံနဲ့တော့ ဘာမှ ဖြစ်မလာနိုင်ဘူး။

အဲ-ခုနက ကျုပ်ပြောတဲ့ အရင်းအနှီး။ အဲဒီအရင်းအနှီးထုတ်ပေးတဲ့အခါမှာ ဝိုင်းကြီးချုပ်စနစ်၊ သမဝါယမစနစ်နဲ့ ထုတ်ချေးပေးဖို့လိုတယ်။ ဝိုင်းကြီးချုပ်စနစ်ဆိုတာ စုပေါင်းပြီး အလုပ်လုပ်၊ စုပေါင်းပြီးအာမခံကြ။ အစုအဖွဲ့တွေ စုဖွဲ့ဖို့လိုတယ်။ အနည်းဆုံး အစုအဖွဲ့ဝင် ငါးယောက်တော့ ရှိဖို့လိုမယ်။ စိတ်တူကိုယ်တူဖြစ်ဖို့လိုတယ်။ အသောက်အစား လောင်းကစားကင်းတဲ့သူတွေ ဖြစ်ဖို့လိုတယ်။ ဘာကြောင့်လဲ၊ ငွေချေးလို့ တစ်ယောက်က ပြန်ပြီးမဆပ်ရင် အားလုံးကဝိုင်းပြီး ဆပ်ပေးရမှာ။ စည်းရုံးဖို့လိုတယ်၊ ညီညွတ်ဖို့လိုတယ်။ သမဝါယမဆိုတဲ့စကား အားလုံးသိကြပြီးသားပဲ။ သမဆိုတာက မျှတတာ၊ ဝါယမဆိုတာက စိုက်ထုတ်ခြင်း။ မျှမျှတတ ညီတူညီမျှ စုပေါင်းပြီး ကြိုးစားအားထုတ်ကြရင် အောင်မြင်မှုရမယ်ဆိုတာ ဆိုလိုရင်းပဲ။ တစ်ကိုယ်ကောင်းဆန်လို့ မရဘူး။ ငါ့သား၊ သမီး၊ ငါ့ဆွေမျိုးပဲ ဝမ်းဝအောင်၊ချမ်းသာအောင် လုပ်ပေးလို့မရဘူး မျှတမှုဖြစ်မှာ။

ကျေးရွာတွေမှာ သူတို့ရွာသားတွေ စိတ်ကြိုက် အစုအဖွဲ့လေးတွေစုဖွဲ့။ ပြီးတော့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက ကြက်တို့၊ ဘဲတို့၊ ဝက်တို့၊ နို့စားနွားတို့ အကြွေးစနစ်နဲ့ တန်ဖိုးသင့်ပြီး ဖြန့်ဖြူးပေး။ ဒီနေရာမှာ ဝန်ကြီးဌာနချည်းပဲ လုပ်လို့မရဘူး။ သမဝါယမနဲ့ပေါင်းပြီးလုပ်ရမှာ။ သမဝါယမက ရွာသားတွေ ကိုယ့်စိတ်ကြိုက်စုဖွဲ့ထားတဲ့ အစုအဖွဲ့လေးတွေကို စနစ်ကျအောင် တည့်မတ်ပေးရမှာ။ ပြီးတော့မှ မွေးမြူရေးတိရစ္ဆာန်တွေအတွက် အစာဖိုး ငွေချေးပြီးပေး။ ဝိုင်းကြီးချုပ်စနစ်နဲ့လုပ်။ သမဝါယမအစုအဖွဲ့စနစ်နဲ့လုပ်။

မွေးတဲ့တိရစ္ဆာန်ထုတ်ပေးပြီးလို့၊ အစာဖိုးငွေချေးပေးပြီးလို့ ကိုယ့်တာဝန်ကျေပွန်ပြီ မတွက်နဲ့။ ပေးထားတဲ့၊ မွေးထားတဲ့ တိရစ္ဆာန်တွေ မသေမပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ ဂရုစိုက်ဖို့ ပညာပေးဖို့လိုတယ်။ လက်တွေ့လုပ်ပြပေးဖို့လိုတယ်။ ပြီးတော့ ကူးစက်ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးလုပ်ပေးရမယ်။ ကာကွယ်ဆေးထိုးပေးရမယ်။ စနစ်ကျတဲ့ မွေးမြူနည်းဖြစ်အောင် ပညာပေးဖို့လိုတယ်။ အဆုံးရှုံးနည်းအောင် အကျိုးရှိတဲ့ မွေးမြူရေးဖြစ်အောင် ကူညီပေးဖို့လိုတယ်။ အစပထမပိုင်းပဲ လုပ်ပေးရမှာပါ။ သိတဲ့အတိုင်း လူတွေက အကျိုးအမြတ်ရှိတယ်ဆိုရင် ပြောစရာမလိုဘဲ နောက်ပိုင်းမှာ ကိုယ့်ဘာသာလုပ်တတ်ကြတာပါ။ တစ်ပိုင်တစ်နိုင် မွေးမြူရေးလေးတွေ ဖွံ့ဖြိုးလာရင် မီးဖိုချောင်စားစရိတ်ကာမိလာမယ်။ ဆိုလိုတာက ကြက်ကလေး အကောင် ၂၀ လောက်၊ ဘဲကလေးအကောင် ၂၀ လောက် မွေးထားမယ်ဆိုလျှင် တစ်နေ့ကို ကြက်ဥ၊ ဘဲဥ ၁၀ လုံး ၁၅ လုံးလောက် ပုံမှန်ရနိုင်တယ်။ ဒေသကြက်မတစ်ကောင်က လေးငါးလမှာ အရွယ်ရောက်ပြီး တစ်ခါဥရင် ကြက်ဥ ၁၂ လုံးကနေ ၁၅ လုံးအထိ ဥမယ်။ ဥစုံလို့ သုံးပတ်ဝပ်လိုက်ရင် ကြက်ငယ်ကလေး ၁၀ ကောင် ၁၂ ကောင်ရမယ်။ အဲဒီကြက်ကလေးတွေကို ဆောင်းနဲ့အုပ်ပြီးမွေး၊ နှစ်ပတ်သုံးပတ်လောက် ဂရုစိုက်လိုက်ရင် ကြက်ကလေး ၁၀ ကောင်လောက် အဖတ်တင်မယ်။ လေး၊ ငါးလမှာ ကြက်တစ်ကောင် ၄၀ ကျပ်သား၊ ၅၀ ကျပ်သား ဖြစ်လာရင် ခြောက်လမှာ ကြက်သား ငါးပိဿာလောက်ရမယ်။ တစ်ပိဿာ ငွေကျပ် ၄၀၀၀ ဈေးနဲ့တွက်ရင်တောင် ငွေကျပ် ၂၀၀၀၀ လောက်ရမယ်။ တစ်နှစ်ကို ကြက်မတစ်ကောင်က ငွေကျပ် ၄၀၀၀၀ လောက်ရနိုင်မယ်။ ၁၀ ကောင်မွေးထားရင် ငွေကျပ်လေးသိန်းရမယ်။ လေးသိန်းမရဦးတော့ သုံးသိန်းတော့ရမှာပေါ့ဗျာ။ အဲဒီတော့ မွေးတဲ့လူတွေက ဂရုစိုက်ဖို့ပဲလိုပါတယ်။ တစ်ခုရှိတာက ဟင်းစားတစ်နိုင် မွေးတာပါကွာဆိုပြီး ပစ်ထားလို့မရဘူး။ ဂရုစိုက်ဖို့လိုတယ်။ ရောဂါဖြစ်ပြီး မသေမပျောက်အောင် ကာကွယ်ဆေးထိုးဖို့လိုတယ်။

ဘဲ အကောင် ၂၀ မွေးထားရင်လည်း လိုက်ပြီးကျောင်းစရာမလိုဘူး။ ရေစပ်မှာ၊ ကန်စပ်မှာ၊ ချောင်းစပ်မှာ ဇာပြာစကလေးနဲ့ကာပြီး မွေးလို့ရတယ်။ ရေတစ်ဝက် ကုန်းတစ်ဝက်မွေးရင် ရေညှိရေမှော်နဲ့ အကောင်ငယ်လေးတွေစားရလို့ အစာဖိုးသက်သာတာပေါ့။ ရေလုံးဝမရှိရင်လည်း ရေအင်တုံတစ်ခုမှာ ရေသန့်ထည့်ပေးထားဖို့လိုတယ်။ ဘဲတွေရဲ့ သဘာဝက ရေထဲကအစာရှာဖို့ထက် ရေသန့်မှာ မျက်လုံးဆေးဖို့လိုတာ၊ မျက်နှာသစ်ဖို့လိုတာ၊ အဲဒီအကောင် ၂၀ ကို အစာကျွေးပြီး မွေးဦးတော့ တစ်နေ့ကို ၁၅ လုံးရလျှင် ဘဲစာဖိုး တစ်ဝက်လောက်ကုန်ပြီး တစ်ဝက်ဖြစ်တဲ့ တစ်နေ့ ခုနစ်လုံးလောက်က အမြတ်ရမှာပဲ။ ဘဲဥတစ်လုံး ငွေကျပ် ၈၀ နဲ့တွက်လျှင် တစ်နေ့ကို ငွေကျပ် ၅၆၀ မြတ်မယ်။ တစ်လကို ငွေကျပ် ၁၆၈၀၀ လောက် အမြတ်ရမယ်။ တစ်နှစ်မှာ ခြောက်လလောက် ဒီအတိုင်းရနိုင်တာကြောင့် ဘဲအကောင် ၂၀ မွေးလျှင် တစ်နှစ်ကို ငွေကျပ် ၁၀၀၀၀၀ လောက်တော့ ဝင်ငွေရမှာ။

ဒါတွေက စောစောက ကျုပ်ပြောခဲ့သလို **"မသိသူကျော်သွား၊ သိသူဖော်စား"**ပဲ။ အသေးအဖွဲ့လေးတွေပါကွာဆိုပြီး မလုပ်ကြဘူးဆိုလျှင် မရဘူးပေါ့။ ဘယ်ကိစ္စမဆို အဲဒီအသေးအဖွဲ့လေးတွေက စတာပါ။ ပြီးတော့ ဝက်မွေးမြူရေး၊ ဝက်မ တစ်ကောင်လောက်ဝယ်ပြီးမွေး၊ ငါးလ၊ ခြောက်လလောက်မှာ သားတင်၊ သုံးလ သုံးပတ် သုံးရက်မှာ သားပေါက်၊ ရှစ်ကောင်ကနေ ၁၀ ကောင်ပေါက်မှာဆိုတော့ ဝက်ပေါက်ကလေးတွေရောင်းရင် အစာဖိုးနဲ့ ဝက်ဖိုးကျေပြီး ဝက်မကြီးက အမြတ်ဖြစ်မယ်။ ဝက်ကလေးနှစ်ကောင်လောက် ကိုယ့်အတွက်ကျန်မယ်။ နောက်တစ်ကြိမ်ဆိုရင်တော့ ဒီထက်မြတ်မယ်။ ဝက်မတစ်ကောင်မွေးရင် မသေမပျောက်အောင် ဂရုစိုက်ရင် တစ်နှစ်ကို တစ်သိန်းခွဲလောက်တော့ အနည်းဆုံးဝင်မယ်။ နှစ်ကောင်မွေးရင် သုံးသိန်းလောက်ဝင်ငွေရမှာပေါ့။

ကျုပ်တို့ကျေးရွာတွေမှာရှိတဲ့ မိသားစုတွေ အခုကျုပ်ပြောခဲ့တဲ့ ဒေသကြက်ကလေး ၁၀ ကောင်လောက်မွေးမယ်။ ဘဲကလေးအကောင် ၂၀ လောက်မွေးမယ်။ ဝက်မနှစ်ကောင်လောက်မွေးထားမယ်ဆိုရင် တစ်နှစ်ကို ငါးသိန်း၊ ခြောက်သိန်းတော့ အနည်းဆုံးဝင်မယ်။ ဒီထက်ပိုပြီးမွေးရင် ဒီထက်ပိုပြီးရမယ်။ မွေးမြူရေးက တစ်ခုကောင်းတာက ရာသီပင်စိုက်လို့ ငွေမပေါ်သေးတဲ့အချိန်မှာ မွေးမြူရေးက ဝင်ငွေဝင်ပြီး ခုနိုင်တာပဲ။ အဲဒါကြောင့် ကျေးရွာတွေ ဝင်ငွေတိုးဖို့ မွေးမြူရေးတွေတိုးချဲ့ပြီး လုပ်ကြဖို့ စည်းရုံး၊ အရင်းအနှီးဖြစ်တဲ့ မွေးမြူရေးတိရစ္ဆာန်နဲ့ အစာဖိုးချေးငွေထုတ်ပေး၊ တစ်ဖက်က ဝိုင်းမာအောင် မွေးမြူရေးအစုအဖွဲ့တွေ၊ စိတ်တူကိုယ်တူ ကုန်ထုတ် သမဝါယမအသင်းလေးတွေ ဖွဲ့စည်းပေး၊ ပြီးတော့ ဈေးကွက်ရှာပေးရမယ်။ အစုအဖွဲ့နဲ့ စုပြီးရောင်းမယ်ဆိုရင် ဈေးကွက်ဖြစ်မယ်။ ထုတ်လုပ်သူကနေ စားသုံးသူကို တိုက်ရိုက်ရောင်းချတဲ့ အစုအဖွဲ့ဆိုင်လေးတွေဖွင့်ပေးရင် ကြားခံမပါတာကြောင့် စားသုံးသူအတွက် ဈေးသက်သာသလို ထုတ်လုပ်သူအတွက်လည်း ငွေပိုပြီးရလာမယ်။ အဲဒါတွေသာ လုပ်ကြမယ်ဆိုရင် ကျေးလက်ဒေသတွေ ဝင်ငွေတိုးလာမှာ၊ ပိုပြီးဖွံ့ဖြိုးလာမှာပါ။"

အဘကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျွန်တော်တို့မွေးမြူရေး သမဝါယမအစုအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်ဖို့ စိတ်အားထက်သန်စွာ ပြောနေပါသည်။

ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးဖို့ မွေးမြူရေးသမဝါယမအစုအဖွဲ့တွေ စုဖွဲ့၍ ဆောင်ရွက်ကြရပါဦးမည်။ ။

ပင်လယ်ငါးဖမ်းလုပ်ငန်းများတွင် ထူးခြားစွာ ငါးအမိလျော့နေကြောင်း သိရ

ရန်ကုန် ဩဂုတ် ၆

ယခုနှစ်အတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းများအနေဖြင့် ထူးထူးခြားခြား ငါးအထိအမိ လျော့နည်းနေသည်ကို တွေ့ကြုံနေရကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ပင်လယ်အတွင်း ရေစီးကြောင်းများနှင့် လှိုင်းများပြင်းထန်ခဲ့ပြီး ငါးအထိအမိလျော့နည်းခြင်းကို ထူးခြားစွာ ကြုံတွေ့ရခြင်းဖြစ်ကြောင်း သိရသည်။ "ပင်လယ်မှာ မုန်တိုင်းဖြစ်ပြီးရင် ငါးပေါတယ်တဲ့၊ အခု မုန်တိုင်းတစ်ခါမှ မဖြစ်တဲ့အတွက် ငါးအထိအမိလျော့တာဖြစ်တယ်လို့ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်တစ်ဦးက ပြောတယ်။ သူဆိုရင် ပင်လယ်ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ခဲ့တာနှစ်ပေါင်း ၃၀ ကျော်အတွေ့အကြုံရှိတယ်။ ငါးအထိအမိလျော့ နေတယ်လို့ ကျွန်တော့်ကို မနေ့က ပြောပါတယ်။ ဒါဟာဆိုရင် ပင်လယ်ပြင်မှာ ငါးအုပ်တွေ့တယ် မတွေ့ဘူး၊ မိတယ်မမိဘူးဆိုတဲ့ဟာ ရာသီဥတုနဲ့ ဆက်စပ်နေတယ်"ဟု ယင်းပုဂ္ဂိုလ်က ရှင်းပြသည်။

ထို့အပြင် အင်းအိုင်ငါးဖမ်းလုပ်ငန်းများလည်း ရာသီဥတုနှင့် တိုက်ရိုက်ဆက်စပ်နေပြီး ဇွန်၊ ဇူလိုင် မိုးဦးကျကာလတွင် ငါးရစ်ငါးများမှာ ဥအပြည့်ဖြင့်ငါးရစ်လိုက်သားပေါက်ကြကြောင်း၊ ထို့နောက် ရေပြင်ကျယ် ကွင်းကြီးများ၊ စားကျက်ကြီးများသို့ဝင်ကာ စားသောက်နေထိုင်ကြီးပြင်းကြကြောင်း၊ ထိုငါးများကို မိုးနှောင်းပိုင်းတွင် ပြန်လည်ဖမ်းယူလေ့ရှိကြောင်းသိရသည်။ မိုးဦးကျမှန်ပါက ငါးရစ်ပေါက်ဖွားမှုမှန်တတ်ပြီး မိုးဦးကျနောက်ကျပါက ငါးရစ်ပေါက်ဖွားမှုမမှန်ဘဲ ငါးရစ်ငါးရှားလာကြောင်း၊ ငါးရစ်ပေါက်ဖွားသည့် မိုးဦးကျမှန်သည့်တိုင်အောင် ငါးရစ်ငါးသန်များကြီးထွားရန် ရေပြင်ကျယ်ကြီးများမရှိပါကလည်း ငါးရစ်ငါးများပေါက်ဖွားများပြားလာရန် မဖြစ်နိုင်တော့သည့်အတွက် ရာသီဥတုနှင့် ဆက်စပ်နေကြောင်း ၎င်းပုဂ္ဂိုလ်က ဆက်လက်ရှင်းပြခဲ့သည်။

မိုးဦးကျတွင် ပေါများစွာရရှိလာတတ်သည့် ပုစွန်ကျော့မှာလည်း ထူးထူးကဲကဲလျော့သွားခြင်းကြောင့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ ကွမ်းခြံကုန်းစသော ပင်လယ်ဝကမ်းခြေဒေသများ၏ ပုစွန်ကျော့ဖမ်းဆီးရမိမှု လျော့နည်းလာသည်ကိုလည်း ယခုနှစ်တွင် ထူးခြားစွာ တွေ့ရှိရကြောင်း ၎င်းပုဂ္ဂိုလ်၏ပြောပြချက်အရ သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ကမ္ဘောဇဘဏ်မှ နိုင်ငံခြားချိတ်ဆက်ဘဏ်များသို့ ငွေလွှဲစာတမ်းများ တိုက်ရိုက်ပေးပို့နိုင်

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်အရ ကမ္ဘောဇဘဏ်လီမိတက်က ဩဂုတ် ၁ ရက်မှစပြီး Letter of Credit (LC) အား ချိတ်ဆက်ဘဏ် (Correspondent Bank) များသို့ ပို့လွှတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်အနေဖြင့် ငွေလွှဲစာတမ်း Letter of Credit(LC) ပို့လွှတ်ပေးနိုင်ရန်အတွက် သွင်းကုန်တင်သွင်းသည့် ကုန်သည်များနှင့် ဇူလိုင်လ နောက်ဆုံးအပတ်တွင် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဩဂုတ် ၁ ရက်တွင် စင်ကာပူနိုင်ငံရှိ ချိတ်ဆက်ဘဏ်ဖြစ်သည့် OCBC Bank သို့ ပထမဦးဆုံး ငွေလွှဲစာတမ်း ပို့လွှတ်ပေးခဲ့ကြောင်း သိရသည်။ ဆက်လက်ပြီး ကမ္ဘောဇဘဏ်၏ ချိတ်ဆက်ဘဏ်များနှင့်ငွေလွှဲစာတမ်းများ ဆက်လက်ပို့လွှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘောဇဘဏ်သည် ၎င်း၏ ချိတ်ဆက်ဘဏ်များရှိသည့် ဂျပန်နိုင်ငံ၊ စင်ကာပူ နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ ငွေလွှဲစာတမ်းများ ပို့လွှတ်သွားမည်ဖြစ်သည်။

ကမ္ဘောဇဘဏ်အနေဖြင့် ငွေလွှဲစာတမ်းများကို ချိတ်ဆက်ဘဏ်ရှိသည့် နိုင်ငံများသို့ တိုက်ရိုက်ပေးပို့ပြီး ချိတ်ဆက်ဘဏ်မရှိသည့် နိုင်ငံများသို့ ငွေလွှဲစာတမ်းပေးပို့လိုပါက ချိတ်ဆက်ဘဏ်များမှ တစ်ဆင့်ခံပြီး ပေးပို့နိုင်ကြောင်းသိရသည်။ လက်ရှိ ချိတ်ဆက်နိုင်ငံများအပြင် အခြားနိုင်ငံများရှိ နိုင်ငံတကာဘဏ်များနှင့် ဆက်လက်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဆုနှင်းလဲ)

အမေရိကန်တက္ကသိုလ်များနှင့် မန္တလေးမြို့ရှိ တက္ကသိုလ်များ သင်ကြားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည်

မန္တလေး ဩဂုတ် ၆

အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်များနှင့် မြန်မာနိုင်ငံရှိတက္ကသိုလ်များ သင်ကြားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ရာ အမေရိကန်ပြည်ထောင်စု ပင်ဆီဗေးနီးယားတက္ကသိုလ်နှင့် မန္တလေးဆေးတက္ကသိုလ်တို့ပူးပေါင်း၍ ဆေးပညာရပ်ဆိုင်ရာ စာကြည့်တိုက်များအဆင့်မြှင့်တင်ရေး၊ လက်တွေ့သင်ကြားမှုများ၊ အမေရိကန်ပြည်ထောင်စုရှိ ဂျွန်ဟော့ကင်းတက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ် **(အောက်ပုံ)**တို့ ပူးပေါင်း၍ ဘာသာရပ်ဆိုင်ရာ အချိန်ပိုင်းသင်တန်းများဖွင့်လှစ်ခြင်း၊ ဘွဲ့လွန်အချိန်ပြည့် သင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို ညှိနှိုင်းဆောင်ရွက်သွားမည်ဟု သိရသည်။ (ဇာဒ)

သွေးသည် အသက်



ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ လုပ်ငန်းခွင်ဝင်အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ကိုယ်စား) ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (ရုံးချုပ်) သင်တန်းခန်းမ၌ ကျင်းပသော ပညာသည် အထွေထွေတာဝန် လုပ်ငန်းခွင်ဝင် အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းကာလမှာရက်သတ္တ နှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်မှု၊ ပညာရေးပူးပေါင်းဆောင်ရွက်မှုများ ကော်မတီများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အလားအလာများအား ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဩဂုတ် ၆

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံပြည်ထောင်စု လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်း၊ ထိုင်းအောက်လွှတ်တော် စီမံခန့်ခွဲမှုဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr. Chai Chidchob ဦးဆောင်သော အဖွဲ့ဝင် ၄၃ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁)၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်၊ ကော်မတီအတွင်းရေးမှူးများ ဖြစ်ကြသော ဒေါက်တာစိုးရင်၊ ဦးမောင်တိုး၊ ဦးသန်းမြင့်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် ကာလကြာမြင့်စွာကပင် တည်ရှိခဲ့သော နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ လွှတ်တော်နှစ်ရပ်၏ အတွေ့အကြုံဖလှယ်ရေးအခြေအနေများ၊ ဒီမိုကရေစီပြုပြင် ပြောင်းလဲမှု ကြိုးပမ်းဆောင်ရွက်ချက်များ၊ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်မှု၊ ပညာရေးပူးပေါင်းဆောင်ရွက်မှုများ၊ ကော်မတီများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အလားအလာများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံ ပြည်ထောင်စု လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်း၊ ထိုင်းအောက်လွှတ်တော် စီမံခန့်ခွဲမှုဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr. Chai Chidchob ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၆

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုတို့သည် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ထားဝယ်-လောင်းလုံ-ကျောက်နီမော်လမ်းတစ်လျှောက် လမ်းခင်း ကျောက်များ စုဆောင်းထားရှိမှု၊ ကားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း များ ဆောင်ရွက်မှု၊ ကွန်ကရစ်တံတား များ၊ Box Culvert များ၊ ရေပြွန်များ တည်ဆောက်နေမှု၊ မိုင်တိုင် (၅/၆) နှင့် (၅/၇)အကြားတွင် လမ်းအဆင့်မြှင့်တင် ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျောက်များ စုဆောင်းထားရှိမှုအခြေ အနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်-ထားဝယ်-မြိတ်လမ်း(ထားဝယ်-မလွှဲတောင်အပိုင်း) မိုင်တိုင်(၃၀/၀)မှ (၈၁/၆)အထိ (၅၁/၆) မိုင်ကို လမ်းဖောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၆)က စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေညှိခြင်း၊ ပွင့်လင်းရာသီတွင် ကျောက်ခင်းနိုင်ရန် အတွက် ကျောက်များစုဆောင်းထားရှိမှု၊ မိုင်တိုင်(၄၆/၀)ရှိ ကလိန်အောင်တံတား ကြံ့ခိုင်မှု**(အောက်ဝဲပုံ)**၊ ထားဝယ်-မလွှဲတောင်အပိုင်း မိုင်တိုင်(၃၉/၀)နှင့် (၃၉/၂) အကြားတွင် လမ်းဖောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၆)က စက် ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ မြေနံရံ ဖြတ်ထုတ်ခြင်း၊ မြေဖို့ကြိတ်ခြင်းလုပ်ငန်း များ ဆောင်ရွက်နေမှုနှင့် မိုင်တိုင်(၃၅/၅) နှင့်(၃၅/၇) အကြား ရေကျော်သည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး Box Culvert နှစ်လုံး ထည့်သွင်းတည်ဆောက် ရန်နှင့် ရေထွက်ရန် ရေနုတ်မြောင်းများ ဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ပုဂံဒေသန္တရကျန်းမာရေးဌာန၌ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မိခင်နှင့် မွေးပြီးစကလေးငယ်များအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးကြမှသာ မိခင်နှင့်ကလေးသေနှုန်း ပိုမိုကျဆင်းလာမည်ဖြစ်

နေပြည်တော် ဩဂုတ် ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်သည် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးလက်ကျန်းမာရေး ဌာန၊ ကျောက်ပန်းတောင်းမြို့နယ် လက်ပန်ပျားတိုက်နယ် ဆေးရုံနှင့် ပြည်သူ့ဆေးရုံတို့သို့သွားရောက်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဆေးရုံများ အနေဖြင့် စာရင်းဇယားပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် ရရှိအောင် ကြိုးစားဆောင်ရွက်သွားကြရန်၊ မိခင်များနှင့် အသက်တစ်နှစ် အောက်ကလေးများ သေဆုံးမှုနှုန်းများကို ထိန်းချုပ်နိုင်ရန် အတွက် မိမိတို့အနေဖြင့် မိခင်နှင့်ကလေး စောင့်ရှောက်မှု လုပ်ငန်းကို ပိုမိုဆောင်ရွက်ပေးကြရန်၊ ကျန်းမာရေးဝန်ထမ်း များသည် မိမိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၏ ရည်ရွယ် ချက်၊ လုပ်ငန်းစဉ်ကို မှန်ကန်စွာ သိရှိနားလည်သဘောပေါက်ပြီး အချိန်အခါ၊ နေရာဒေသနှင့် ကိုက်ညီအောင် ဆောင်ရွက်ကြရန်၊ ကျန်းမာရေးလုပ်ငန်းကို ဒေသဆိုင်ရာအာဏာပိုင်များ၊ ဌာန ဆိုင်ရာများ၊ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် တောင်ဇင်းတိုက်နယ်ဆေးရုံကို လည်းကောင်း၊ ညောင်ဦးပြည်သူ့ဆေးရုံ ဆေးကုသဆောင်၊ ကူးစက်ရောဂါကုသဆောင်၊ ဆေးရုံဝန်ထမ်းများအိမ်ရာ တိုးချဲ့ ဆောက်လုပ်မည့်နေရာ၊ ခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ် ကုသခန်း၊ အခပေးလူနာကုသခန်းများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဌေးနှင့် ဝန်ထမ်း များအား တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၅ ရက် နံနက် ၈ နာရီ တွင် ပုဂံဒေသန္တရကျန်းမာရေးဌာနနှင့် ဖွားစောကျေးရွာအုပ်စု အရှေ့ဖွားစောကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောက်ပန်းတောင်းမြို့နယ် ပုပွားကျေးလက်ကျန်းမာရေးဌာန အစည်းအဝေးခန်းမ၌ တာဝန် ရှိသူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ပန်းတောင်း မကျီးတိုင်းကျေးလက်ကျန်းမာရေးဌာန၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး မိခင်နှင့်ကလေးသေနှုန်း ပိုမိုကျဆင်းရေးအတွက် မိမိတို့ တာဝန်ကျဒေသအတွင်း ကိုယ်ဝန် ဆောင်မိခင်များအားလုံးကို ကျန်းမာရေးဌာနတွင် လာရောက် မွေးဖွားစေရန် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မိခင်နှင့်မွေးပြီးစ ကလေးငယ်များအား စဉ်ဆက်မပြတ် ကျန်းမာရေးစောင့် ရှောက်မှုပေးကြမှသာ မိခင်နှင့်ကလေးသေနှုန်းပိုမိုကျဆင်း လာမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၈-၂၀၁၂ (အင်္ဂါနေ့)

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော် မူသော ဥပ္ပါတသန္တိပါဠိတော်
၈း၂၅	"အလင်းအားများနဲ့ လွှမ်းခြုံထား ကွန်းချောင်းရေအားလျှပ်စစ်ရဲ့ စွမ်းပကား"
၈း၄၀	International News
၈း၄၅	တေးဂီတအစီအစဉ်
၄း၂၀	"ရင်နှစ်ပန်းတို့လန်းစေချင်"
၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
၅း၂၅	"နိုင်ငံ့ဝင်ငွေတိုးတက်ဖွေရှာ ရေထဲက မြန်မာ့ပုလဲရတနာ"
၆း၂၀	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅	ဆိုလိုက်ကြစို့
၇း၂၀	"သူ့အကြိုက်ကိုယ့်အကြိုက်"
၈း၀၀	ပြည်တွင်းသတင်း -ချိမြိန်ရသာမုန့်ကမ္ဘာ **-နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (အပိုင်း-၃၀) (ဇာတ်သိမ်းပိုင်း)** -အိန္ဒိယရုပ်ရှင် " အနာဂတ်ကွန်ပျူတာစွမ်းအား" (အပိုင်း - ၂)

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဆင်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ကြီးကြပ်၍ တောင်ကြီးဇုန် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်း၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်သော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ အမှတ်စဉ်(၆/၂၀၁၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ကလောမြို့ရှိ Hill Top ဟိုတယ်နှင့် တောင်ကြီးမြို့ တောင်ကြီးဟိုတယ်တို့၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသန်းဝင်း မောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ယင်းနောက် အထွေထွေမန်နေဂျာ **(ယာပုံ)**က သင်တန်းထူးချွန်ဆုရရှိသူ သင်တန်းသား သင်တန်းသူများအား ဆုများနှင့် သင်တန်းနည်းပြဆရာ ဆရာမ များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး တောင်ကြီးဇုန်ဟိုတယ် ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ **ကျောဖုံးမှ**

တိုင်းဒေသကြီး/ ပြည်နယ်များမှ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ကုန်သည်အသင်းအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ဒေသအလိုက် ပြည်သူလူထုများသို့ အသိပညာပေးခြင်း၊ နယ်စပ်နေ ပြည်သူများသို့ အသိပညာပေးခြင်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် Programme ရေးဆွဲပြီး လအလိုက် ဆောင်ရွက်မည့် အစီအစဉ်များသတ်မှတ်ကာ အသိပညာပေးမှု (Awareness) Workshop, Seminar များကို လအလိုက် တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ မြို့နယ်အလိုက် စတင်ဆောင်ရွက်လျက်ရှိပြီးဖြစ်ပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းရှိရာ မြို့များတွင်လည်း ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးများ၌ ချပြရှင်းလင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း။

ပြည်ပမှ တရားမဝင်တင်သွင်းလာသည့် စားသုံးရန်မသင့်သော စားသုံးဆီများနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ယူဆောင်ရွက်ရသည့် ဌာနများဖြစ်သော တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ထိရောက်သော တားဆီးမှု၊ ကာကွယ်မှုများဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး စားသုံးရန်မသင့်သည့် စားသုံးဆီများနှင့် ပတ်သက်၍ သတင်းမီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **"မော်တော်ယာဉ်တင်သွင်းခွင့်ပြုခြင်းနှင့် တရားမဝင်မော်တော်ဆိုင်ကယ်တင်သွင်းခြင်းကို တရားဝင်လိုင်စင်ထုတ်ပေးခြင်းကိစ္စမျိုး၌ ရေရှည်အကျိုးသက်ရောက်မည့် မူဝါဒမျိုးကို ချမှတ်၍ ဥပဒေ/နည်းဥပဒေ/အမိန့်/ညွှန်ကြားချက်များ ထုတ်ပြန်သွားရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အခြားနိုင်ငံများတွင် ယာဉ်အိုယာဉ်ဟောင်းများအား သတ်မှတ်မှတ်ပုံတင်သက်တမ်းကုန်ဆုံးပါက ပယ်ဖျက်လေ့ရှိပါကြောင်း၊ သို့သော် မြန်မာနိုင်ငံတွင် ယာဉ်အိုယာဉ်ဟောင်းများအပ်နှံ၍ အစားထိုးယာဉ်တင်သွင်းမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းမှာ ပြည်သူများနစ်နာမှုမရှိအောင် အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ နောင်တွင် ပါမစ်မလိုဘဲ Show Room များ၌ ကားသစ်များ ဝယ်ယူနိုင်ရန်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီကို သက်ဆိုင်ရာဝန်ကြီးဌာနများ ပါဝင်စေလျက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၈ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၁)ဖြင့် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယာဉ်အိုယာဉ်ဟောင်းအပ်နှံ၍ အစားထိုးယာဉ် တင်သွင်းခြင်း၊ ကုမ္ပဏီများ၊ နိုင်ငံခြားတွင် အလုပ်လုပ်သူများ၊ သင်္ဘောသားများ၊ နိုင်ငံခြားငွေ account ရှိသူများ၊ အဖွဲ့အစည်းများ၏ ကားတင်သွင်းမှုများကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယာဉ်ဟောင်းအပ်နှံ၍ အစားထိုးယာဉ်တင်သွင်းရာတွင် နိုင်ငံခြားမှ ကိုယ်တိုင်မှာယူတင်သွင်းရန် အခက်အခဲရှိသူများအတွက် ပြည်တွင်း၌ လွယ်ကူအဆင်ပြေစွာ ဝယ်ယူနိုင်ရန် မော်တော်ယာဉ် Sale Center များကို ဖွင့်လှစ်ခွင့်ပြုပြီး မော်တော်ယာဉ်များကို Consignment စနစ်ဖြင့် တင်သွင်းရောင်းချစေလျက်ရှိပါကြောင်း။

အများပြည်သူ သွားလာမှု အဆင်ပြေစေရန် Taxi များ၊ ခရီးသည်သယ်ယူပို့ဆောင်ရေး City Bus များကို အလွယ်တကူ ဝယ်ယူတင်သွင်းနိုင်အောင် ဆောင်ရွက်ပေးထားသကဲ့သို့ ကုန်စည်သယ်ယူပို့ဆောင်မှုအတွက် လိုအပ်သော Truck ကားများကိုလည်း လွတ်လပ်စွာ တင်သွင်းခွင့်ပြုနေပြီဖြစ်ပါကြောင်း၊ ယင်းသို့ တင်သွင်းမှတ်ပုံတင်ရာတွင် အခွန်အခများ လျှော့နည်းသက်သာစေရန်အတွက်လည်း သက်ဆိုင်ရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းတင်ပြဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အထက်ဖော်ပြပါ မော်တော်ယာဉ်နှင့် ပတ်သက်သော မူဝါဒမှာ ရေရှည်တည်တံ့သည့် မူဝါဒသစ်ဖြစ်ပြီး အမိန့်နှင့် ညွှန်ကြားချက်များအဖြစ်သာ ထုတ်ပြန်နေခြင်းမဟုတ်ဘဲ ပြည်သူလူထုအများစု လိုလားသည့် တောင်းဆိုချက်များနှင့်အညီ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ လူနည်းစု အကျိုးထိခိုက်နိုင်မှုရှိသော်လည်း အများစုမှာ အကျိုးကျေးဇူးခံစားကြရသကဲ့သို့ နိုင်ငံ၏ Image လည်း တိုးတက်စေခဲ့ပါကြောင်း၊ နိုင်ငံတကာနှင့် Inline ဖြစ်ရန်အတွက် ယာဉ်ဟောင်းများကိုသာ အန္တရာယ်မကင်းစွာ အသုံးပြုနေရမည့်အစား အသင့်အတင့်ကောင်းမွန်သော ယာဉ်များ၊ အသစ်ထုတ်လုပ်သောယာဉ်များ ရောက်ရှိတွေ့မြင်အသုံးပြုနေကြပြီဖြစ်ပါကြောင်း။

ဆက်လက်၍ ပြည်ပမှ တရားမဝင်တင်သွင်းလာသော မော်တော်ဆိုင်ကယ်များအား လိုင်စင်ထုတ်ပေးမည့် ကိစ္စသည် နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ရှေးရှုသည်မှန်သော်လည်း ပြည်တွင်း၌ တရားဝင်အခွန်ဆောင်ပြီး မော်တော်ဆိုင်ကယ်ထုတ်လုပ်သူများအား ထိခိုက်စေကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးခြင်းအား ၁၉၉၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း (၇)ကြိမ်ပြုလုပ်ပေးခဲ့သည့်အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ ဆက်လက်ရှိနေသဖြင့် (၈)ကြိမ်မြောက် အဖြစ် ၂၀၁၂ ခုနှစ် ဇွန် ၅ ရက်မှ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၄ ရက်အထိ (၄)လတာ ကာလသတ်မှတ်ကာ ယာဉ်မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိပြီး ယင်းကာလ ကျော်လွန်ပါက လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအပေါ် ထိရောက်သော အရေးယူမှုများ ပြုလုပ်သွားရန်ရှိပါကြောင်း။

တရားမဝင် တင်သွင်းထားသည့် မော်တော်ဆိုင်ကယ်များ ဝယ်ယူစီးနင်းနေသူများကို တရားဝင်မှတ်ပုံတင်ပြုလုပ်ပေးခြင်းဖြင့် စည်းကမ်းဥပဒေနှင့်အညီဖြစ်လာစေရေးနှင့် တရားမဝင်တင်သွင်းမှုများ ပပျောက်စေပြီး နိုင်ငံတော်အတွင်း တရားဝင်ယာဉ်ထုတ်လုပ်နေသူ လုပ်ငန်းရှင်များအား အကာအကွယ်ပြုလုပ်ပေးနိုင်ရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆိုင်ကယ်၏ သတ်မှတ်တန်ဖိုးအပေါ် အကောက်ခွန်(၅) ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန်(၅) ရာခိုင်နှုန်း ကောက်ခံခဲ့ပါကြောင်း၊ ပြည်တွင်းရှိ စက်မှုဇုန်များ၌ မော်တော်ဆိုင်ကယ်ထုတ်လုပ်သူများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်(၃)ရာခိုင်နှုန်းသာ ကျသင့်စေရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ လျှော့ပေါ့သက်သာခွင့်ပြုထားသည့်အပြင် ကုန်ကြမ်းတင်သွင်းစဉ်ပေးခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အား ကုန်ချောရောင်းချရာတွင် ခုနှိမ်ခွင့်ကို ခွင့်ပြုပေးခဲ့သည့်အတွက် ပြည်တွင်း မော်တော်ဆိုင်ကယ်ထုတ်လုပ်သူများမှာ ဈေးကွက်တွင် ထိခိုက်နစ်နာမှု မရှိစေနိုင်ကြောင်း။

မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တင်သွင်းထုတ်လုပ်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်းကိစ္စများကို မိမိနိုင်ငံအတွင်းထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ သုံးစွဲမှု၊ အခြေခံအဆောက်အအုံများ လိုအပ်မှု၊ လမ်းပန်းဆက်သွယ်မှု၊ ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်စသည့် အခြေအနေများကို အခြေခံသုံးသပ်၍ ရေရှည် အကျိုးသက်ရောက်မည့် မူဝါဒချမှတ်ပြီး ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များ ဆက်လက်ထုတ်ပြန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်သုံးဦး၏ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြန်လည်ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး၏ **"တောင်သူလယ်သမားများ စိုက်ပျိုးစရိတ် ချေးငွေကို အတိုးမဲ့ချေးပေးခြင်းနှင့် လက်လုပ်လက်စားပြည်သူများအားလည်း အတိုးမဲ့ချေးငွေကို ထုတ်ချေးပေးနိုင်ခြင်းရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူလယ်သမားများကို မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက်၊ သီးနှံအလိုက် စိုက်ပျိုးချိန်အမီ ဘဏ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ဘဏ်ချေးငွေစနစ်ဖြစ်၍ ချေးငွေအပေါ် နိုင်ငံတော်မှ သတ်မှတ်ထားသည့် အတိုးနှုန်းအတိုင်း ပြန်လည်ပေးဆပ် ရပါကြောင်း။

အတိုးနှုန်းထားများအနေဖြင့် ယခင်က ငွေကျပ်(၁၀၀)လျှင် တစ်နှစ်အတွက် (၁၇)ရာခိုင်နှုန်းဖြင့် ကောက်ခံခဲ့ရာတွင် ၂၀၁၁ ခုနှစ် စက်တင်ဘာမှစ၍ (၁၅)ရာခိုင်နှုန်းသို့ လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီမှစ၍ (၁၃)ရာခိုင်နှုန်းသို့လည်းကောင်း၊ ယခုဘဏ္ဍာရေးနှစ်ဖြစ်သည့် ၁-၄-၂၀၁၂ ရက်မှစ၍ (၈ ဒသမ ၅)ရာခိုင်နှုန်းအထိ လည်းကောင်း လျှော့ချသတ်မှတ်ကောက်ခံဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ချေးငွေကျပ်(၁၀၀)ကို တစ်လလျှင် အတိုးနှုန်း(၇၁)ပြားနှုန်းသာ ကျခံရတော့မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ လက်ရှိကျင့်သုံးလျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်အရ ရင်းနှီးမြှုပ်နှံမှုတစ်ခုအတွက် ဖြစ်သင့်ဖြစ်ထိုက်သော အကျိုးဖြစ်ထွန်းမှုရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ အနေဖြင့်လည်း ဈေးကွက်ပေါက်ဈေးအရ တွက်ခြေကိုက်မှုရှိအောင် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသည့် မျိုးများကို ခေတ်မီနည်းစနစ်နှင့် ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဘဏ္ဍာငွေ စည်းကမ်းများနှင့်ညီညွတ်စွာ ဆောင်ရွက်ရန်ဖြစ်သည့်အတွက် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေအား အတိုးမဲ့ထုတ်ချေးမည့် အစီအစဉ်မရှိပါကြောင်း။

လက်လုပ်လက်စားပြည်သူများအား အတိုးမဲ့နေ့စဉ်ထုတ်ချေးပေးနိုင်သည့် စနစ်သစ်ဖြင့်ထူထောင်ပေးခြင်း ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ UNDP နှင့် သမဝါယမဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းစီမံချက်ကို အပူပိုင်းဇုန်၊ မြစ်ဝကျွန်းပေါ်ဇုန်နှင့် ရှမ်းပြည်နယ်ဇုန်တို့တွင် အကောင်အထည်ဖော်လျက်ရှိရာ ချေးငွေပမာဏမှာ အနည်းဆုံးငွေကျပ်(၅၀၀၀၀)မှ အများဆုံး ငွေကျပ် (၅၀၀၀၀၀)ထိဖြစ်ပါကြောင်း၊ ချေးငွေအပေါ် အတိုးနှုန်းမှာ တစ်နှစ်လျှင် စီးပွားရေးချေးငွေများအပေါ်တွင် (၃၀)ရာခိုင်နှုန်းနှင့် လူမှုရေးချေးငွေများအပေါ်တွင် (၂၄)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ချေးငွေအပေါ် အတိုးမှလွဲ၍ အကျိုးအမြတ်ရယူခြင်းနှင့် အခြားကုန်ကျစရိတ်များ ကောက်ခံခြင်းမရှိကြောင်း။

သမဝါယမဝန်ကြီးဌာနသည် နေ့စဉ်ဝင်ငွေရရှိသည့် လက်လုပ်လက်စားများကို မိသားစုဝင်ငွေတိုးတက် စေရန်နှင့် အပိုဝင်ငွေရရှိစေရန်အတွက် လက်လုပ်လက်စား ငွေစုငွေချေးသမဝါယမအသင်းများကို မြို့နယ်ပေါင်း(၆၆)မြို့နယ်၌ အသင်းပေါင်း(၂၅၂)သင်း စည်းရုံးဖွဲ့စည်းပေးခဲ့ပြီး အသင်းသားတစ်ဦးလျှင် ချေးငွေကျပ်(၃၀၀၀၀)ကို ထုတ်ချေးပေးခဲ့ပါကြောင်း၊ ထုတ်ချေးပေးသည့်ငွေကို နေ့စဉ်ဆပ်၊ လစဉ်ဆပ်စနစ်ဖြင့် အရင်းအတိုးပေးဆပ်စေခဲ့သည်မှာ ယနေ့ထိ ငွေကျပ်(၆၉၇ ဒသမ ၀၈၉)သန်းဖြစ်ပြီး ချေးငွေ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

အကျေပေးဆပ်သည့် အသင်းများကို နောက်တစ်ကြိမ်ပြန်လည်ထုတ်ချေးပေးပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်မှလည်းကောင်း၊ အခြားအဖွဲ့အစည်းများ အနေဖြင့်လည်းကောင်း၊ အတိုးမဲ့ချေးငွေထုတ်ချေးပေးနိုင်ခြင်းမရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **"လယ်ယာလုပ်ငန်းခွင်များတွင် အသုံးပြုလျက်ရှိသည့် ရွက်ဖျန်းပိုးသတ်ဆေးများသည် အန္တရာယ်အလွန်ကြီးမားသဖြင့် ပိုးသတ်ဆေးအန္တရာယ်ပညာပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ စနစ်တကျ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲနိုင်ရန်အတွက် လက်မှတ်ရသုံးစွဲသူသင်တန်း၊ လယ်သမားသင်တန်းကျောင်းများ(Farmer Field School) နှင့်တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် သီးနှံကာကွယ်ရေးဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် ယနေ့အထိ ပို့ချသည့်အကြိမ်ပေါင်းမှာ (၁၈၈၃)ကြိမ်ရှိပြီး တောင်သူနှင့် ဝန်ထမ်းများ စုစုပေါင်း(၁၁၇၁၈၂)ဦးအား လက်တွေ့ကွင်းဆင်းပို့ချပြီး ဖြစ်ပါကြောင်း။

ပိုးသတ်ဆေးများသည် အဆိပ်ရှိပစ္စည်းများဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျသုံးစွဲခြင်းပြုလုပ်နိုင်ရန် **ပိုးသတ်ဆေးဥပဒေ**ကို ၁၉၉၀ ပြည့်နှစ် မေ ၁၁ ရက်တွင် ပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ သုံးစွဲခွင့်ပြုမည့် ပိုးသတ်ဆေးများ ထိရောက်မှုရှိခြင်း၊ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အား အန္တရာယ်ရှိမှုနည်းစေခြင်း၊ ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲခြင်းကို ကြီးကြပ်ခြင်းနှင့် မှတ်ပုံတင်ထုတ်ပေးခြင်းပြုနိုင်ရန်အလို့ငှာ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကို ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း။

ပိုးသတ်ဆေးများနှင့် ပတ်သက်၍ ဥပဒေစည်းမျဉ်း စည်းကမ်းများကို မြို့နယ်များအထိ ရှင်းလင်းဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်များတွင် ပိုးသတ်ဆေးဆိုင်ရာစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိသော်လည်း ပိုးသတ်ဆေးများကို အပြိုင်အဆိုင်တင်သွင်းခြင်း၊ ရောင်းချဖြန့်ဖြူးခြင်းများ ရှိလာမှုကြောင့် အရည်အသွေးမမီသော ပိုးသတ်ဆေးများ၊ သုံးစွဲရန်သင့်တော်မှုမရှိသော ပိုးသတ်ဆေးများ ဈေးကွက်အတွင်းသို့ နည်းလမ်းမျိုးစုံဖြင့် ရောက်ရှိလာသည်ကိုတွေ့ရှိရပါကြောင်း။

အဆိုပါပိုးသတ်ဆေးများ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေမှုများ တွေ့ရှိပါက တောင်သူလယ်သမားများ နစ်နာမှုမရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်းနှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကလည်း ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ပေးရန်တိုက်တွန်းကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အသိပညာပေးနှိုးဆော်ချက်များကို သတင်းစာ၊ ရုပ်မြင်သံကြားနှင့် လယ်ယာစီးပွားသတင်းနှင့် အခြားထုတ်ဝေလျက်ရှိသည့် ဂျာနယ်များတွင် အစဉ်အမြဲထည့်သွင်း ထုတ်ပြန်အသိပေးကြေညာလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်၏ **"မိတ္ထီလာမြို့နယ် ဆည်အောင် ကျေးရွာရှိ ပိတောက်ပင်ဆည်အား ရေရှည်တည်တံ့ခိုင်ခံ့ရေးအတွက် ရေပိုလွှဲ၊ ရေတံခါး၊ ဆည်ပေါင်တို့ကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပိတောက်ပင်ဆည်သည် ကျေးရွာမှထိန်းသိမ်းထားသည့် ရေလွှဲဆည်ဖြစ်ပါကြောင်း၊ ဆည်ပေါင်အလျားပေ(၂၄၀၀)၊ အမြင့်(၁၆)ပေရှိပြီး ရေသောက်ဧရိယာ(၁၆၄)ဧကအား ဆည်ရေပေးဝေစိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ ဆည်မကြာခဏကျိုးပေါက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ၂၀၀၉ နှင့် ၂၀၁၂ ခုနှစ်များတွင် ပြုပြင်မှုများဆောင်ရွက်ပေးခဲ့ရပါကြောင်း။

ဆည်အတွင်းစီးဝင်လာသောရေများကို ထိန်းညှိပေးဝေနိုင်ရန်နှင့် ဆည်ပေါင်ကျိုးပေါက်မှု ကာကွယ်နိုင်ရန်အတွက် ပေ(၃၀)အကျယ် ရေပိုလွှဲတည်ဆောက်ခြင်း၊ ဆည်ပေါင်ခိုင်ခံ့မှုအတွက် အားဖြည့် တည်ဆောက်ခြင်းနှင့် ရေထုတ်ပေါက်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ရန်ပုံငွေခွင့်ပြုချက်နှင့် လုပ်ငန်းဆောင်ရွက်ခွင့် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်အဆိုပြုတင်ပြ၍ အတည်ပြုချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **"လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ကုန်သည်/စက်မှုများ အသင်း (RUMFCCI)တို့ပူးပေါင်းပြီး ဆီထွက်သီးနှံ လုံလောက်စွာထွက်ရှိနိုင်ရေး အစီအမံပြုလုပ်နိုင်သော စွမ်းအားရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် အများဆုံးစားသုံးမှုပြုနေသည့် ဆီများမှာ မြေပဲဆီ၊ နှမ်းဆီတို့ဖြစ်ကြောင်း၊ နေကြာဆီ၊ မုန်ညင်းဆီ၊ ပန်းနှမ်းဆီတို့ကိုလည်း အသုံးပြုမှုရှိပါကြောင်း၊ ဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် စားအုန်းဆီများကို ပြည်ပမှတင်သွင်းအသုံးပြုလျက်ရှိပြီး ဟင်းသီးဟင်းရွက်ဆီ အမျိုးအစားများလည်း ပြည်ပမှဝင်ရောက်ပါကြောင်း၊ ပြည်ပမှ စားအုန်းဆီများတင်သွင်းရာတွင် အရည်အသွေးစံချိန်စံညွှန်းများ မှန်ကန်ရေးနှင့် စည်းစနစ်ကျစွာ တင်သွင်းရေးကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

တရားမဝင် ဝင်ရောက်လာသော စားသုံးရန်မသင့်လျော်သည့် အမည်မသိ ဆီများကို အများပြည်သူ စားသုံးပါက အနေးနှင့် အမြန်ကျန်းမာရေး ထိခိုက်လာနိုင်သဖြင့် လုံးဝစားသုံးခြင်းမပြုရန် သတင်းစာနှင့် ဂျာနယ်များတွင် ထည့်သွင်းဖော်ပြပြီး စားသုံးသူများ သိရှိနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ အများပြည်သူကျန်းမာရေး ထိခိုက်နိုင်သည့် စားသုံးဆီအပါအဝင် အခြားစားသောက်ကုန်ပစ္စည်းများ တင်သွင်းရောင်းချမှုများ မရှိစေရေးအတွက် ကြိုတင်သတိပေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ယခင်က နှမ်းဖြူနှင့်နှမ်းနက်ကိုသာ ပြည်ပသို့တင်ပို့ခွင့်ပြုခဲ့ပြီး ၂၀၁၁ ခုနှစ် ဩဂုတ် ၉ ရက်မှစတင်ကာ မြေပဲဆန်၊ နှမ်းနီ၊ နှမ်းညိုနှင့် မြေပဲဆီ၊ နှမ်းဆီများကိုပါ ပြည်ပတင်ပို့ခွင့်ပြုပေးခဲ့ပါကြောင်း၊ ယင်းသို့တင်ပို့ခွင့်ပြုလိုက်သည့်အတွက် မြေပဲစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာသကဲ့သို့ ဆီထွက်သီးနှံမျိုးစုံ အဓိက စိုက်ပျိုးသည့် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများမှ တောင်သူများအနေဖြင့် တိုးတက်စိုက်ပျိုးထုတ်လုပ်လာပြီဖြစ်ကြောင်း၊ အဆင့်မီ ပဲဆီ၊ နှမ်းဆီကြိတ်ခွဲထုတ်လုပ်နိုင်ရန်အတွက် ဆီစက်လုပ်ငန်းရှင်များအသင်းဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အထွက်ကောင်းမြေပဲမျိုးများ(၁၀)ဧကမှ ဧက(၁၀၀)အထိ စံပြစိုက်ကွက်များ ဖော်ထုတ် စိုက်ပျိုးရေးကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် RUMFCCI က ဦးစီးပြီး အများပိုင်ကုမ္ပဏီများ၊ အထူးပြုကုမ္ပဏီများက ဖော်ထုတ်စိုက်ပျိုးရေး ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံဖူလုံရေးအတွက် နှစ်စဉ် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလာခဲ့ရာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဆီထွက်သီးနှံ စုစုပေါင်းဧက(၈ ဒသမ ၀၃)သန်း ဝန်းကျင် စိုက်ပျိုးလျက်ရှိကြောင်း၊ ဆီအုန်းသီးနှံကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေနှင့် စုစုပေါင်း (၃၃၁၇၆၇)ဧကစိုက်ပျိုးထားပြီး အသီးခူးနိုင်သည့်ဧက (၁၀၂၄၄၅)ဧကမှ လက်ရှိအထွက်နှုန်းအရ စားအုန်းဆီသန့်တန်ချိန် (၅၂၅၆၆) မက်ထရစ်တန် ထုတ်လုပ်ရရှိနိုင်သည်ကို တွေ့ရှိရပါကြောင်း။

စားသုံးဆီလိုအပ်မှုရှိနေသည့် အကြောင်းရင်းများတွင် မြေပဲ၊ နှမ်းစသည့်အဓိက ဆီထွက်သီးနှံများကို သီးနှံစေ့အနေဖြင့် ပြည်ပတင်ပို့မှုရှိနေသည့်အတွက် ဆီထုတ်ယူရရှိမှုလျော့နည်းနိုင်ပါကြောင်း၊ စားအုန်းဆီ၊ ဆီချောဆီသန့်ထုတ်လုပ်မှုကိုလည်း တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်ပါကြောင်း၊ လက်ရှိစိုက်ပျိုးလျက်ရှိသော နှစ်ချင်းစိုက် ဆီထွက်သီးနှံများအား တစ်ဧကအထွက်နှုန်း ပိုမိုထွက်ရှိစေရန် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲတိုးချဲ့စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်နေပါကြောင်း၊ ဆီထွက်သီးနှံများ လုံလောက်စွာထွက်ရှိရေးကို တစ်ဖက်က ကြိုးပမ်းဆောင်ရွက်သကဲ့သို့ ပြည်ပပို့ကုန်အနေဖြင့်လည်း ပြည်တွင်းစားသုံးဆီ လိုအပ်မှုနှင့် မြေပဲ၊ နှမ်း၊ နေကြာ စသည့်သီးနှံများ တင်ပို့ခြင်းတို့ကို ချိန်ဆဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဆီထွက်သီးနှံများ လုံလောက်စွာထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရာတွင် လုပ်ငန်းအဆင့်အားလုံးတို့၌ ပုဂ္ဂလိကကဏ္ဍများမှ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဟန်ချက်ညီညီ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုနည်းတူ ဆီအုန်းသီးနှံမှ ဆီချောဆီသန့်အဖြစ် အပြည့်အဝ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ်သော လုပ်ဆောင်ချက်များကိုလည်း အပြည့်အဝ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်း** ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေကြမ်း** ကို အတည်ပြုရန် အဆိုတင်သွင်းရာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးအောင်မြင့်သိန်းက ထောက်ခံသည်။

ယင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစံထွန်းက **နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်** စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက **နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**ကို အတည်ပြုရန် အဆိုတင်သွင်းရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော် (ခ) ကိုပေါက်က ထောက်ခံသည်။

ယင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့် **"နိုင်ငံတော်၏ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းကြီးများသည် ဘက်ပေါင်းစုံမှ ရေရှည်ထိရောက်အကျိုးပြုစေရန် သီးခြားလွတ်လပ်သော အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့များ ငှားရမ်းဆောင်ရွက်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့်တို့က ထောက်ခံဆွေးနွေးကြရာတွင် ယခုအခါ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှပါ စိတ်ဝင်စားလျက်ရှိကြောင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းမှန်သမျှ မိမိနိုင်ငံအတွက် ထိုက်ထိုက်တန်တန်ရရှိပြီး နှစ်ဦးနှစ်ဖက်မျှတစွာ အကျိုးခံစားခွင့်များ ရရှိရန်လိုကြောင်း၊ ယနေ့ ဝန်ကြီးဌာနအချို့၏ ကျင့်သုံးမှုများကို လေ့လာပါက စီမံကိန်းဆိုင်ရာ ကွင်းဆင်းလေ့လာခြင်း၊ အချက်အလက်စုဆောင်းခြင်း၊ ဒီဇိုင်းပုံစံပြုစုခြင်း စသည်တို့တွင် အစမှအဆုံးအထိ လိုက်ပါဆောင်ရွက်လုပ်ကိုင်

စားသုံးဆီ လိုအပ်မှုနှင့် မြေပဲ၊ နှမ်း၊ နေကြာ စသည့်သီးနှံများ တင်ပို့ခြင်းတို့ကို ချိန်ဆဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဆီထွက်သီးနှံများ လုံလောက်စွာထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရာတွင် လုပ်ငန်းအဆင့်အားလုံးတို့၌ ပုဂ္ဂလိကကဏ္ဍများမှ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဟန်ချက်ညီညီ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုနည်းတူ ဆီအုန်းသီးနှံမှ ဆီချောဆီသန့်အဖြစ် အပြည့်အဝ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ်သော လုပ်ဆောင်ချက်များကိုလည်း အပြည့်အဝ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်း** ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေကြမ်း** ကို အတည်ပြုရန် အဆိုတင်သွင်းရာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးအောင်မြင့်သိန်းက ထောက်ခံသည်။

ယင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစံထွန်းက **နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်** စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက **နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**ကို အတည်ပြုရန် အဆိုတင်သွင်းရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော် (ခ) ကိုပေါက်က ထောက်ခံသည်။

ယင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့် **"နိုင်ငံတော်၏ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းကြီးများသည် ဘက်ပေါင်းစုံမှ ရေရှည်ထိရောက်အကျိုးပြုစေရန် သီးခြားလွတ်လပ်သော အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့များ ငှားရမ်းဆောင်ရွက်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွှန့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့်တို့က ထောက်ခံဆွေးနွေးကြရာတွင် ယခုအခါ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှပါ စိတ်ဝင်စားလျက်ရှိကြောင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းမှန်သမျှ မိမိနိုင်ငံအတွက် ထိုက်ထိုက်တန်တန်ရရှိပြီး နှစ်ဦးနှစ်ဖက်မျှတစွာ အကျိုးခံစားခွင့်များ ရရှိရန် လိုကြောင်း၊ ယနေ့ ဝန်ကြီးဌာနအချို့၏ ကျင့်သုံးမှုများကို လေ့လာပါက စီမံကိန်းဆိုင်ရာ ကွင်းဆင်းလေ့လာခြင်း၊ အချက်အလက်စုဆောင်းခြင်း၊ ဒီဇိုင်းပုံစံပြုစုခြင်း စသည်တို့တွင် အစမှအဆုံးအထိ လိုက်ပါဆောင်ရွက်လုပ်ကိုင်နိုင်ခြင်း မရှိသည်ကို တွေ့ရကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု ပြုလုပ်ကြသော ကုမ္ပဏီများ၏ အတိုင်ပင်ခံ ထောက်ခံချက်ဖြင့်သာ အဆုံးသတ်ကြပါကြောင်း၊ စီမံကိန်းပြီးစီး၍ စီးပွားဖြစ် လည်ပတ်ထုတ်လုပ်နိုင်သည့် လုပ်ကိုင်ခွင့်ကာလ Concession Period ဥပမာ နှစ်(၃၀) (၄၀) (၅၀) စသည်ဖြင့် ကုန်ဆုံးပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲအပ်ချိန်တွင် သုံးမရသည့် အခြေအနေမျိုး မဖြစ်စေရန် လွန်စွာမှ အရေးကြီးကြောင်း။

ပြည်ပမှ ပူးပေါင်းပါဝင်ရင်းနှီးမြှုပ်နှံမှုများကို ဝမ်းမြောက်စွာ ကြိုဆိုရမည်ဖြစ်သော်လည်း နှစ်ဦးနှစ်ဖက် မျှမျှတတအကျိုးရှိသည့် မူဝါဒ Win Win Policy ကို အခြေခံမှသာ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ငွေကြေးအကူအညီရယူဆောင်ရွက်နေကြရသည့် စီမံကိန်းများ၏ နည်းစနစ်/နည်းပညာရပ်ပိုင်း အာမခံချက် ရရှိရေး၊ ပေးသွင်းလာမည့် ပစ္စည်းများ၏ စံချိန်စံညွှန်းမီပြီး အာမခံကာလအတွင်း ရေရှည် အသုံးခံရေး၊ နည်းပညာလွှဲပြောင်းရယူရေး စသည်တို့ကို မျက်ခြည်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ နည်းပညာပိုင်းဆိုင်ရာ အားနည်းချက်အပေါ် အခွင့်ကောင်းယူပြီး အရည်အသွေး မပြည့်ဝသည့် စက်ရုံ အလုပ်ရုံ၊ လေဆိပ်၊ ဟိုတယ်၊ ရေကာတာ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ ရေနက်ဆိပ်ကမ်း၊ ဓာတ်အားပေးစက်ရုံ၊ လမ်း၊ တံတား စသည်တို့ကို တော်ရုံတန်ရုံ စံချိန်စံညွှန်းမျှနှင့် တည်ဆောက်သွားကြမည်ဆိုလျှင် ယင်းတို့၏ Operation Period ကုန်ဆုံးပြီးနောက် မိမိတို့လက်ထဲ ပြန်အပ်သည့်အခါ အကျိုးမရှိသည့်အပြင် အပျက်အစီးများ ပြုပြင်နေရသည်နှင့် အရှုံးပင်ပေါ်နိုင်ကြောင်း။

လွဲမှားသည့် စီမံကိန်းများ၏ ဆိုးကျိုးသည် ချက်ချင်းမပေါ်ပေါက်လာတတ်သော်လည်း ကြာလာသည်နှင့်အမျှ ကုစား၍ မရနိုင်လောက်အောင် နက်နက်ရှိုင်းရှိုင်း ခံစားတတ်ရလေ့ရှိကြောင်း၊ မိမိတို့၏ သဘာဝသယံဇာတများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ပျက်စီးယိုယွင်းမှု အနိမ့်ဆုံးနှင့် အကျိုးအမြတ် မြင့်မြင့်မားမား ရရှိရေးအတွက် ဆောင်ရွက်ရာတွင် ပညာရှင်အဖွဲ့များကို မဖြစ်မနေ အသုံးပြုရမည်ဖြစ်ကြောင်း၊ ထို့ပြင် လွတ်လပ်ပွင့်လင်းမှု ရှိရေးသည်လည်း လိုအပ်ပါကြောင်း၊ ပွင့်လင်းမြင်သာမှုမရှိပါက မိမိတို့၏ အကျိုးစီးပွားကို စောင့်ရှောက်နိုင်ရန် ခက်ခဲပါကြောင်းဖြင့် ဆွေးနွေးကြသည်။

အဆိုနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် အရင်းကျေကာလနှင့် အကျိုးအမြတ်ပြန်ပေါ်နှုန်းတို့ကို နှစ်ဖက်လက်မှတ်မရေးထိုးမီ သေချာစွာတွက်ချက်ပြီးမှ စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးခြင်းနှင့် စာချုပ်ပါ ကတိကဝတ်အတိုင်း ဖြစ်မလာလျှင် မည်သို့ အရေးယူဆောင်ရွက်သင့်သည်ကို စတင်ချုပ်ဆိုစဉ်ပင် ထည့်သွင်းဖော်ပြထားပြီး နိုင်ငံတော်အတွက် တန်ရာတန်ကြေး မရလျှင် စာချုပ်နှင့်အညီ ဥပဒေအရ ဆောင်ရွက်သွားသင့်သည်ဟု ယူဆပါကြောင်း။

ယခင်အစိုးရလက်ထက်က စီးပွားရေးပိတ်ဆို့မှုကြောင့် တတိယအဖွဲ့အစည်း အတိုင်ပင်ခံ အင်ဂျင်နီယာ ငှားရမ်းစစ်ဆေးရေးပြုရန် နိုင်ငံတော်နှင့် ဝန်ကြီးဌာနများအနေဖြင့် ကန့်သတ်ချက်ရှိခဲ့သည်ဖြစ်သော်လည်း ယခုအခါတွင် နိုင်ငံတကာ အဖွဲ့အစည်းများက မြန်မာနိုင်ငံအပေါ် နည်းပညာကျွမ်းကျင်မှု အကူအညီများ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လိုကြောင်း ကမ်းလှမ်းမှု အများအပြားရှိလာသည့်အတွက် အချို့စီမံကိန်းလုပ်ငန်းများတွင် နည်းပညာကျွမ်းကျင်မှု အကူအညီအဖြစ်လည်းကောင်း၊ အချို့နေရာများတွင် အခကြေးငွေဖြင့် ငှားရမ်း၍ လည်းကောင်း စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်ကြောင်း။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၂)ဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ **စီမံကိန်းကော်မရှင်**ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန် ဖော်ထုတ်လုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် မထိခိုက်စေရန်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် တတိယအဖွဲ့အစည်းကျွမ်းကျင်သူ အတိုင်ပင်ခံအဖွဲ့ ငှားရမ်းဆောင်ရွက်ရေး ကြီးကြပ်စီစဉ်ဆောင်ရွက်နေကြောင်း၊ နောင်အခါတွင် အထူးစီးပွားရေးဇုန်သာမက သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်မထိခိုက်ရေး၊ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက် ကိန်းဂဏန်းများနှင့် အရင်းကျေမှု၊ အကျိုးအမြတ်ပြန်ပေါ်မှုများ မှန်ကန်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က စက်ခလုတ်နှိပ်၍ ဆန္ဒမဲပေးသည့်နည်းလမ်းဖြင့် ဆန္ဒရယူရာ အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရပ်နားပြီး (၂၁)ရက်မြောက်နေ့ အစည်းအဝေးကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့ အစည်းအဝေး၌ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခု အတည်ပြုခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ (သတင်းစဉ်)

လယ်ယာကဏ္ဍတွင် လုပ်သားများအလွန်ရှားပါးနေမှုအခက်အခဲ ကြုံတွေ့နေ အခက်အခဲများကို ကူညီဝိုင်းဝန်းဖြေရှင်းပေးကြရန်မှာ လက်ငင်းတာဝန်ပင်ဖြစ်

နေပြည်တော် ဩဂုတ် ၆

မန္တလေးတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၀-၂၀၁၁ ခုနှစ် သီးနှံစိုက်ပျိုးနိုင်မှုတွင် သီးနှံစုံ စုစုပေါင်း ၆၁၇၂၃၈၆ ဧက ကို အသားတင်စိုက်ဧက ၃၃၁၇၆၅၂ ဧက၊ သီးထပ်စိုက်ဧက ၁၄၈၈၆၆၈၊ သီးညှပ်စိုက်ဧက ၁၃၆၆၀၆၆ ဧက စိုက်ပျိုးခဲ့သဖြင့် သီးနှံစိုက်စွမ်းအား ၁၈၆ ရာခိုင်နှုန်းအထိ တိုးတက်စိုက်ပျိုးနိုင်ပြီး မြေအသုံးချမှုကဏ္ဍကို အကျိုးရှိရှိ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

ယနေ့အချိန်အခါတွင် လယ်သမားများ၏ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ၌ ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံအထွက်နှုန်းလျော့နည်းလာမှု၊ ရင်းနှီးမြှုပ်နှံနိုင်မှု စွမ်းအားမပြည့်စုံမှုကြောင့် သီးနှံထုတ်လုပ်မှုကျဆင်းခြင်း၊ သီးနှံဈေးနှုန်းများကျဆင်းခြင်းစသည့် အကြောင်းများကြောင့် အကျိုးအမြတ် တွက်ခြေကိုက်မှုနည်းပါးလာသည့်အတွက် မိမိတို့၏ လူနေမှုဘဝ ရပ်တည်နိုင်ရန် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို စွန့်ခွာကြပြီး မြို့ပြဒေသများနှင့် နိုင်ငံရပ်ခြားတိုင်းပြည်များသို့ ပြောင်းရွှေ့၍ အဆင့်နိမ့်လုပ်ငန်းများကိုပင် မလွှဲမရှောင်သာ လုပ်ကိုင်နေကြရသည်ကို အားလုံး ပကတိ တွေ့မြင်သိရှိနေကြရကြောင်း။

တိုင်းဒေသကြီးအတွင်း မန္တလေးမြို့ပတ်ဝန်းကျင်အပါအဝင် လယ်ယာကဏ္ဍတွင် လုပ်သားများ အလွန်ရှားပါးနေမှုအခက်အခဲ ကြုံတွေ့နေရကြောင်း၊ လယ်ယာလုပ်ငန်းခွင်တွင် ပင်ပင်ပန်းပန်းဖြင့် လုပ်ကိုင်နေရသော်လည်း တစ်နေ့အလုပ်သမားများ၏ လုပ်ခဝင်ငွေမှာ ကျပ် ၂၀၀၀ ဝန်းကျင်တွင်ရှိပြီး အရိပ်အကာအောက်တွင် သက်သောင့်သက်သာ လုပ်သားများအဖြစ် ဥပမာ စားသောက်ဆိုင်လုပ်သားများ၊ ကုန်တိုက်အလုပ်သမားများ၊ နေကြာစေ့ထုတ်သော လုပ်ငန်းများ စသည့်လုပ်ငန်းများတွင် တစ်နေ့လုပ်အားခ ကျပ် ၃၀၀၀-၄၀၀၀ ရရှိလာခြင်းကြောင့် လယ်ယာလုပ်သားများ ရှားပါးလာရခြင်းဖြစ်ကြောင်း။

ဤကဲ့သို့သော အခြေအနေများပေါ်တွင် နိုင်ငံတော်အစိုးရ၊ ပြည်နယ်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ လုပ်ငန်းရှင်များ ငွေကြေးအရင်းအနှီး ကြွယ်ဝသူများက အများစုဖြစ်သော လယ်သမားတို့၏ လယ်ယာလုပ်ငန်းခွင်အခက်အခဲများကို ကူညီဝိုင်းဝန်းဖြေရှင်းပေးကြပြီး ဆင်းရဲတွင်းမှ လွတ်ကင်းအောင် ဆောင်ရွက်ပေးကြရန်မှာ ယနေ့အဓိက ဦးစားပေးဆောင်ရွက်ကြရမည့် မိမိတို့အားလုံး၏ လက်ငင်းတာဝန်ပင်ဖြစ်ကြောင်း၊ အစ-အလယ်-အဆုံးတိုင် ကူညီရိုင်းပင်းဖြေရှင်းပေးကြရမည်ဖြစ်ကြောင်း။

ဆန်စပါးသီးနှံအပါအဝင် ဒေသတွင်းဖြစ်ထွန်းအောင်မြင်သည့် အဓိကသီးနှံများကို တန်ဖိုးမြင့်ထုတ်ကုန် (Value Added Products) များ ထုတ်လုပ်တင်ပို့ရောင်းချနိုင်သည့် အဆင့်သို့ ခေတ်မီဆန်အချောကိုင်စက်ရုံကြီးများ၊ စိုက်ပျိုးရေး အခြေခံသည့် စက်မှုလုပ်ငန်းများ(Agrobased Industry) များနှင့် S.M.E လုပ်ငန်းများ တည်ထောင်နိုင်ရေး ပြည်တွင်းငွေကြေးအရင်းအနှီးရှိကြသည့် လုပ်ငန်းရှင်များကို အားပေးကူညီခြင်း၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်နိုင်ရန် စည်းရုံးခြင်း နည်းလမ်းများဖြင့် အကောင်အထည်ဖော်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ဤသို့ Total Solution လုပ်ငန်းကို ချက်ချင်း တိုင်းတစ်တိုင်းလုံးလွှမ်းခြုံပြီး အကောင်အထည်မဖော်နိုင်သည့်တိုင်အောင် ရှေ့ပြေးအဖြစ် မြို့နယ်တစ်မြို့နယ်ကို ရွေးချယ်၍ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ချိတ်ဆက်ပြီး တစ်မြို့နယ်လုံးရှိ တောင်သူလယ်သမားများ လက်တွေ့အကျိုး ခံစားရရှိနိုင်စေရန် အကောင်အထည်ဖော်ပြီး တစ်မြို့နယ်မှ တစ်ဆင့် တစ်တိုင်းလုံးပျံ့နှံ့အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့နိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ကမ္ဘာ့နိုင်ငံများနှင့်လည်းကောင်း၊ ပတ်ဝန်းကျင်နိုင်ငံများနှင့် လည်းကောင်း နိုင်ငံရေး၊ စီးပွားရေးကဏ္ဍနယ်ပယ်အသီးသီးတွင် အပြန်အလှန် ပူးပေါင်းဆက်သွယ်လျက်ရှိနေရာ အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Community) သဘောတူညီချက်အရ လာမည့် ၂၀၁၅ ခုနှစ်တွင် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်(Asean Free Trade Agreement) ကို လိုက်နာကြရမည်ဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်အရ ထိုကာလတွင် လွတ်လပ်စွာကုန်စည်စီးဆင်းမှု(Free Flow of Goods)၊ လွတ်လပ်စွာဝန်ဆောင်မှု (Free Flow of Services)၊ လွတ်လပ်စွာရင်းနှီးမြှုပ်နှံမှု(Free Flow of Investments)၊ လွတ်လပ်စွာ ငွေကြေးစီးဆင်းမှု(Free Flow of Capitals)၊ လွတ်လပ်စွာ ကျွမ်းကျင်လုပ်သားများစီးဆင်းမှု(Free Flow of Skilled Labour) ဟူသည့် (၅)ချက်ကို ပါဝင်လိုက်နာကျင့်သုံးကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဆွေးနွေးအမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်ရေး၊ သမဝါယမအသင်း၊ လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းများ ဖွဲ့စည်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိကြရာတွင် ပုသိမ်ကြီးမြို့နယ် မြနန္ဒာကျေးလက်ဒေသဖွံ့ဖြိုးရေး အသေးစားငွေစုငွေချေးသမဝါယမအသင်း၊ မတ္တရာမြို့နယ် ရေနံ့သာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၊ ကျောက်ဆည်မြို့နယ် ပနန်ပန်းခွာ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းတို့သည် တိုးတက်အောင်မြင်နေကြသော အသင်းများဖြစ်ကြကြောင်း၊ ဤအသင်းများသည် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်၊ စပါးအခြောက်ခံစက်၊ လက်တွန်းထွန်စက်များဖြင့် ဆောင်ရွက်လျက်ရှိကြကြောင်း၊ ကျေးလက်ဒေသကို အခြေခံပြီး ဖွဲ့စည်းထားသော အသင်းများဖြစ်ခြင်းကြောင့် အသင်းသားတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ(Social Economy) မြင့်မားလာစေရန် ဘာသာရေးလုပ်ငန်းများအား နှစ်စဉ် ဆောင်ရွက်ပေးနေပြီး အသင်းသားများ၏ သာရေး၊ နာရေး၊ လူမှုရေးအခက်အခဲများအတွက် အရေးပေါ်ချေးငွေများ ထုတ်ချေးဆောင်ရွက်ပေးနိုင်သည့်အတွက် အသင်းသားများ၏ ယုံကြည်အားကိုးမှုရရှိကာ စံပြအသင်းများ ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့ပြင် စိန်ပန်းစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းသည် လူသိများသော သမဝါယမအသင်းဖြစ်ကြောင်း၊ နိုင်ငံတော်က တည်ဆောက်ခဲ့သည့် ဆပ်ပြာစက်ရုံ၊ အုတ်စက်ရုံများအတွက် လိုအပ်သော စက်ပစ္စည်းများကို တာဝန်ယူထုတ်လုပ်ပေးခဲ့ပြီး လယ်ယာသုံးစက်ကိရိယာများနှင့် အခြားစက်ကိရိယာ စက်အပိုပစ္စည်းများ ထုတ်လုပ်ပေးလျက်ရှိကြောင်း။

တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ပိုင် နို့ချက်စက်ရုံကလည်း နိုင်ငံတကာအဆင့်အတန်းရှိသော အရည်အသွေးပြည့်မီသည့် နို့ဆီများထုတ်လုပ်ဆောင်ရွက်လျက်ရှိပြီး ရတနာပူရ မြန်မာလက်မှုအနုပညာပြတိုက်နှင့် အရောင်းဆိုင်များသည်လည်း ပြည်တွင်း ပြည်ပ ဧည့်သည်များ လာရောက်လေ့လာကြပြီး မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်မှုအနုပညာပစ္စည်းများ ရောင်းချခြင်းဖြင့် နိုင်ငံတော် ဝင်ငွေရှာဖွေပေးလျက်ရှိကြောင်း။

မန္တလေးတိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းသည် ဝန်ထမ်းများအတွက် မြန်မာနိုင်ငံတွင် ပထမဆုံးပေါ်ပေါက်ခဲ့သော သမဝါယမအသင်း တစ်သင်းဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် GEC ဆေးရုံ၊ ဆီစက်လုပ်ငန်း၊ သကြားစက်လုပ်ငန်း၊ ဘော်ဒါဆောင်လုပ်ငန်း၊ အရောင်းဆိုင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ဝင်ငွေရရှိရေးအတွက် ပြည်ပပို့ကုန်လုပ်ငန်းကိုလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ GEC ဆေးရုံအနေဖြင့် ခွဲစိတ်ခန်း၊ သားဖွားခန်းများအပြင် ECG, Ultra Sound, X-Ray စသည့် ခေတ်မီစက်ကိရိယာများကို အသုံးပြုပြီး အထူးကုဆရာဝန်ကြီးများဖြင့် ၂၄ နာရီ ပြည်သူများအတွက် ကျန်းမာရေး ဝန်ဆောင်မှုပေးလျက်ရှိကြောင်း။

ဟိုတယ်လုပ်ငန်းများကို ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ ကြယ်ငါးပွင့်အဆင့်ရှိ ပုဂံဟိုတယ်၊ မိုးကုတ်မြို့နယ် သမဝါယမအသင်းစု၏ ပတ္တမြားငမောက်ဟိုတယ်၊ ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစု၏ အေးချမ်းသပြေဟိုတယ်နှင့် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု၏ သုခမြိုင်မိုတယ်များမှ ဆောင်ရွက်လျက်ရှိပြီး ဝန်ဆောင်မှုလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နေကြသော သမဝါယမအသင်းများဖြစ်ကြောင်း။

ဈေးသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ရာမှာ ပြင်ဦးလွင်မြို့နယ် ဈေးသမဝါယမအသင်းအနေဖြင့် လှည့်လည်ရင်းနှီးငွေ ကျပ်သိန်းပေါင်း ၂၀၀၀၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများကိုသာမကဘဲ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များရှိ သမဝါယမအသင်းများအတွက် မတည်ရင်းနှီးငွေများကို သမဝါယမအသင်းအချင်းချင်း ကူညီပံ့ပိုးသည့် စနစ်ဖြင့် ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

မန္တလေးတိုင်းဒေသကြီး၏ လူတစ်ဦးတစ်နှစ် အသား၊ နို့၊ ဥ စားသုံးမှုသည် နည်းနေသေးသည့်အတွက် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူလုပ်ကိုင်ကြရန် တိုက်တွန်းလိုကြောင်း၊ လိုအပ်သော တိရစ္ဆာန်အစားအစာ ကုန်ကျငွေတန်ဖိုးနှင့် မတည်ငွေများကို သမဝါယမစနစ်များအသုံးပြုကာ အသင်းအစုအဖွဲ့များ ဖွဲ့စည်းပြီး ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။

အသားထုတ်လုပ်မှုအနေဖြင့် သားသတ်လိုင်စင်စီစနစ်အား ဆက်လက်ကျင့်သုံးရန် လို၊ မလို၊ ကိုယ်တိုင်ထုတ်လုပ်သူက ရောင်းချသည့် အခွန်လွတ်ဈေးများတွင် လွတ်လွတ်လပ်လပ် ရောင်းချခွင့်ရရှိရေး စီမံဆောင်ရွက် သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုဖော်ဆောင်ရာတွင် ပြည်တွင်းဖူလုံပိုလျှံက ပြည်ပပို့ဆိုသကဲ့သို့ ပိုလျှံနေသော ကျွဲ၊ နွားများနှင့် အလားတူ အခြားတိရစ္ဆာန်များကို ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရေးနှင့် ပြည်ပဈေးကွက်တွင် ရောင်းချနိုင်ရေးအတွက် ဝယ်ယူမည့် နိုင်ငံများနှင့် တိုက်ရိုက်လက်ခံဆွေးနွေးပြီး တရားဝင်ရောင်းဝယ်ဖောက်ကားနိုင်စေရေး၊ နွားပိုင်ရှင်များ အပိုကုန်ကျစရိတ်သက်သာ၍ ဝင်ငွေပိုမိုရရှိစေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များမှ လုပ်ငန်းရှင်ကြီးများ၊ ရောင်းချမည့်အဖွဲ့များနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သား၊ ငါးမွေးမြူထုတ်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်သော သင်တန်းများကိုလည်း ဒေသအလိုက် စီစဉ်ပေးသွားမည်ဖြစ်သကဲ့သို့ လူငယ်လူရွယ်များကို ခေတ်မီမွေးမြူရေးအတတ်ပညာများ၊ သမဝါယမပညာများ တတ်မြောက်စေရေးအတွက် Youth Cooperator များအဖြစ် စည်းရုံးဖွဲ့စည်း၍ ပြည်ပနိုင်ငံများသို့ စေလွှတ်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာပါက မိမိရပ်ရွာဒေသတွင် စီးပွားဖြစ် သား၊ ငါးမွေးမြူကုန်ထုတ်လုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဈေးကွက် ရရှိရေးအပိုင်းတွင် ပြည်တွင်း၌ လွတ်လွတ်လပ်လပ်သယ်ယူရောင်းချနိုင်ရေး၊ အစားအစာဖူလုံရေး (Food Security)စီမံဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဘေးအန္တရာယ်ကင်းသော အစားအစာအပိုင်းကိုလည်း ဥပဒေနှင့်အညီ စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချလိုပါကလည်း သက်ဆိုင်ရာဌာနများမှ ရောဂါရှိ/မရှိ၊ အန္တရာယ်ဖြစ်စေမည့် ဓာတ်ကြွင်း/ဓာတ်ကျန်များရှိ/မရှိ စစ်ဆေးပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဆွေးနွေးအမှာစကားပြောကြားရာတွင် ကုန်သွယ်မှုနှင့်ဆိုင်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်ရေးလုပ်ထုံးလုပ်နည်းသင်တန်းများနှင့် Trade Training Institute ကို ဧပြီ ၃ ရက်မှ စတင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်းများ ပို့ချပေးလျက်ရှိကြောင်း။

လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ဖြစ်ပေါ်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပေးခဲ့ကြောင်း၊ ဆန်စပါး အထူးပြုကုမ္ပဏီ ၅၇ ခု၊ ပဲမျိုးစုံ အထူးပြုကုမ္ပဏီ ၂၂ ခုနှင့် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီတစ်ခု ဖွဲ့စည်းပြီး တောင်သူများသို့ မျိုး၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်ချေးငွေ ၃၆ ဒသမ ၂၅၉ ဘီလီယံ တိုးတက်ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်က ယခုလိုဖြေလျှော့မှုများကို ဆောင်ရွက်ပေးလျက်ရှိသည့် အချိန်တွင် ကုန်သည်လုပ်ငန်းရှင်များအနေ

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ✻

ဇွဲကပင်အသင်း ရက္ခပူရကိုအနိုင်ကစား တန်းဆင်းဇုန်မှလွတ်ရန် အခြေအနေကောင်း

ရန်ကုန် ဩဂုတ် ၆

MNL Myanmar 2012 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၂၂) နောက်ဆုံးနေ့ကို ယနေ့ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဇွဲကပင်အသင်းက ရက္ခပူရအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

တန်းဆင်းဇုန်အန္တရာယ်ထဲ ကျရောက်နေသည့် ဇွဲကပင်အသင်းမှာ ရက္ခပူရအသင်းကို အနိုင်ကစားပြီး MNL တွင် ဆက်ရှိနေရန် အခြေအနေကောင်းသွားခဲ့သည်။ ဒုတိယအကျော့တွင် ရလဒ်ကောင်းများ ဆက်တိုက်ရရှိနေသည့် ရက္ခပူရအသင်းကို ဇွဲကပင်အသင်းက အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့ပြီး နိုင်ပွဲရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ဇွဲကပင်အသင်းမှာ တန်ပြန်တိုက်စစ်ပုံစံဖြင့် ကစားခဲ့ပြီး မိနစ် ၇၀တွင် တစ်လုံးတည်းသော အနိုင်ဂိုးရရှိခဲ့သည်။ ဘယ်ထောင့်ကန်ဘောမှတစ်ဆင့် အောင်သူဝင်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၂၂)အပြီးတွင် ရတနာပုံအသင်းက (၄၉)မှတ်ဖြင့် ပထမ၊ ရန်ကုန်အသင်းက ရမှတ်(၄၈)မှတ်ဖြင့် ဒုတိယ၊ ကမ္ဘောဇအသင်းက ရမှတ်(၄၇)မှတ် ရရှိကာ ထိပ်ဆုံးနေရာအတွက် အပြိုင်ဖြစ်နေသည်။ ဇေယျာရွှေမြေအသင်းက ရမှတ် (၄၂)ဖြင့် စတုတ္ထနေရာမှ လိုက်နေပြီး နေပြည်တော်အသင်းက (၃၉)မှတ်ဖြင့် ပဥ္စမ၊ ရောဝတီအသင်းက (၃၈)မှတ်ဖြင့် ဆဌမနေရာတို့တွင် ရပ်တည်နေကြသည်။

ရက္ခပူရအသင်းမှ ကျော်ကျော်ချစ်၏ ထိုးဖောက်ဂိုးသွင်းမှုကို ဇွဲကပင်ဂိုးသမား ဟန်မင်းထွန်း ကာကွယ်စဉ်။

MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ဆူဇူကီးဖလားခြေစစ်ပွဲဝင်မည့် မြန်မာလက်ရွေးစင်အသင်း၏ ခြေစမ်းပွဲများရှိသောကြောင့် တစ်ပတ်ရပ်နားမည်ဖြစ်ပြီး ဩဂုတ် ၁၈ ရက်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

ဇူလိုင်လအတွက် အကောင်းဆုံးဆုများကို ဦးစိုးမိုး(ဇေယျာရွှေမြေ)နှင့် အန်ဒရေ(ရက္ခပူရ)တို့ ရရှိ

ဇူလိုင်လအတွက် အကောင်းဆုံးဆုရရှိကြသော ဇေယျာရွှေမြေနည်းပြ ဦးစိုးမိုးနှင့် ရက္ခပူရတိုက်စစ်မှူး အန်ဒရေ။

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လက်ရှိကျင်းပနေသည့် ၂၀၁၂ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ၏ ဇူလိုင်လအတွက် တစ်လတာအကောင်းဆုံးဆုများကို ရွေးချယ်ခဲ့ရာ နည်းပြဆုကို ဦးစိုးမိုး (ဇေယျာရွှေမြေ)နှင့် ကစားသမားဆုကို အန်ဒရေ(ရက္ခပူရ)တို့က ရရှိခဲ့သည်။

ယင်းအကောင်းဆုံးဆုများကို ဩဂုတ် ၆ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဇွဲကပင်နှင့် ရက္ခပူရတို့၏ ပွဲစဉ်ပထမပိုင်းအပြီးတွင် ပေးအပ်ချီးမြှင့်ခဲ့ပြီး နည်းပြဆုရ ဦးစိုးမိုးအား ကျပ်ငါးသိန်းနှင့် ဆုတံဆိပ်၊ ကစားသမားဆုရ အန်ဒရေအား ကျပ် ၁၀ သိန်းနှင့် ဆုတံဆိပ်ကို ချီးမြှင့်ခဲ့သည်။ အဆိုပါဆုများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဇွဲကပင် ယူနိုက်တက်ဥက္ကဋ္ဌ ဦးလှဌေး၊ ရက္ခပူရအသင်းဥက္ကဋ္ဌ ဦးဇော်မင်းသိန်းတို့က တက်ရောက်ချီးမြှင့်ခဲ့သည်။

ဇေယျာရွှေမြေအသင်းသည် ဇူလိုင်လအတွင်း ယှဉ်ပြိုင်ခဲ့သည့် လေးပွဲစလုံးကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် ဦးစိုးမိုးမှာ အကောင်းဆုံးနည်းပြအဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။ ရက္ခပူရတိုက်စစ်မှူး အန်ဒရေမှာလည်း ရက္ခပူရအသင်းနိုင်ပွဲများရရှိစေရန် အဓိကစွမ်းဆောင်ပေးခဲ့ပြီး ကိုယ်တိုင်လည်း လေးဂိုးအထိ သွင်းယူပေးခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ချစ်ကိုကို

* စာမျက်နှာ ၉ မှ

ဖြင့်လည်း ကုန်သွယ်မှုပိုမိုတိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော တရားမဝင်နယ်စပ်ထွက်ပေါက်များမှတစ်ဆင့် တရားမဝင်မှောင်ခိုကုန်သွယ်မှုများလည်း ရှိနေကြောင်း၊ တရားမဝင် မှောင်ခိုကုန်သွယ်မှုများသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအတွက် ကြီးမားသည့် ထိုးနှက်မှုရှိနေသည့်အပြင် အရည်အသွေးမပြည့်ဝတဲ့ ကုန်ပစ္စည်းများကြောင့်လည်း စားသုံးသူပြည်သူများအတွက် များစွာသော ထိခိုက်အန္တရာယ်ရှိမှုများ ကြုံတွေ့လျက်ရှိကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်သကဲ့သို့ ထုတ်လုပ်ထွက်ရှိသော ကုန်ပစ္စည်းများကို လွယ်လင့်တကူရောင်းချနိုင်မည့် ဈေးကွက်ရရှိရန်လည်း ဖန်တီးပေးနိုင်ရမည် ဖြစ်ကြောင်း၊ ဥပမာပြောရလျှင် အရင်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် Farms များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် ယင်း Farms များမှ ထွက်ရှိသော ကုန်စည်တွေကို တင်ပို့ရောင်းချနိုင်မည့် ဈေးကွက်နှင့် အခြေအနေများကို ဖော်ဆောင်ပေးနိုင်ခြင်းမရှိသည့်အတွက် ကာလရှည်တွင် ယင်း Farms များ ရပ်တည်ရန် ခက်ခက်ခဲခဲ ဖြစ်ခဲ့ကြရသည့် သင်ခန်းစာများ ရရှိခဲ့ပြီး ဖြစ်ကြောင်း။

ထို့ကြောင့် ဈေးကွက်များဖြစ်ထွန်းအောင် ဆောင်ရွက်သည့်နေရာတွင် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ ကုန်စည်ထုတ်လုပ်နိုင်မှုနှင့် စားသုံးမှုအခြေအနေများကို တွက်ချက်ပြီး လက်လီဈေးအဆင့်(Retail Market)၊ လက်ကားဈေးကွက်အဆင့်(Wholesale Market) နှင့် ကုန်ချောများကို Economies of Scale ရောက်အောင် ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသည့် ဇုန်အဆင့် စသော ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့် ဖော်ဆောင်သွားရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ အခြားသော ဆက်စပ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အထူးဂရုပြုဆောင်ရွက်စေလိုသည်များ ရှိကြောင်း၊ ရေရှည်အတွက် လုပ်သာကိုင်သာရှိပြီး တိုးတက်ဖြစ်ထွန်းနိုင်စွမ်းရှိသော စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပတ်ဝန်းကျင် အခြေအနေကောင်းများကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေကောင်းများကို ဖန်တီးရာတွင်လည်း တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ ဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်မည်မဟုတ်ဘဲ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုအစိုးရအဆင့်၊ သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဆင့်နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအဆင့်ထိ Stakeholders အားလုံးက တက်ညီလက်ညီ စုပေါင်းအဖြေရှာဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ဆွေးနွေးရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဒေသဝမ်းစာဖူလုံပြီး တိုင်းဒေသကြီးတစ်ခုလုံး ကဏ္ဍအလိုက် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းဝန်းဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများရှာဖွေပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၊ ဆန်စပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံကုန်သည်လုပ်ငန်းရှင်ကိုယ်စားလှယ်၊ လယ်ယာသုံး စက်ကိရိယာထုတ်လုပ်သူကိုယ်စားလှယ်၊ သစ်သီးဝလံပန်းမန်အသင်းကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်ဖြစ်သည့် ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ ဆန်စက်လုပ်ငန်းရှင်များအသင်းကိုယ်စားလှယ်၊ တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်တို့က တိုင်းဒေသကြီးအတွင်း ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လုပ်ငန်းအမျိုးအစားအလိုက် လက်ရှိ ဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များနှင့် အခက်အခဲများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း၌ ပြသထားသည့် ပြည်တွင်းထုတ် ပုလဲသွယ်ဆန်မျိုးစပါး မျိုးစေ့အမျိုးမျိုး၊ ပုလဲသွယ်ဆန်နမူနာများ၊ စပါးမျိုးသန့်စင်မှု စစ်ဆေးခြင်း၊ စပါးအပင်ရာခိုင်နှုန်းစစ်ဆေးခြင်း၊ အစိုဓာတ်တိုင်းကိရိယာများ၊ ရေစစ်စက္ကူ (Filter Paper) ဖြင့် အပင်ပေါက်စမ်းသပ်ခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လန်ဒန်အိုလံပစ် အားကစားသတင်း **နိုင်လင်းကြည်**

အမျိုးသားနှစ်ယောက်တွဲ ကြက်တောင်ရိုက်ပြိုင်ပွဲ ကေယန်နှင့် ဖူဟေဖန်တို့ ရွှေတံဆိပ်များဆွတ်ခူး

လန်ဒန် ဩဂုတ် ၆

၂၀၁၂ လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲ၏ အမျိုးသားနှစ်ယောက်တွဲ ကြက်တောင်ရိုက်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားရာ ဝင်ဘလေအရီနာကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်အပြီးတွင် တရုတ်ကြက်တောင်ရိုက် ကစားသမားများဖြစ်သည့် ကေယန်နှင့် ဖူဟေဖန်တို့သည် ရွှေတံဆိပ်ဆုများရရှိခဲ့သည်။

၂၀၁၂ လန်ဒန်အိုလံပစ် နှစ်ယောက်တွဲကြက်တောင်ရိုက်ပြိုင်ပွဲတွင် တရုတ်နိုင်ငံက ပထမဆုံးရွှေတံဆိပ်ရရှိခဲ့ခြင်းဖြစ်ပြီး လန်ဒန်အိုလံပစ်ကြက်တောင်ရိုက်ပြိုင်ပွဲအားလုံးတွင် ရွှေတံဆိပ်ငါးခု ရရှိထားပြီးဖြစ်သည်။

တရုတ် ကြက်တောင်ရိုက်ကစားသမားနှစ်ဦးသည် ပြိုင်ဘက်ကစားသမားများဖြစ်သည့် ဒိန်းမတ်နိုင်ငံမှ မာသီယက်စ်ဘိုးနှင့် ကာစတန်မိုဂျန်ဆန် တို့အတွဲနှင့် တောင်ကိုရီးယားမှ ဂျန်လေဆန်နှင့် လီယွန်ဒေးတို့အတွဲတို့ကို အနိုင်ရရှိကာ ရွှေတံဆိပ်များ ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

တရုတ်ကြက်တောင်ရိုက်ကစားသမားနှစ်ဦးဖြစ်သည့် ကေယန်နှင့် ဖူဟေဖန်တို့သည် လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကတည်းက အတူတွဲဖက်ကစားခဲ့ကြသူများ ဖြစ်ပြီး အိုလံပစ်ပြိုင်ပွဲသို့ သုံးကြိမ်မြောက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

အမျိုးသားနှစ်ယောက်တွဲ ကြက်တောင်ရိုက်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည့် ကေယန်နှင့် ဖူဟေဖန်။

အမျိုးသားနှစ်ယောက်တွဲ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် တရုတ်နိုင်ငံက ရွှေတံဆိပ်ဆုရရှိထားပြီး ဒိန်းမတ်နိုင်ငံက ငွေတံဆိပ်ဆုနှင့် တောင်ကိုရီးယားနိုင်ငံက ကြေးတံဆိပ် အသီးသီးရရှိခဲ့ကြသည်။

အင်တာနက်။

အမြန်လမ်းမကြီး၌ ယာဉ်တိမ်းမှောက်

ကျောက်တံခါး ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၉၉/၁)နှင့် (၉၉/၂)အကြားတွင် ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီခန့်က VOLVO အမျိုးအစားယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်၍ ယာဉ်ပေါ်ပါသူများ ဒဏ်ရာအသီးသီး ရရှိခဲ့ကြောင်းသိရသည်။

ရန်ကုန်ဘက်မှ နေပြည်တော်သို့ ယာဉ်မောင်း ဆန်းလင်းနိုင်(၃၆)နှစ် ဗိုလ်လေးရုံးလမ်း(၁၃)ရပ်ကွက် ဒဂုံ(အရှေ့)မြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် ၃ခ/----VOLVO (ခဲရောင်)သည် အရှိန်ဖြင့်မောင်းနှင်လာစဉ် လမ်း၏ ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းနှင့်အတူ ယာဉ်ပေါ်တွင် လိုက်ပါလာသူနှစ်ဦး ဒဏ်ရာများ အသီးသီးရရှိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် မြို့ချောင်းရဲစခန်းက ယာဉ်မဆင်မခြင် မောင်းနှင်သူ ဆန်းလင်းနိုင်အားအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ယာဉ်နှင့်မလွတ်သည့် ဓာတ်ကြိုး ဂေါ်ပြားဖြင့်မရာမှ ဓာတ်လိုက်သေဆုံး

ရေတာရှည် ဩဂုတ် ၆

ဩဂုတ် ၅ ရက် ညနေ ၄ နာရီခွဲခန့်က ရေတာရှည်မြို့ အမှတ်(၆)ရပ်ကွက် ငုဝါလမ်း၌ ဖွဲ့တင်လာသည့် ထော်လာဂျီယာဉ်ပေါ်တွင် လိုက်ပါလာသူတစ်ဦး ကန့်လန့်ဖြတ် သွယ်တန်းထားသော ဓာတ်ကြိုးကို ယာဉ်နှင့်မလွတ်၍ ဂေါ်ပြားဖြင့်မရာမှ ဓာတ်လိုက်သေဆုံးသွားကြောင်း သိရသည်။ ယာဉ်မောင်း သန့်ဇင်ဦး (၃၅)နှစ် အမှတ်(၅)ရပ်ကွက် ရေတာရှည်မြို့နေသူ မောင်းနှင်သည့် ၇၄/---- ထော်လာဂျီကား အပြာရောင်ယာဉ်သည် စပါးခွံများ သယ်ဆောင်၍ တောင်မှမြောက်သို့ မောင်းနှင်ပြီး ယာဉ်ပေါ်၌ အောင်မျိုးမင်း (၂၆)နှစ် အမှတ်(၆)ရပ်ကွက် ရေတာရှည် မြို့နေသူလိုက်ပါခဲ့သည်။ အဆိုပါယာဉ်သည် မောင်းနှင်လာရင်း အခင်းဖြစ်ရာနေရာ အရောက် အရှေ့နှင့်အနောက် သွယ်တန်း ထားသော ဓာတ်ကြိုးနှင့်မလွတ်၍ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အောင်မျိုးမင်းက ဂေါ်ပြားဖြင့် ဓာတ်ကြိုးကို မလိုက်ရာ ဓာတ်လိုက်သေဆုံးသွားသဖြင့် ရေတာရှည်ရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ထော်လာဂျီယာဉ်တိမ်းမှောက် ယာဉ်ပေါ်ပါလုပ်သားများ ဒဏ်ရာရရှိ

ရေတာရှည် ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်းတွင် ဩဂုတ် ၄ ရက် နံနက် ၈ နာရီမိနစ် ၂၀ ခန့်က နေ့စားလုပ်သားများ တင်ဆောင်လာသည့် ထော်လာဂျီယာဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကားလမ်းအတိုင်း အနောက်မှအရှေ့သို့ ယာဉ်မောင်း သန်းဝင်း(၃၇)နှစ် မကွေးမြို့နေသူသည် ၉၄/---- ခြောက်ဘီး ထော်လာဂျီယာဉ်ကို စက်မှုဇုန် နေ့စားဝန်ထမ်း ၂၀ ခန့်တင်ဆောင်ကာ မောင်းနှင်လာစဉ် ကားလမ်းမိုင်တိုင်အမှတ် (၁/ ၀)နှင့်(၁/၁)ကြားအရောက်တွင် လမ်း၏ မြောက်ဘက်ခြမ်းကို အရှိန်လွန်တိမ်းမှောက်သွားခဲ့သည်။ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် နေ့စားလုပ်သား ကျား ကိုးဦး၊ မ ကိုးဦးတို့ ဒဏ်ရာများအသီးသီးရရှိခဲ့၍ ဆွာတိုက်နယ်ဆေးရုံသို့ တင်ပို့ကုသပေးခဲ့သည်။ အမှုကိုသာဂရရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မီးကြိုးပြတ်ကျ၍ လူနှစ်ဦးသေဆုံး

ညောင်တုန်း ဩဂုတ် ၆

ဩဂုတ် ၁ ရက် နံနက် ၈ နာရီခန့်တွင် ညောင်တုန်းမြို့နယ် ငှက်ပျောကျွန်းကျေးရွာနေ ဦးခင်ဝင်းသည် ငှက်ပျောကျွန်းကျေးရွာအနောက်ဘက်ရှိ နတ်ကန်တော့ပွဲသို့ အသံချဲ့စက်ဖွင့်ပေးရန် သွားရောက်ပြီး ဦးအောင်မြင့်မိုးနေအိမ်မှ နတ်ကွန်းသို့ လျှပ်စစ်မီးဆက်သွယ်ပေးစဉ် ဓာတ်ကြိုးပြတ်ကျ၍ လူနှစ်ဦး ဓာတ်လိုက်သေဆုံးခဲ့သည်။

သတင်းအရ ရဲအုပ်အောင်ဇေယျာလင်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ နတ်ကွန်းအနီး၌ ငှက်ပျောကျွန်းကျေးရွာနေ ခိုင်ဝင်း(၂၆)နှစ်သည် လည်ပင်းတွင် နှစ်လက်မခန့် မီးလောင်ဒဏ်ရာ၊ ယာဘက်ရင်အုံတွင် နှစ်လက်မခန့် မီးလောင်ဒဏ်ရာရရှိသေဆုံးပြီး တစ်ရွာတည်းနေသူ အောင်ဇော်ဦး(၁၉)နှစ်မှာ ယာပါးတွင် တစ်လက်မခန့် မီးလောင်ဒဏ်ရာ၊ ယာလက်ကောက်ဝတ် မီးလောင်ဒဏ်ရာများရရှိပြီး သေဆုံးနေသည်ကို မီးကြိုးပြတ်များနှင့်အတူ တွေ့ရသည်။ အမှုကို မဲဇလီရဲစခန်းမှ သေမှုသေခင်းအမှတ်(၇/၁၂)ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၅၂)

လိုက်ပါလာသည့် အောင်မျိုးမင်းက ဂေါ်ပြားဖြင့် ဓာတ်ကြိုးကို မလိုက်ရာ ဓာတ်လိုက်သေဆုံးသွားသဖြင့် ရေတာရှည်ရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

စစ်တက္ကသိုလ်ဒိုလ်ခလောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဒိုလ်ခလောင်းနှင့်တပ်မတော်ဆေးတက္ကသိုလ် ဒိုလ်ခလောင်းများ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁၊ စစ်တက္ကသိုလ်ဒိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဒိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဒိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းပြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဒိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ(၁၇) ရက်နေ့**တွင် အောက်ပါအတိုင်းပြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**

(၂) **ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဒိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ(၁၈) ရက်နေ့**တွင်အောက်ပါအတိုင်းပြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**

(၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

(ဂ) **စစ်တက္ကသိုလ်ဒိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် အောက်ပါအတိုင်းပြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ၊**

(၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ၊**

၂၊ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ပြေဆိုရမည်-

(က) **နေပြည်တော်** အမှတ်(၇)တည်းခိုရေးစခန်း၊ ရွာတော်၊

(ခ) **မြစ်ကြီးနား၊ မြို့၊** တိုင်းစစ်ဌာနချုပ်၊ တပ်နယ်ခန်းမ၊

(ဂ) **လားရှိုး၊ မြို့၊** တိုင်းစစ်ဌာနချုပ်ခန်းမ၊

(ဃ) **တောင်ကြီး၊ မြို့၊** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၊

(င) **တချိုင်းတုံ၊ မြို့၊** တိုင်းစစ်ဌာနချုပ်၊ ပြည်ပြိမ်းအေးခန်းမ၊

(စ) **မော်လမြိုင်၊ မြို့၊** ရွှေနတ်တောင်၊ တပ်မတော်အထက၊

(ဆ) **မြိတ်၊ မြို့၊** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်တောင်ခန်းမ၊

(ဇ) **ရန်ကုန်၊ မြို့၊** အထက(၂)မင်္ဂလာတုံ၊

(စျ) **ပုသိမ်၊ မြို့၊** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၊

(ည) **အမ်း၊ မြို့၊** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ၊

(ဋ) **ဗုံးရွာ၊ မြို့၊** အထက(၂)အလုံ၊ တပ်မတော်ကျောင်း၊

(ဌ) **မန္တလေး၊ မြို့၊** အထက(၁၈) အမက(၆) နန်းတွင်း၊

(ဍ) **တောင်ငူ၊ မြို့၊** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းပြိုးခန်းမ၊

၃၊ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်စာစစ်ဌာနများတွင်ပြေဆိုကြရမည်၊လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲပြေဆိုရန် အတည်ပြုပွေးချယ်သည်၊ ပြေဆိုရမည့်နံပတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် နံပတ်ဖြစ်သည်၊ မိမိတို့လျှောက်လွှာထုတ်ယူရာတိုင်းစစ်ဌာနချုပ်များတွင် ပြေဆိုရမည့်နံပတ်နှင့်ပြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်၊

၄၊ စာမေးပွဲပြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာရမည်၊ နိုင်ငံသားစိစစ်ရေးလက်မှတ် တင်ပြနိုင်ခြင်းမရှိသူများအား ပြေဆိုခွင့်မပြုပါ။

၅၊ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်မှူး
တာတွယ်ရေဦးစီးချုပ်မှူး(ကြည်း)

ပြန်ကြားခြင်း

ဂုဏယ်

ပြည်သူ့ ဒီမိုကရေစီ အရေးတော်မှတ်ကြီး နှစ်ဆယ့်လေးနှစ်ခရီး

- သမိုင်းဆည်းခံ မြေယာပများကိုရွှေ့ နုစမ်းရေး ကော်မရှင်ကို ကြိုဆိုပါတယ်
- ယနေ့ အရှိန်ကာ ရွှေကောက်ပွဲ ရနန် ရန်ကြောင်းကို ရင်းကားရေးမယ့် အရှိန်လား
- ပိတ်ထားတဲ့ တံမြက်တွေ ပွင့်ကြည်ကြားဖို့
- တာဝန်မှ ပြန်လည် မှတ်သိမ်းခြင်း Right of Recall
- မည်ကာမတ္တ ဒီမိုကရေစီမျိုးမှာပေါ်

ပြန်မကြည်ကားရောတဲ့ စာ-၇ ခရီးသွားများ ထွက်ပြီ

ခေ့စစ်မင်္ဂလာဖိတ်ကြားလွှာ

အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယား၊ Fremont မြို့နေ
ဦးညွှန့်တင်-ခေါ်ဆွေဝင်း တို့၏သား

Timothy Aung Win

B.S(Business) California State University,U.S.A

နှင့်

အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယား San Francisco နှင့် ရန်ကုန်မြို့၊ တာဝွေမြို့နယ်၊ အမှတ်(၆၀) ၆ လွှာ၊ ကျောက်မြောင်းလမ်းနေ ဦးမင်းဒင်-ခေါ်သန်းသန်းမိုတို့၏သမီး၊ မတိအိမင်း(M.S, Ph.D Candidate in Biomedical science, University of Massachusetts Medical School, U.S.A)၏ညီမ

Dr.နီလာမင်း

M.B.,B.S(YGN)University of Medicine(I)

တို့သည် ၁-၈-၂၀၁၂ ရက်(ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ ဧစ္စစပ်ကြောင်းလမ်းပြီးဦးပါကြောင်း။

Timothy Aung Win-Dr.နီလာမင်း

ဒဂုံမြို့သစ်မြေကွက်များရောင်းမည်

၁။ (၈၅)ရပ်ကွက်၊ ၁၆၂၈၊ ၁၆၂၉၊ ၁၀၆၁(၄၅×၆၇)ဝရန် ၂။ (၁၃၄)ရပ်ကွက်၊ ၄၄၄(၄၄×၆၀)ဝရန်ထောင့်ကွက်၊ ၃။ (၁၃၈)ရပ်ကွက်၊ ၇၈၂လမ်းမတန်း(ပါမစ်) ၄။ (၃၅×၇၅) RC နှစ်ထပ်၊ ရေမီး၊ ဖုန်းပါဝါ၊

(စက်မှုလုပ်ငန်းမျိုးစုံအသုံးပြုနိုင်သည်)

ဖုန်း-၀၉-၅၀၀၈၄၁၀၊ ၀၉-၄၃၁၁၇၄၈၊ ၀၉-၇၃၁၈၀၆၆၈၊ ၀၁-၈၅၅၁၀

ပျောက်ဆုံးခြင်း

အောင်ဆန်းဝိုင်းသည် မှတ်ပုံတင် အမှတ်[၅/ဝရန(နိုင်)၁၇၄၅၇၀] နိုင်ငံကူးအမှတ် A-115902 ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် ကြောင်ကြားအပ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်သီဟဖိုး၏ PP.A-135244 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၇၃၀၁၉၄၆

ရန်ကုန်တိုင်းမ်

ဂုဏယ်

"အားကစားရှင်းလင်းမှု ဦးမောင်ဝေ့ အရှိန်ကောင်းကောက်ပင်ခြုံကိုရေမပစ်ပဲ အရန်းကမ္ဘာ"

အမည်ပြောင်း

ဟသ်ဘတ်မြို့နယ်၊ အထကနိဒ္ဒာန် Grade-8 B မှ ဦးစိန်ကြိုင်၏သား မောင်သိဟထွန်းအား မောင်သူရထက်ဟု ပြောင်းလဲခေါ်ပါရန်။

မီး သတိပြု

အမည်ပြောင်း

အမ ဦးညွန့်ဦး၏ သား အလက(၂) ထခွဲ၊ဒဂုံ(အရှေ့ပိုင်း)G(11)မှ မောင်ရဲထက်အား မောင်ရဲထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲထက်အောင်

EDUCATION DIGEST

ပြန်မာနိုင်ငံ၏ပထမဦးဆုံး အတတ်ရည်ထုတ်ယူဘေးဆောရာနယ်

"ယူကျမ်းလေးခု ကိုမှီတဲ့ Education Digest ဆက်ကြမယ်"

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ မြေကွက် အမှတ်-၈၄၇/က၊ မြေကွက်တည် နေရာအမှတ်-၈၆/၇ ဝီတောက်ငါးမီး၊ ၅ဝရပ်ကွက်၊ ဒဂုံမြောက် ဦးဝင်းမြင့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဝင်းမြင့် ထံမှ အရောင်းအဝယ်စာချပ်အရလက်ဝယ်ဖြင့် ခေါ်သိန်းသိန်း[၁၂/မရက(နိုင်)] ၀၃ရေ၃၇၆ ဝယ်ယူ၍ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်နှင့် ဌာနခန်းခဲချက်နှင့် တရားမဲ့ကျင်းကိုနိုလ္လာ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နစ်(၆၀)မြောင်းစာချပ် (ဂရန်)လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဗြိုလ်ဒီမက်နီးနှင့်မြေစီမံခန့်ခွဲဗဟုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးတော်မတီ

Oasis

Price 1800 Ks

လူပျောက်ကြော်ငြာ

အထက်ပါ ဓာတ်ပုံရှင် မေသူဝိုင် အသက်(၄)နှစ်သည် ၃-၇-၂၀၁၂ ရက် ည ၉ နာရီခွဲခန့်တွင် မြောက်ဥက္ကလာပ နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(ကေးရေဆပ်ပါမည်)

(ဖခင်)ဦးသိန်းဆွေ
(မိခင်)ခေါ်ကေခိုင်
ဖုန်း-၀၉-၇၃၀၈၀၈၂၅၊
၀၉-၄၃၀၃၆၆၂ ၀၁-၆၉၁၄၅၅

Grand Power Machinery Co., Ltd.

ပြည်တွင်းသား ပြန်မာကျပ်ငွေဖြင့်ခန့်ထားရန်

1. A Marketing Manager	ဌာနရ	Male/Female	3 Posts
2. Marketing Supervisor	ဌာနရ	Male/Female	3 Posts
3. မန်နေဂျာ	ဌာနရ	ကျား(၄၀)နှစ်အထက်	1 Posts
4. စာရင်းကိုင်	B.com ဌာနရ	မ	2 Posts

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ ၅ရပ်ကွက်၊ နိုင်ငံတော်စီမံချက်အရ ၃-၅-၂၀၀၉ ရက်တွင် စိန်ပန်းမြိုင်မြေ ကျူးကျော်ဖယ်ရှားခံရသဖြင့် ရွှေညည်သာမြို့နယ်၊ မြေတိုင်းအမှတ်-တ/၄၁၊ ၁၅ရပ်ကွက်၊ မြေကွက်အမှတ်-၂၃၈(က+ခ)အား ဦးလှမြင့်နှင့် ဦးတင့်ဝေ(ဥက္ကဋ္ဌ) အာရက်ဦး စိုက်ပျိုးမွေးမြူရေးသမဒေသင်းမှ မြေချပါစာထုတ်ပေးပါရန် လျှောက်ထား လာခြင်းအား ကန့်ကွက်ရန်ရှိပါက (၁၄)ရက်အတွင်းဤဌာနသို့ လာရောက် ဆက်သွယ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက မြေချပါစာထုတ်ပေးရေးအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဗြိုလ်ဒီမက်နီးနှင့်မြေစီမံခန့်ခွဲဗဟုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးတော်မတီ**

ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(၁) ဒသမတန်းအခန်း(၅)မှ မောင်ခန့်ဖြိုမ်းကျော်[စ/ခမန(နိုင်)]၁၇၉၄၄၀၅၊ ဖခင်အမည်မှန်မှာ ဦးဇော်လွင်အား ဦးဇော်ဇော်လွင်[စ/ခမန(နိုင်)]၀၁၈၉၁၁ဟု ပြောင်းလဲခေါ်ယူပါရန်။

Saya Antony

B.A (German) (U.C.F.L)
Dip.in English (U.C.F.L)
Licensed Tour Guide (German, English)
Ph : 0981197112

VenusNews weekly

အသည်းဝေဒနာရှင်များ၊ ယမကာမိုက်ဝဲနေသူများအတွက်

ရွှေအသည်း

အသည်းအားဆေး

FROM EXPERIENCE - BASED TRADITIONAL MEDICINE TO EVIDENCE - BASED TRADITIONAL MEDICINE

ဦးမြင့်ကြည် ဘဏ္ဍာ(၄၄)

အရှင်ဘဒ္ဒာဓိက

ဒေါ်ခင်ရီ (ကေ) (ရန်ကုန်)

အသေလှတဲ့သူ

ဇာတ်ပြ

ဖုန်း - ၀၁-၂၁၀၄၆ ၂ ၂၆၅၂၀၀ ၀၉-၅၁၇၀၀၅

ပိုလ်လောင်းသင်တန်း(၉၃)သူရ သူငယ်ချင်းများသို့

နှစ်စဉ်ဆုံစည်းမှုနှင့်အတူ ငွေလျှပ်ါနှပြုလျက်ရှိတဲ့ ဒီဝိတဒါန သံယာ့ဆေးရုံကြီးသို့ ၂၅-၈-၂၀၁၂ရက် ၁၃း၀၀ နာရီတွင် ငွေလျှပ်ါနိုး မှုပြုလုပ်မည့်အပြင် သေဆုံး၊ ကျဆုံး သူငယ်ချင်းများအတွက် ကောင်းမှု ကုသိုလ်ပြင်းနှင့် ဝိသားစုများသို့ ထောက်ပံ့၊ အားပေးမှုများ ပြုလုပ်မည် ဖြစ်၍ ဆက်သွယ်ကြပါရန်။

ဖုန်း- ၀၉-၇၃၀၀၂၈၉၅၊ ၀၉-၅၉၂၃၇၂၂၉၊ ၀၉-၈၆၂၃၉၇၂၂ ၀၉-၅၀၆၆၈၂၃

09-73311078
09-5974067

ရောင်းရန်ရှိသည် 95 Model Canda ၁၄ ဝေ ၇၁/-- (Diesel) ဆက်သွယ်ရန်ဖုန်း-၀၁-၆၈၁၃၀၊ ၆၈၁၈၅၆၊ ၀၉၅၀၅၂၀၂၇ (ခွဲခန်းအတွင်းဆက်ရန်)

ဖေဖေ ဦးစိုးအောင်

မွေးနေ့ဆုတောင်း

၇-၈-၂၀၁၂ ရက်တွင် ကျရောက်သော အနန္တကျေးဇူးရှင် ဖခင် **ဦးစိုးအောင်**၏ မွေးနေ့မှ နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာပျော်ရွှင်စွာ လောကီ၊ လောကုတ္တရာ အကျိုးဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်းလိုက်ပါသည်။

ချစ်သမီးကြီး - ခင်ဥမ္မာစိုးအောင်[PC Myanmar (Hong Kong)Ltd]

ချစ်သမီးလတ် - ခင်မြတ်နန္ဒာစိုးအောင် (Daewoo E&P)

ချစ်သမီးငယ် - ခင်မြတ်စန္ဒီစိုးအောင် (PTTEP International Ltd.)

မွေးနေ့ဆုတောင်း

August မောင်နှမများ

7 August သမီး **မဝတီလှမင်း** Final Part II IM,

14 August သားကြီး **မောင်သန်းထိုက်ဇော်** 1st Year Civil Engineering WYTU

28 August သားလေး **မောင်အောင်ချစ်မိုး** Great V အလက(၂)ဒဂုံ

တစ်ဦးပေါ်တစ်ဦး ချစ်ခင်ကြင်နာယုယစွာဖြင့် ဖြူစင်သန့်ရှင်းသော ဘဝခရီးတွင် အောင်မြင်တိုးတက်မှုများ ရရှိပိုင်ဆိုင်နိုင်ကြပါစေ။

ဖေဖေ နှင့် မေမေ

ဒုတိယပိုလ်မှူးကြီးလှမင်း (ငြိမ်း)-ဒေါ်ရွှေပိုး

ရွှေစပါးသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်

Great KOREAN Wall

EPS-TOPIK

Ph- 540714, 09 5183636

SPECIAL REPORT : Let's go to "Yangon-ICT Fair"

NetGuidE

Vol. 2, No. 46

IT, Electronics & Communication Journal

Vol. 2, No. 47 224711

email: netguidemyanmar@gmail.com

LCCI

International Qualifications from LCCI

LCCI Series 4/12 & Level 4 OD Registration

Registration for S4/2012 & L4 OD Exams will be accepted from 06/08/12 to 22/08/12.

Candidates are advised to register the exams through their Centres or at the Exams Services Yangon and Mandalay during the above registration period.

Scholarships ($5,000) will be awarded to those outstanding students among the entries.

Ayarwaddy Legend Travels & Tours

Tour Operation Assistant M/F (2) posts
- Bachelor Degree
- Minimum three years solid experience in Tourism field
- Fluency in both spoken and written English (Another preferable language is Mandarin)
- Must have the expect knowledge on the particular tourist attractions for which the has arranged
- Well-organized, responsible, excellent communication skills
- Can travel both local and overseas

Tour Manager/ Assistant Tour Manager M/F (2) posts
- Bachelor Degree
- Minimum three years solid experience in Tourism field
- Must have excellent marketing communication skills and team spirit.
- Fluency in both spoken and written English (Another preferable language is Mandarin)
- Well-organized, responsible, excellent communication skills
- Can travel both local and overseas (Preferable to those who have overseas experience)

Please summit application letter, with full CV consisting your supporting documents, your knowledge and experiences, not later than 28th August 2012 to us.

Address: 184, 37th Street, Lower Block, Kyauktada Township, Yangon. Phone: 252007-8, 377697

To Open Mind and Knowledge of Society

NEWSWEEK

WEEKLY JOURNAL

Device IN COLLABORATED WITH IBME

How to Write A Business Plan

HONORABLE SPEAKER

(Senior Advisor - UN Resident)

MAIN SPEAKER

(MD-Device Business Management Academy)

VENUE : DEVICE EXECUTIVE HALL | DATE : 11th-12th August, 2012 | TIME : 8:30 AM - 5:00 PM

future

ဘာလုပ်ကျမယ်ဆိုရင် future ပတ်ပါ

Hot Line: 09431852095

PEARL LAND TRAVELS & TOURS CO., LTD.

AKM

ကောင်ပြုံ-ရုပ်ထယ်

KO NYAN

UFL English & Other Languages

CRANE
095002018
518474,708569

TV-VCD-DVD

English Four Skills

Speaking&Listening Classes

KING STAR 20000Ks

- Internet (50000Ks)
- Internet Advance
- i-Office 2010
- D.T.P
- Graphic Design
- A' Hardware
- Web Design

NUS National University of Singapore | ISS

NUS Graduate Diploma in Systems Analysis (36th Intake)

A comprehensive 13-month program that trains you to analyse & build IT solutions using state-of-the-art IT tools & techniques. It also provides an opportunity for non-IT graduates to craft a new career path in the infocomm industry.

Aptitude Test & Interview
@ Yangon, Myanmar
Tentative Date: Early November 2012

COURSE OUTLINE

IT Project Management
IT Roles & Responsibilities, Business Communication
Project Planning & Change Control

Methodology
Object-Oriented Development Life Cycle (RUP & UML)

Technology
Distributed Computing Infrastructure

Programming & Development
C#, .NET, Java, J2EE, Web Services, SQL

Internet and Mobile Solutions
Internet and Wireless Technologies
Multimedia & Advanced Internet Programming

Projects
Application Development with C# & .NET Framework
Cyber Shopping Mall with ASP.NET & Web Services
Mobile Application Development
Web Project on J2EE

Internship
5 months

Apply Online now!
Closing Date: 15 Oct 2012

"The instructors of the Graduate Diploma in Systems Analysis programme at NUS-ISS did an excellent job in providing real-world examples that helped us understand the course materials better. The internship program was especially invaluable in enabling me to adapt to life in Singapore software industrial."

Bain Dra Nilar,
Software Engineer
IBM Ireland Product Distribution Ltd (Singapore Branch)

Course Fee
S$13,970* (with service obligation)

Course Duration
February 2013 to February 2014

Admission Criteria
Bachelor Degree in any discipline

Application
Submission due date 15 Oct 2012

*Terms & Conditions apply. Fees are correct at time of posting and are subject to changes without prior notice.

Institute of Systems Science, National University of Singapore
25 Heng Mui Keng Terrace, Singapore 119615 Tel: (65) 6516 2093 Fax: (65) 6778 2571
Company Registration No. 200604244Z

ရန် ကုန် တိုင်း ဒေ သ ကြီး ကွန် ပျူ တာ အ သင်း များ ပ စီ ရင် ကွင်း ပ သော

Yangon ICT Fair 2012

MCPA Yangon | MCIA Yangon

သမ-၁၂ ၊ ပြောက်လ -၂၀၁၂

တယ်လီဖုန်းမှတ် ၊ ဦးစီးရုံးမင်း ၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့ ၀စ်ချောင်းမြို့နယ်၊ သိရိခမောရပ်ကွက် ခေါလမ်း၊ အမှတ်(၂၃-ဘေ)၊ (၃)လွှာ ခေါင်းရင်းနန်း အကျယ်ပေ(၂၀x၈၀)ရှိ တိုက်နန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ လက်ရှိနေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့် ဒေါ်ကလျာမိုး (၁ /၀၆x(ရိုင်)၁၂၇၇၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်နန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းမိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးမြင့်လွင်
အထက်တန်းရှေ့နေ(စဉ်-၂၁၃၄၉)
အမှတ်-၅၅၊ ခုတိယထပ်၊ အခန်းအမှတ်-၁၇၊
မဟာဒဂုဏ်လေးပန်းဦးလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၂၁၈၉၇၇ ၀၉၅၄၀၇၃၃

ကားရောင်းရန်

SANDA-LEFANG
ယာယီကျပြား၊ တံုးထုပြား
၇ယောက်စီး၊ ခဲရောင်
Km-8000၊ ၁.၃ ခတ်ဆီ
ရောင်းရေး-သိန်း(၈၀)
ဆက်သွယ်ရန် ဖုန်း-
၀၉-၃၃၀၉၀၉၇

ကျေးဇူးဆပ်ပါမည်

ကျွန်တော် နေမျိုးလေ၏ မှတ်ပုံတင်နံပါတ် [၁၃/လရန(နိုင်)၀၉၁၀၅၈] ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးရန် ကေဇူးဆပ်ပါမည်။
ဖုန်း-၀၉၄၂၂၈၉၉၇ ၀၉၅၄၀၇၃၃

ဒေဝဒင်း ဝန်ကြီး

Travel Services

ဦးလှမြင့် အင်္ဂလိပ်စာ ဂ ဌာနချုပ်သင်တန်းများ

ရေကယာဉ်မောင်/မယ်အင်ကာကျွေး

မြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်(ရန်ကုန်) အဆောက်အအုံပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်(ရန်ကုန်)တွင် ပုံနှိပ်စက်အသစ်ထားရှိရန်အတွက် လက်ရှိအဆောက်အအုံအား အောက်ပါလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပုံနှိပ်စက်ခန်း ကြမ်းခင်းပြင်ဆင်ခြင်းနှင့် ပုံနှိပ်စက်ထားရှိမည့် ကြမ်းခင်း Foundation ပြုလုပ်ခြင်း၊ မျက်နှာကြက်တပ်ဆင်ခြင်း၊ နံရံနှင့် မျက်နှာကြက်ဆေးသုတ်ခြင်း။

(ခ) ပုံနှိပ်စက်ခန်းအတွင်း လျှပ်စစ်သွယ်တန်းခြင်းနှင့် ရေလိုင်းသွယ်တန်းခြင်းဆိုင်ရာလုပ်ငန်းများ။

၂။ လုပ်ငန်းတည်နေရာမှာ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၊ အမှတ် (၂၂/၃၂) ကမ်းနားလမ်း၊ ဒိုလ်တစောင်းမြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပါသည်။

၃။ ပြင်ပလုပ်ငန်းရှင်များသည် ဈေးဖြိုင်အိတ်ဖွင့်တင်ဒါများကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတ်မှတ်ထားသော ပုံစံများအတိုင်း တင်သွင်းရမည်။ ပုံစံများကို ၆-၈-၂၀၁၂ ရက်မှ ၁၂-၈-၂၀၁၂ ရက်အထွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၈-၂၀၁၂ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၂၄၊ ၀۶۷-۴۱۲۲۴၊ ၀၁-၃۶۲۲۶

မြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) အဆောက်အအုံပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)တွင် ပုံနှိပ်စက်အသစ်ထားရှိရန်နှင့် Computer to Plate စက်ထားရှိရန်အတွက် လက်ရှိအဆောက်အအုံအား အောက်ပါလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပုံနှိပ်စက်ထားရှိမည့်ကြမ်းခင်း Foundation ပြုလုပ်ခြင်း၊ အခြားအထွေထွေပြုပြင်ခြင်းလုပ်ငန်းများနှင့် လျှပ်စစ်လိုင်း/ရေလိုင်းများ သွယ်တန်းခြင်းလုပ်ငန်း။

(ခ) Computer to Plate အခန်း ဖွဲ့စည်းခြင်း၊ ပြည်တွင်းမဲ့ခြင်း၊ မျက်နှာကြက်တပ်ဆင်ခြင်းနှင့် လျှပ်စစ်လိုင်း/ ရေလိုင်းများသွယ်တန်းခြင်း လုပ်ငန်း။

၂။ လုပ်ငန်းတည်နေရာမှာ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) အကွက်(၁၅၂) လမ်း ၂၀၊ ၂ဘကြားနှင့် လမ်း ၈၂၊ ၈၃ကြား၊ ပုလဲငွေရောင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ဖြစ်ပါသည်။

၃။ ပြင်ပလုပ်ငန်းရှင်များသည် ဈေးဖြိုင်အိတ်ဖွင့်တင်ဒါများကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတ်မှတ်ထားသော ပုံစံများအတိုင်း တင်သွင်းရမည်။ ပုံစံများကို ၆-၈-၂၀၁၂ ရက်မှ ၁၂-၈-၂၀၁၂ ရက်အထွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၈-၂၀၁၂ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၂၄၊ ၀۶۷-۴۱۲۲۴၊ ၀၁-۳۶۲۲۹

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားပို့လွှဲတန်ရေ စီမံကိန်းများဌာနမှ တည်ဆောက်မည့် ဂန့်ဂေါ-ဟားခါး ၆۶ ကေဗွီ ဓာတ်အားလိုင်းအတွက် လိုအပ်သောပစ္စည်းများနှင့် ဓာတ်အားစနစ်ဌာနအတွက် ရွှေလီ-မန်စံ ဓာတ်အားလိုင်း တာဝါတိုင်များ ပြုပြင်ရန် ကြေသီးများ (NGK,Japan)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၇-၈-၂၀၁၂ ရက်
တင်ဒါပိတ်မည့်ရက် - ၃၁-၈-၂၀၁၂ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀۶۷-၄၁၀၃၉၁၊ ၄၁၀၂၅၂

(၁၃) နေ့စဉ်မြည်အမှတ်တရ
စိတ်ကူးချိုချိုစာအုပ်တိုက်စာအုပ်ရောင်းပွဲ

တေဇဂေါက်သီးရိုက်ပြိုင်ပွဲ

တေဇကျောင်းဆင်းညီအစ်ကိုများ ဂေါက်သီးရိုက်ပြိုင်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်ဆင်ဆွဲနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ - တပ်မတော်ဂေါက်ကွင်း၊ မင်္ဂလာဒုံ
ရက်စွဲ - ၁၂-၈-၂၀၁၂ရက် (တနင်္ဂနေနေ့)
အချိန် - ၁၆း၀၀ နာရီ

မြိုင်ပွဲကျင်းပရေးကော်မတီ

Human Resource Management
Vocational Training (ခန့်)
Tel : 400163

LCCI Aug တန်းခွဲသစ်
Level I,II
Level III
(F)Mon- Tue 8:30 -12 am
(D)Mon to Fri 6 - 8 pm
(G) Sun 9 - 12 am
Ph-09:73059553 ; 51782297

EDUMAP
EDUMAP Language Centre

ရှားသမင်

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဏေါင်ရောက်တစ်ဖိုး D.D.P(Paung Laung)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Spare Parts for Geological Machinery	1 Lot

၂။ ပစ္စည်းများ၏ (Specification, Manufacture, Country of Origin)တို့အား ၂၃-၈-၂၀၁၂ ရက် ၁၂၀၀ နာရီတွင် နောက်ဆုံးထား၍ ကြေတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် မွန်းတည့် ၁၂၀၀နာရီဖြစ်ပြီး သုံးဝန်းနာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀۶۷-၄၁၁၂၄၁၊ ဖက်စ်-၄၁၁၀၈၁

KYAW THU & ASSOCIATES
Thinking Management Techniques
18-19 Aug 2012 (9:00am - 5:00pm)
T : 01 392 617, 01 256 602 http://www.facebook.com/KTA.EBS

ရှေ့ကျောက်ထူ

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၇/၄၇၅ Myanmar Double Cab, P/U(4x4) Double Cab ယာဉ်လက်ဝယ်ရှိသူ ဦးသီဟ[၁၂/မရက(နိုင်)၁၁၂၈۶၅]က ယာဉ်မှတ်ပုံတင်စာအုပ် (က-မ ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါနေသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

တည်းမ၊ ခမ်ရိန်မှ(ရန်ကုန်-ပြောက်ပိုင်း)
အင်းစိန်မြို့နယ်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၇/၄၇၅ Myanmar Double Cab, P/U(4x4) Double Cab ယာဉ်လက်ဝယ်ရှိသူ ဦးသီဟ [၁၂/မရက(နိုင်)၁၁၂၈۶၅]က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ(၁၅)ရက်အတွင်းအောက်ဖော်ပြပါနေသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

တည်းမ၊ ခမ်ရိန်မှ(ရန်ကုန်-ပြောက်ပိုင်း)
အင်းစိန်မြို့နယ်။

ငြင်းချက်ထုတ်ရန်သတ်မှတ်စာ
တရားမကျင့်ထုံးကိုဥပဒေပုဒ်မ-၅နှင့်ဥပဒေ-၂၀ သာကေတမြို့နယ်တရားရုံး၌ ၂၀၁၂ခုနှစ်၊ တရားကြီးမှုအမှတ်-၃၇၈

ဦးညီညီမော် **တရားလို**

နှင့်

၁။ ဦးတင်အောင် **တရားဖြိုင်များ**

၂။ ဒေါ်ခင်မြမြ

ရန်ကုန်မြို့ သာကေတမြို့နယ်၊ မြန္တာညီအိမ်ရာ၊ တိုက်အမှတ်-၄၊ ဒုတိယထပ် (ယာ)နေ တရားပြိုင်များဖြစ်သော ဦးတင်အောင်၊ ဒေါ်ခင်မြမြ(ယခုနေရပ်မသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးညီညီမော်က "ပဋိညာဉ်အတိုင်း အိမ်မြီခြေ အရောင်းအဝယ်သဘောတူစာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလို့မှ နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလယ်မန်အနှင့်အမ်နှ ရွေနေဖြစ်စေ (သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ်၊ ဩဂုတ်လ ၁၄ရက်(၁၃၇၄ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်)မွန်းလွဲတည့်၌ ၁၀ နာရီတွင် အထက်က အမည်ဧရေသားပါရှိသည့် တရားလိုနဲ့ဆိုချက်ကို ထူထောင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရေရက်တွင် သင်မလာရောက်ဟုက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထူထောင်တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလယ်ရွေနေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထူထောင်လျှောတင်သွင်းလိုလျှင် အမှမဆိုင်စီ(၄)ရက်က တင်သွင်းရမည်။

၂၀၁၂ ခုနှစ်၊ ဩဂုတ်လဆုရက်တွင် ဤနေ့တံဆိပ်ခိုက်နိုင်၍ ကျွန်ပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

အေးမြမစ္စာချီ
ဒုတိယမြို့နယ်တရားသူကြီး(၂)
သာကေတမြို့နယ်တရားရုံး

STI Education နှင့် OUHK ပူးပေါင်း၍
Master of Financial Services (MFS)

ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ ပြည်လမ်း၊ အမှတ်(၅၀)တွင် ၃-၈-၂၀၁၂ရက်၌ကျင်းပသည့် နိုင်ငံသားဘဏ္ဍာကုမ္ပဏီလိမိတက် (National Finance Co.,Ltd)၏ မော်ဘီရုံးခွဲဖွင့်လှစ်သည့်အခမ်းအနားသို့ ကြွရောက်ကာ အခမ်းအနားဖွင့်လှစ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီး ဒေါ်စန်းစန်းနွယ်အားလည်းကောင်း၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ပြည်မဟာကုမ္ပဏီလိမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးမင်းအောင်နှင့် အကြံပေးပုဂ္ဂိုလ် ဦးနိုင်ဦးတို့အားလည်းကောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီးမန်နေဂျာ ဦးဝေသန်းအားလည်းကောင်း၊ မော်ဘီမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဇနီးအားလည်းကောင်း၊ မြို့နယ်မခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များအားလည်းကောင်း၊ မော်ဘီမြို့နယ်အတွင်းရှိ ရပ်မိရပ်ဖ ကျေးရွာအုပ်စုအဖွဲ့များအားလည်းကောင်း အထူးပင်လိုက်လဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံသားဘဏ္ဍာကုမ္ပဏီလိမိတက် (Y.I.G Group of Companies)

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း

၆၄၇(က)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

CROWN EDUCATION

ကုမ္ပဏီလိပ်စာပြောင်းရွှေ့ခြင်း

နိုင်ငံတကာပညာရေးဆိုင်ရာဝန်ဆောင်မှုများကို Summit Parkview Hotel ရုံးခန်းမှ အောက်ပါရုံးခန်းလိပ်စာအသစ်သို့ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။
နိုင်ငံတကာပညာရေးနှင့်ပတ်သက်၍ စုံစမ်းလိုသည်များကို အဆိုပါတိုင်ပင်ဆွေးနွေးနိုင်ပါသည်။
အမှတ် (၂၇၁)၊ (ဘ)လွှား အခန်း (9A-1) ပြည်လမ်း၊ မြေနီကုန်းစမ်းအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်။(ဓနဂိုဝ်တာဝါနှင့် ၁ဝုံစင်တာ(၂)ကြား)၊ကောင်မြတ်မွန်ဆေးခန်းအပေါ်သတ်။

ဖုန်း - 09 732 732 77, 09 730 40 688, 09 50 85 185, 09 732 56 965

(၁၈.၈.၁၂)မှ(၂၁.၈.၁၂)ထိ ရန်ကုန်မြို့ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမကြီးတွင်လူသုံးကုန်ပစ္စည်းမျိုးစုံနှင့် မော်တော်ယာဉ်များအားထုံးခြားစွာစုစည်းပြသရောင်းချမည့် YANGON EXPO & CAR SHOW ပြပွဲကြီး၌ကုန်ပစ္စည်းများပါဝင်ပြသရောင်းချ၍စျေးကွက်ချဲ့ထွင်ရောင်းအားမြှင့်တင်နိုင်ရန်အတွက် SMART BUSINESS GROUP ph:01 527 583, 09 730 14777 သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

2012-2013
PREMIER LEAGUE

5 NETWORK

EPL ပွဲစဉ်များအား 5 NETWORK မှ တိုက်ရိုက်ထုတ်လွှင့် ပြသပေးသွားပါမည်။

ESPN

STAR SPORTS

BARCLAYS PREMIER LEAGUE

Start On 18-8-2012

Ph- 01- 400 878

Planning to sit for IELTS?

Learn with the experts!
Phone now:
09 7316 2586,
01 500 464,
09 42111 9895
Building 6, Junction Square
Kamaryut Township, Yangon
All teachers are Native Speakers

VICTORIA UNIVERSITY COLLEGE
၃/ ၂၀၁၂ တက္ကသိုလ်ဝင်ခွင့်

၁။ တက္ကသိုလ်ဝင်ခွင့်ရမည့် ကောင်မြန်ကြီးသူများသည် HND Foundation ၊ ဘုတ်လူးတက်၊ Hons Degree အထိ သင်ယူရန် အလွယ်တကူ ကောက်ပါတောရေးပုံ ကစ်ရာကို ပေးရန်ပေး ကျောက်ထောရနိုင်သည်။

- Engineering (Civil / Electronics / Electrical / Mechanical)
- Business
- Computing
- Medicine (Health & Social Care / Medical Study Linked with Universities of Medicine UK / India)

၂။ အထက်ဖော်ပြပါ သင်တန်းများကို ၂၀၁၂ ခုနှစ်တင်ဘာ လွှင် တောင် သင်ကြားပေးမည်။

၃။ ဆက်လက်ကောင်းမွန်စေသည်။ ယခုကာလပြည်ထောင်ပြုမှု ကော်ရပ်၊ အမျိုးသားရေးရာ ကျောင်းသားများ ကျောင်းသားများ ကျောင်းသားများ ကျောင်းသားများ ကျောင်းသားများ

(နေ့ပေါ်ကျောင်းသား ကျောင်းသားများကိုသာ VUC ၏ ကျောင်းတော်ကလေး ဆုပေးချီးမြှင့် အားဆောင်ခဲ့ ရနေကြောင်းပါသည်။)

ကျောင်းသားရေးရာဌာန – VICTORIA UNIVERSITY COLLEGE
MMB Campus = အမှတ်(၁၅၆) အထက်ပန်းဆိုတန်းလမ်း ရန်ကုန်မြို့
ဖုန်း - ၉၈၃၁၀၂ ၉၈၃၁၀၃ ၀၉၇၁၀၉၇၄၈ ၀၉၇၁၀၉၇၄၈ ၀၉၇၁၀၉၇၄၈ ၀၉၇၁၀ ၂၇၃၀၀

မွေးသက္ကရာဇ်အမှန်

အလက(၂) ထက်ခဲ့၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်မှ ဦးချစ်စန်းနိုင်၏ သား မောင်ချစ်ခွင့်ဦး၏ မွေးသက္ကရာဇ် အမှန်မှာ ၁၃-၅-၁၉၉၅ခုနှစ်ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ဝိုးနိုင်ဝင်း ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် M-512535 မှာ ခရီးသွားရင်းပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဆက်သွယ်ရန်**
ဖုန်း- ၀၉၅၁၀၁၅၉၀၊ ၀၉၈၃၀၁၃၃၀

ဗိုသူကိုခေါ်ပါ

ရေခဲသေတ္တာ၊ Air Con နှင့်အတတ်လျှော်စက်အမျိုးမျိုးကိုအား စိတ်တိုင်းကျ အိမ်တိုင်ရာရောက်ပြုပြင်တပ်ဆင်ပေးသည်။ လျှပ်စစ်ပစ္စည်းအဟောင်းအပျက်များဝယ်သည်။
ဖုန်း-၀၁-၅၈၀၀၄၊ ၀၉-၄၂၀၁_၂၀၃၄

ရောင်းမည်





MCC နှင့် University of Greenwich (UK)
တို့ပူးပေါင်းလုပ်ကိုင်သော
B.Sc (Hons) Business IT

နိုင်ငံတကာ (Multinational) လုပ်ငန်းကြီးများတွင် Business ကို နားလည်ပြီး IT ပညာနှင့် အပြန်အလှန်ပေး IT ကို နားလည်သောပေါင်း Business Manager များပေါ်ပေါ်လာနိုင်ရန် ပညာပေးနေပြီးပြီ။

- September Intake -

ကျောင်းများ Campus များ -

MCC (Yangon Campus)	MCC (Mandalay Campus)	MCC (Yatanarpon Campus)
01-249762, 01-249552	02-77930, 09-91854061	02-5178112, 02-5178113
01-399512, 01-246634		02-5178132, 02-5178114

MCC (Virtual Campus) - www.mccivc.com

ရောင်းမည်

၁။ (၅၀×၁၅၀) မစိုးရိမ်လမ်း၊ ရေ မီး၊ နှစ်(၆၀)ကျန်အမည်ပေါက် ၂။ 6KV မီးစက်(ခေတ်သုံးထား) ၃။ R/C ၂ထပ်သစ် FMI FINGER LAKE (ရောင်း/ငှား)(ပွဲစားမလို)
ဖုန်း-၀၉၂၀၆၆၆၂

သင်စိတ်တိုင်းကျမည့် ဂျာပနီကားရောင်းမည်

2004 BMW, Black Hiline Package, Leather seat .
ဖုန်း-၀၉၂၀၂၄၇၂၂၅၊ ၀၉၈၅၀၀၂၇၅

ပျောက်ဆုံးကြောင်း

မြန်မာ့အမြင်သစ် ကျောက်မျက်ရတနာကုမ္ပဏီလိမိတက်၏ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်(ယာယီ) နှင့် Form 6,26 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉၄၄၈၈၂၂၂၂၈

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇာဘိုဇော်၏ 4-TICKETS နံပါတ် BST-19932/02 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၁၁၅၃၁၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၄၉) မြေကွက်အမှတ်(၃၇၄)၊ မြေကွက်တည်နေရာအမှတ်(၃၇၄)၊ ဝေါမြိုင်လမ်း၊ ၄၉ရပ်ကွက်၊ ဒဂုံမြောက် (ဦးမြတ္တန်း)အမည်ပေါက် နှစ် (၆၀) ကနဦးအား အမည်ပေါက် ဦးမြတ္တန်းကွယ်လွန်သဖြင့် ဒေါ်သိန်းဒျု(၁၂)/အစန(နိုင်)၀၄၄၄၉၂၂၂ တစ်ဦးတည်း သောဇနီးတော်ဝင်ကြောင်း ကျမ်းကျိန်လျှောတင်ပြ၍ ၁။ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ၂။ အမိုင်ပေးစာချပ်ရန်၊ ၃။ မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဦးဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

Silk & Style
HOUSE OF EXCLUSIVE SILK FABRICS
ဝိုးရောသီအထူးရေးရောင်းခွဲတော်

Silk & Style ပိုးထည်ရိုင်းတွင် အရင်အမြဲတမ်းယူဆာပေးနေသော ရယ်ဝေရယ်နိမ့ မိတ်ဖေကား၊ မိတ်သစ်များကို ကျေးဇူးတင်မြတ်နိုးသောအားဖြင့် ဝိုးရောသီအထူးရေးရောင်းခွဲတော်တို့ (10.8.12) မှ (13.8.12) ထိ ကျင်းပလုပ်ကိုင်ပါမည်။ မိတ်ဖေကား၊ မိတ်သစ်များ၊ ပေါ်ယူဆာပေးနိုင်ရန် သတင်းပေးကာ၊ ပြင်ဆိုက်ပါသည်။ အထူး Discount အနေဖြင့် (5% to 50%) အထိ ခေါင်းရောဆေးပေးသွားမည် ဖြစ်ပါသည်။

Room (003) Condo (C) တက္ကသိုလ်ဝိုင်ယန်းအိမ်များ
တက္ကသိုလ်ရိုးသားလမ်း၊ ထားဝယ်မြို့နယ်
Ph - 401488, 09 6700111

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁) မြေကွက်အမှတ်(၁၁၃)၊ မြေကွက်တည်နေရာအမှတ်(၁၁၃)၊ ယုဇနလမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံမြောက် (ဦးအောင်ဇော်) အမည်ပေါက်နှစ်(၆၀)ရန်မြေအားအမည်ပေါက် ဦးအောင်ဇော်ထဲမှ အထူးကိုယ်စား လှယ်လွှဲစာအမှတ် ၉၃၁၅/၂၀၁၁ ဖြင့် ရရှိသူ ဦးနိုင်ဝင်း(၁၂)/မရက(နိုင်)၀၂၂၅၂၂ကအရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဦးဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့်အသက်ကယ်ပါ

"ပြောင်းလဲလာသော ဘတ်စနစ်နှင့်အပီလိုက်ဖို့ စာဇတ်ပါ။"
ကြိုတင်၊ ၆ စက်ဝင်းဘက ဘတ် ကျေးတိုက်များနှင့်ကမ်းနှိုင်း ကျေးလက်ကျေးတူးကျွေးရေးကြိုး ရောင်းချနေပြီ

Books & Art Centre
သဘာဝ (ပထမလမ်း)နယ်ချိုတန်းလမ်းမှင့် ယောမရွှေလမ်းထောင့် ကျောက်တံတားကြီးမှ ရန်ကုန်ကြီး ဖုန်း ၀၉ ၇၃၁ ၂ကတ်ဂ ၀၉ ၇၃၁ဃ၀ရ

ကျွန်ုပ် သင်ဆို့ကို အပြုံးပြုလိုရုံနှင့်
ကျေးဇူးတရားတည်း အစားစိမ်းပြုတယ်
အရည်အနေသွားတယည်း စိတ်ရှုရုတယ်ဆိုရင်
ဆဲခဲ့ဝန်ချည်းနေတော့ ပေါ်ထုံးနဲ့
ရင့်ကြက်ရိုက်ပါ . . .
သင်ကို, အလေးထားမဲ့ စိတ်ထဲမှာ
တွေးမိ နှစ်သက်ကြမှာပါ . . . .



Anytime
SPN Distribution Group
ကျေးဇူး (၉) (၃) ဆေးလိပ်ခပ်ပေး ကျွေးကြပြီး (၁)ခုတ်ကောင်ကို ကပ်ကျော်ကြပြီး
ကုန်ပစ်ပြီး ကနေ့ကတည် ခုလောက် ခုလောက ကတည်း ဆေး(၅-၇-ခုတည်)

ကျေးဇူးအထူးတင်ရှိခြင်း

၂၈-၇-၂၀၁၂ ရက်တွင် ကွယ်လွန်ခဲ့သော ဦးသောင်းစိုး (၄၇)နှစ် (ရုပ်ရှင်၊ ဗီဒီယိုစက်မှုပိုင်းဆိုင်ရာ)၏ နာရေးတွင် ကူညီဖေးမပေးပါသော အနုပညာရှင် အစ်ကို၊ အစ်မများနှင့် စက်မှုပိုင်းဆိုင်ရာညီအစ်ကိုများ၊ ဆွေမျိုးမိတ်သင်္ဂဟသူငယ်ချင်းများအားလည်းကောင်း၊ အထူးသဖြင့် အဘက်ဘက်မှ လိုလေသေးမရှိအောင် တာဝန်ယူပံ့ပိုးကူညီပေးခဲ့ပါသော စက်မှုလက်မှု သာရေးနာရေးအသင်းအားလည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအားလည်းကောင်း၊ ၃-၈-၂၀၁၂ ရက် ရက်လည်ဆွမ်းကျွေးရာတွင်လည်းကောင်း၊ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

(၄)နှစ်ပြည့်လွမ်းဆွတ်တသအမှတ်တရ

မပန်းမဥ္စူ(ပန်းလေး)

B.A,B.Ed(Eng)

(၇-၈-၂၀၀၈ - ၇-၈-၂၀၁၂)

စိတ်ထားဖြူစင်တဲ့အတွက် လူတိုင်းရဲ့ချစ်ခင်ခြင်းကိုခံရတဲ့ သမီးကြီး မိသားစုနဲ့ခွဲခွာသွားသည်မှာ ၇-၈-၂၀၁၂ရက်တွင် (၄)နှစ်ပြည့်ပြီဖြစ်သော်လည်း တစ်နေ့မှမမေ့ရ နေ့စဉ်လွမ်းဆွတ်တသ သတိရနေပါသည်။ သမီးကြီးအတွက် ရည်စူး၍ နှစ်စဉ် ဩဂုတ်လ ၇ရက်နေ့ရောက်တိုင်း သံဃာ့ဒါနဆွမ်းလောင်းခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်းပြုပါသည်။ နေ့စဉ်၊ လစဉ် ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကိုလည်း မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ သမီးကြီးရေ အမျှ-အမျှ-အမျှ

ဖေကြီး	- ဦးအေးသန်း(ကျောင်းကုန်းဈေးချုပ်)
မေကြီး	- ဒေါ်ရီရီမြင့်
ညီမ	- သဇင်ပွင့်၊ ရွှေစင်နှင်းဆီ
မောင်လေး	- နောင်ရဲထွတ် (ဘဝရွှေဆောင် ပညာရေးမိသားစု၊ ကျောင်းကုန်းမြို့)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/နွယ်အေးမြေကွက်အမှတ်(၁၄၁)၊ မြေကွက်တည်နေရာအမှတ်(၁၄၁)၊ တံခွန်တိုင်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးချစ်လှ[၁၂/ဒပန(နိုင်)၀၄၁၅၁၂] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးချစ်လှ ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မြစိန်မှပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၁၅၅၀/၁၂ ဖြင့် ၁၀-၄-၁၂ အရ ပိုင်ဆိုင်သူ၏ ငွေးမှုရှင်ထံမှ ဝယ်ယူ၍ ကျွန်ုပ်၏ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရှေ့နေထောက်ခံချက်၊ ကျမ်းကိုန်လွှာတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို မိမိတစ်ဦးတည်းပိုင်ဖြစ်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၉လမ်းနှင့်ကုန်သည်လမ်းထောင့် အမှတ်(၅၀၄/၅၀၆) (၄အေ)တွင်တည်ရှိသော RELIANCE FRESH FOODSTUFF PRODUCTION COMPANY LIMITEDသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို မိမိတစ်ဦးတည်းတရားဝင်မူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ၂၀၁၂ခုနှစ်၊ ဇူလိုင်လ ၁၀ရက်တွင် မှတ်ပုံတင်စာချုပ်အသီးသီးတို့ဖြင့် မှတ်ပုံတင်သွင်းကြေညာပြီး ဖြစ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ်-	မှတ်ပုံတင်စာချုပ်အမှတ်-	မှတ်ပုံတင်စာချုပ်အမှတ်-
၄/၇၂၇၀/၂၀၁၂	၄/၇၂၇၁/၂၀၁၂	၄/၇၂၇၂/၂၀၁၂

အထက်ပါ အင်္ဂလိပ်စာလုံးအကြီးဖြင့် ရေးသားထားသော YADANA KHINEစာလုံး၏အောက်ရှိ အသီးပုံစံအတွင်း၌ ရတနာပစ္စည်းများစုပုံထားသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို RELIANCE FRESH FOODSTUFF PRODUCTION Co.Ltd ပိုင်စက်ရုံမှထုတ်လုပ်ဖြန့်ဖြူးရောင်းချမည့် သီးစုံစားဖွယ်များဖြစ်သည့် ဆားရည်စိမ်၊ သစ်သီးခြောက်၊ ယိုမျိုးစုံနှင့်သီးစုံစားဖွယ်စသည်တို့ကို ထုပ်ပိုးထားသည့် Aluminium Packing,Plastic Packing,Paper Packing များပေါ်တွင် ပုံစံအရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးဖြင့်လည်းကောင်း၊ ယင်းပစ္စည်းများနှင့်ဆက်နွယ်၍ အသုံးပြုသည့် အရာဝတ္ထုပစ္စည်းများအားလုံးတို့တွင် ပုံစံအရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့ဖြင့် ရိုက်နှိပ်၊ ဖိနှိပ်၊ ကပ်နှိပ်ဖော်ပြ၍ အများပြည်သူစိတ်ဝင်စားစေမည့် ပုံစံအမျိုးမျိုးတို့ဖြင့် ထုတ်လုပ်ကာ ရန်ကုန်မြို့နှင့်တကွ မြန်မာတစ်ပြည်လုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ (မှတ်ပုံတင်စာချုပ်အမှတ်-၄/၇၂၇၀/၂၀၁၂)

အထက်ပါ အင်္ဂလိပ်စာလုံး O ၏အတွင်း၌ သရက်သီးပုံ၊ အဆိုပါသရက်သီးပုံအတွင်း၌ စိန်တစ်လုံး၏ပုံရိပ်ပါရှိသည့် ကုန်အမှတ်တံဆိပ်နှင့် ထိစပ်လျက်ဖြစ်၍ One Diamond ဟူသောအမည်အမှတ်အသားကို RELIANCE FRESH FOODSTUFF PRODUCTION Co.,Ltd ပိုင်စက်ရုံမှထုတ်လုပ်ဖြန့်ဖြူးရောင်းချမည့် MANGO JUICE သရက်သီးအချိုရည် (အသင့်သောက်သုံးနိုင်သော စိန်တစ်လုံးသရက် သဘာဝအချိုရည်နှင့် ၎င်း၏ Puree (ပျော့ဖတ်/အနှစ်)တို့ကို သိုလှောင်ထားသည့်ပုလင်းများ၊ ပလတ်စတစ်ပုလင်းများ၊ ပလတ်စတစ်ဘူးများ၊ ပလတ်စတစ်ခွက်များ(Cup)၊ သံဘူးများ (Can)၊ သိုလှောင်ကန်များနှင့် ၎င်းတို့၏အဖုံးများပေါ်တွင် ပုံစံအရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးဖြင့်လည်းကောင်း၊ ယင်းပစ္စည်းများကို ထည့်သွင်းထုပ်ပိုးသည့်စက္ကူပုံးများ၊ အိတ်များ၊ အခြားသောထုပ်ပိုးစနစ်ဖြင့် ထုပ်ပိုးထားသည့်အရာများအားလုံးတို့တွင် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့ဖြင့် ရိုက်နှိပ်၊ ဖိနှိပ်၊ ကပ်နှိပ်ဖော်ပြ၍ အများပြည်သူစိတ်ဝင်စားစေမည့် ပုံစံအမျိုးမျိုးတို့ဖြင့် ထုတ်လုပ်ကာ ရန်ကုန်မြို့နှင့်တကွ မြန်မာတစ်ပြည်လုံးသို့ လက်လီလက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။

(မှတ်ပုံတင်စာချုပ်အမှတ်-၄/၇၂၇၁/၂၀၁၂)

အထက်ပါအစိမ်းရောင် အင်္ဂလိပ်စာလုံးအကြီးဖြင့် ရေးသားထားသော GREEN ပုံစံနှင့် အဆိုပါ စာလုံးအောက်တွင် ထိကပ်လျက်ရှိသော အပြာရောင် ရေလှုပ်လှိုင်းပုံပါရှိသည့် ကုန်အမှတ် တံဆိပ်အမည်အမှတ်အသားကို RELIANCE FRESH FOODSTUFF PRODUCTION Co.,Ltd ပိုင်စက်ရုံမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည့် သောက်ရေသန့်များကို သိုလှောင်ထားသည့် ပလတ်စတစ်ဘူးများ၊ ပလတ်စတစ်ပုံးများ၊ ရေလှောင်ကန်များနှင့် ၎င်းတို့၏ အဖုံးပေါ်တွင်သော်လည်းကောင်း၊ ယင်းပစ္စည်းများကိုထည့်သွင်းထုပ်ပိုးမည့် ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ကတ်များနှင့် အခြားသောထုပ်ပိုးစနစ်ဖြင့် ထုပ်ပိုးထားသည့် အရာများအားလုံးတို့တွင် ပုံစံအရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့ဖြင့် ရုပ်ပတ်၍သော်လည်းကောင်း၊ ကပ်နှိပ်၍သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း၊ ဖော်ပြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ (မှတ်ပုံတင်စာချုပ်အမှတ်-၄/၇၂၇၂/၂၀၁၂)

ထို့အပြင် အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ဆိုင်းဘုတ်ကြော်ငြာ၊ ပုဂ္ဂလေးကြော်ငြာ၊ စာစောင်ကြော်ငြာ၊ ပြက္ခဒိန်၊ နံရံကပ်ပိုစတာ၊ Internet,Website,E-mail အစရှိသည်များတွင် ထည့်သွင်းကြော်ငြာပြီး ယင်းလုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်သည့် လူသုံးကုန်ပစ္စည်းများအားလုံးနှင့် မောင်းနှင်သွားလာနေသော ယာဉ်များပေါ်တို့တွင်လည်း ကပ်နှိပ်ဖော်ပြပြီး ကြေညာအသုံးပြုသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို စီးပွားရေးအလို့ငှာ မိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ အများကသော်လည်းကောင်း၊ အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများနှင့်ပတ်သက်၍ တစ်စိတ်တစ်ဒေသဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ပြုလုပ်သုံးစွဲခြင်း မပြုပါရန် အတိအလင်းကြေညာ၍ အသိပေးတားမြစ်လိုက်ပါသည်။ အကယ်၍ အထက်ပါ အသိပေးတားမြစ်ချက်ကို ချိုးဖောက်ပြီး ကမ္ဘာ့ကီ၏အကျိုးစီးပွား၊ ထိခိုက်နစ်နာဆုံးရှုံးမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ တရားစွဲဆို၍ လျော်ကြေးငွေတောင်းခံခြင်း၊ တားမြစ်မိန့်ထုတ်ပြန်ခြင်း၊ တုပထုတ်လုပ်သော လုပ်ငန်းများအားလုံးကို ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ထားသည့်ပစ္စည်းများ သိမ်းဆည်းဖျက်ဆီးခြင်းများကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအာကာမျိုးထက်

LL.B,D.B.L

အထက်တန်းရှေ့နေ

(စဉ်-၇၇၆၀၃)

အမှတ်(၅၅)၊ အခန်း(၅) ဒုထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၄၃၁၇၀၉၉၆

အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့နေ ဦးအောင်နိုင်(ခ)Eric Law(ခ)လော်ပင်စင်း အသက်(၅၈)နှစ်သည် ၁၀-၇-၂၀၁၂ရက် ကွယ်လွန်ချိန်မှစ၍ ၁၆-၇-၂၀၁၂ရက် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးသည်အထိ နာရေးကိစ္စအဝဝတို့အတွက် လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း/ကြေးနန်းတို့ဖြင့်လည်းကောင်း၊ လှူဖွယ်ပစ္စည်းနှင့် ပန်းခြင်း/ပန်းခွေများ ပေးပို့ခြင်းဖြင့်လည်းကောင်း၊ အစစအရာရာ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးကြပါသော စစ်ဘက်/နယ်ဘက်မှ အကြီးအကဲပုဂ္ဂိုလ်များအားလည်းကောင်း၊ ရန်ကုန်စည်ပင်သာယာ၊ ဓါက်ကွင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ဝိတိုရိယဆေးရုံအုပ်ချုပ်ရေးမှူးနှင့် ဆရာဝန်၊ ဆရာမများအဖွဲ့၊ သယ်ယူပို့ဆောင်ရေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်ယူနန်ဘုံကျောင်းအသင်း၊ ချန်ထက်ထန်သက်သတ်လွတ် ငါးပါးသီလဘုရားကျောင်း၊ ပြည်တွင်းပြည်ပ ကုမ္ပဏီများမှ မိတ်ဆွေများ၊ အေးရှားဝေါ(လ်)ကုမ္ပဏီမှ အုပ်ချုပ်မှုအဖွဲ့နှင့်ဝန်ထမ်းများ၊ ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့နေ ဦးအောင်နိုင်(ခ)Eric Law(ခ)လော်ပင်စင်း အသက်(၅၈)နှစ်သည် ၁၀-၇-၂၀၁၂ ရက် ကွယ်လွန်ချိန်မှစ၍ ၁၆-၇-၂၀၁၂ရက် ကိုးကန့်ရှိရာ လေ့လေထုံးတမ်းနှင့်အညီ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးသည်အထိ ရှာပနအခမ်းအနားကိစ္စအဝဝတို့အတွက် လာရောက်ကူညီပေးကြသော ကိုးကန့်လူ့ဘောင ယဉ်ကျေးမှုတရားဟောဆရာ ဦးလူကျင့်ချန်နှင့်အဖွဲ့၊အားလည်းကောင်း၊ ကိုးကန့်မိုးရာယဉ်ကျေးမှု လေ့လေထုံးတမ်းစဉ်လာအတိုင်း ပြည့်စုံစွာ လာရောက်ကူညီလုပ်ကိုင်ပေးကြသော ရန်ကုန်၊ တောင်ကြီး၊ လားရှိုးမြို့တို့မှ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့နှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးရဲထွန်း-ဦး-ဒေါ်မာမကြူးတို့၏ဖခင် သီရိပုံချီ ဗိုလ်မှူးကြီးသန်းရွှေ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်စန်းစန်းမင်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ချမ်းသာလမ်း ကျွန်းတောတောင်ရပ်ကွက်၊ အမှတ်(၂)(၇လွှာ)ကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစိုးလှမင်း[၁၂/သဃက(နိုင်)၀၅၆၅၄၀]ထံမှ ကျွန်ုပ်တို့ကဝယ်ယူရန် စရန်အချို့ပေးချေပြီး ဖြစ်ပါသည်။ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူများသည် ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးထွန်းဝင်း	ဒေါ်မို့မို့ခိုင်
[၁၂/ဗဟန(နိုင်)၀၈၅၈၀၉]	[၈/မကန(နိုင်)၁၀၇၄၁၃]

အမှတ်(၄၆)ဂ်လွှာ၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအသိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၃)ဝက်မစွတ်ဝန်ထောက်လမ်း၊ အမှတ်(၁၀၄)၌ မာယာကုန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက် (MA GA Manufacturing Company.,Ltd)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းထားရှိပါသည်။

မှတ်ပုံတင်အမှတ်-၄/၇၇၇၂/၂၀၁၂

ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို လျှပ်စစ်ဓာတ်အားလိုင်းသုံး ကွန်ုကရစ်ကျောက်တိုင်အရွယ်အစားအမျိုးမျိုး၊ အသင့်သုံးကြိုတင်အားဖြည့်ကွန်ုကရစ် ကြမ်းခင်းပြားများ၊ ကွန်ုကရစ်နံရံပြားများ၊ အဆောက်အအုံသုံးကြိုတင်သွန်းလောင်း ကွန်ုကရစ်ပစ္စည်းအမျိုးမျိုးနှင့် ကွန်ုကရစ်ရေမြောင်းအမျိုးမျိုး၊ ကြိုတင်သွန်းလောင်းကွန်ုကရစ် ပိုက်အမျိုးအစားအမျိုးမျိုး၊ ကွန်ုကရစ်ရေကန်များ၊ ကွန်ုကရစ်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ချီရောင်းချသွားမည် ဖြစ်ပါသည်။ ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားဖြင့်ပင် ကုန်ပစ္စည်းများအားပုံစံအမျိုးမျိုးဖြင့် ထည့်သွင်းခြင်း၊ ထုပ်ပိုးခြင်း၊ ကြော်ငြာခြင်းများကို အသုံးပြုလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားတို့ကို မာယာကုန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်(MA GA Manufacturing Company,Ltd)၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အတုပြုလုပ်ခြင်း၊ တုပပြုလုပ်သုံးစွဲခြင်း၊ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားကို ထင်ယောင်ထင်မှားဖြစ်စေရန်ဆောင်ရွက်ခြင်း၊ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားကို အခြားတစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲရာရောက်သည့် ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး တားမြစ်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်သက်လင်း

LL.B,D.B.L,D.M.L,D.I.L

တရားလွှတ်တော်ရှေ့နေ

အမှတ်(၂၁၉)၊ ပထမထပ်၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၇၉၉၉

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း)

(ကြည်း-၅၄၈၂)

အသက်(၈၇)နှစ်

ဗိုလ်မှူးကြီးယုလွင်အောင်(ငြိမ်း) (၁၇၉၄-လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဝန်ကြီးဌာန)-ဒေါ်ကေသီမြင့်တို့၏ ကျေးဇူးရှင်ဖခင် ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း)သည် ၃၁-၇-၂၀၁၂ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

EMPA 3rd batch မှ ကျောင်းသား/သူများ

အထူးဝမ်းနည်းကြေကွဲခြင်း

အန်တီ ဒေါ်လှကြည်၏ခင်ပွန်း ဦးလေးဦးမြင့်စိန် (မြင်းကျား၊ ရွှေဒေါင်းပုံ၊ လိပ်စွန်ပိုင်ရှင်) အသက်(၈၃)နှစ်သည် ၂၇-၇-၂၀၁၂ (သောကြာနေ့) ည ၇း၃၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တူ၊ တူမများ

ဦးမြင့်ဆွေ-ဒေါ်အေးမြင့်သန်း

ဦးကျော်ညွှန့်-ဒေါ်ခင်အေးဆွေ

ဦးမျိုးဆွေ-ဒေါ်မိမိသက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြွယ်ကြွယ်

အသက်(၇၈)နှစ်

ဒေါက်တာခင်မောင်တင့်၊ ဒေါ်ဝင်းမာတို့၏ ကျေးဇူးရှင် မွေးသမိခင်ကြီး ဒေါ်ကြွယ်ကြွယ်(နိုင်ငံကျော်အနိုးတောင်းလက်ဖက်၊ ကြက်သွန်ကြော်နှင့် ပဲကြော်လုပ်ငန်း)သည် ၃၀-၇-၂၀၁၂(တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ဖြူ၊ ဒေါ်ဝင်းကြည်၊ ဦးတင်ရွှေ-ဒေါ်မြမြအေး၊

ဦးစော်သိန်း-ဒေါ်သီတာဝင်း၊

ဒေါက်တာမြင့်စိန်-ဒေါ်သင်းသင်းစိန်၊

အထူးဝမ်းနည်းကြေကွဲခြင်း

ကျေးဇူးရှင် ဒေါ်လှကြည်(သီဟသုမေ့သိင်္ဂီ၊ သီရိသုမေ့သိင်္ဂီ)၏ ခင်ပွန်း ဦးမြင့်စိန် (မြင်းကျားရွှေဒေါင်းပုံ၊ လိပ်စွန်ဆေးလိပ်ရုံပိုင်ရှင်)သည် ၂၇-၇-၂၀၁၂ ရက် ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစု၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကြည်လွင်(မော်ကျွန်း)

ဦးကြည်ခင်(ကျုံမငေး)



ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇) ပထမထပ်(ယာ) အကျယ်အဝန်း ပေ(၁၈×၆၀)ရှိ တိုက်ခန်းအား ဒေါ်ကျင်သိန်း[၁၂/ပဘတ(နိုင်)၀၁၂၁၁၀] တရားဝင်ပိုင်ဆိုင်ထားပြီး ၎င်း၏ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမျိုးမြင့်[၁၂/ပဘတ(နိုင်)၀၁၇၄၁၁]ထံတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအပေါ် တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆုမြတ်အောင်

LL.B,D.B.L,D.I.L,D.I.P-302(WIPO, Switz)

Dip in Global English

အထက်တန်းရှေ့နေ(စဉ်-၂၅၂၂၉)

၈/၁၀၊ (၃၅)လမ်းအောက်၊ ကျောက်တံတားမြို့နယ်

ဖုန်း-၀၉၅၀-၂၅၅၈၃၊ ၀၉-၇၃၄၉၀၁၅၆

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကျော့ခင်ကြည်

အသက်(၅၇)နှစ်

ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး

ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ကျော့ခင်ကြည်သည် ၄-၈-၂၀၁၂ ရက်တွင် မြောက်ဦးမြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကျော့ခင်ကြည်

အသက်(၅၇)နှစ်

ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး

ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ကျော့ခင်ကြည်သည် ၄-၈-၂၀၁၂ ရက်တွင် မြောက်ဦးမြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နှင့်ဝန်ထမ်းများ

ဦးစံရွှေမောင်(စစ်တွေ)

အင်ဂျင်နီယာ(ငြိမ်း)

(ပ. ရ. သ. ဖ)

အသက်(၇၉)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ရွှေသာလမ်း၊ အမှတ်(၄၄)နေ (ဦးသာနို့-ဒေါ်ဦးကျော့စိန်)တို့၏သား၊ (ဦးကျော်လှဦး-ဒေါ်မစောဖြူ)တို့၏ သားသမက်၊ ဒေါ်ဘုမ(ခ)ဒေါ်မခင်သန်း၏ချစ်လှစွာသော ခင်ပွန်း၊ (ဒေါ်ကြည်ကြည်စံ)၊ ဦးအောင်မြင့်-ဒေါ်ယဉ်ယဉ်ကြည်၊ဦးသန်းအောင်-ဒေါ်မေမေအောင်၊ ဦးသန်းထွန်းအေး-ဒေါ်မိမိအောင်၊ ဦးအောင်စောဝင်း-ဒေါ်အေးသိန်းဦး၊ ဦးသိန်းထွန်း-ဒေါ်မြင့်မြင့်နွယ်၊ ဦးခင်မောင်ထွန်း-ဒေါ်အေးမြမြတ်ခင်၊ ဦးမင်းမင်းအောင်-ဒေါ်ခင်ဆန်းဝင်း၊ ဦးအောင်ကြည်စိုးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးရှင်သည် ၆-၈-၂၀၁၂ (တနင်္လာနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၂ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အာဂျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တိုက်နယ်သာသနာပြုအဖွဲ့အကျိုးဆောင်နှင့်ဆွမ်းလောင်းအသင်းနာယက

ဦးသောင်းကြွယ်(သက္ကလ)

အသက်(၇၃)နှစ်

ကျောင်းအုပ်ဆရာကြီး(ငြိမ်း)

မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်(ငြိမ်း)

ပဲခူးတိုင်းဒေသကြီး၊ သက္ကလမြို့နေ ဦးချစ်အောင်-ဒေါ်ရွှေကျင်၊ ဦးသောင်-ဒေါ်အုန်းသွယ်တို့၏သားကြီး၊ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ ဦးစန်းထွန်း-ဒေါ်သိန်းနွဲ့၊ ဦးသိန်းလှိုင်-ဒေါ်စိန်မြင့်တို့၏ အစ်ကိုကြီး၊ ကိုတင်ကို-မချိုချိုနိုင်(တာမွေ၊ ၁၆၅ လမ်း၊ ကိုတင်ကို မော်တာ-ဒိုင်နမိုပြုပြင်ရေး)၊ ကိုစိုးလွင်-မချိုချိုခိုင်၊ ကိုဇော်မိုးအောင်-မဝင်းပပရှိန်၊ ကိုသန်းစိုးအောင်-မဆွေဆွေမာ၊ ကိုဇော်ခင်-မတင်မိုးကြွယ်တို့၏ဖခင်ကြီး၊ တူ၊ တူမရှစ်ယောက်တို့၏ဘကြီး၊ မြေး ၁၁ယောက်တို့၏ အဘိုး ဦးသောင်းကြွယ်သည် ၅-၈-၂၀၁၂ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၂ (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တာမွေ၊ ၁၆၅ လမ်း၊ ကိုတင်ကို-မချိုချိုနိုင်တို့၏ နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၂ (စနေနေ့) တွင် သက္ကလမြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးထွေးတင် (၄၆)နှစ်

ဌာနခွဲစာရေး၊ (B.A, Geo;)

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း

ရခိုင်ပြည်နယ်၊ကျောက်ဖြူမြို့၊စေတီယရွာနေ (ဦးစိန်ထွန်းဖြူ)-ဒေါ်ဖြူခိုင်ဦးတို့၏သား၊ ကျောက်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်၊ ဖြတ်လမ်း(၁)နေ ဦးကျော်သာ-ဒေါ်စောသာဖြူတို့၏ သားသမက်၊ ဒေါ်ခင်ခင်အေး (အလကပြ၊ အထက-၁)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သုတစိုး၏ဖခင်၊ဦးကျော်ခိုင်၊ ဒေါ်မဲစိန်၊ ဦးမောင်မဲခင်၊ ဦးလှခင်၊ ဒေါ်မလှခင်၊ ဒေါ်မလှမြင့်၊ ဒေါ်မလှတင့်၊ ဒေါ်မလှထွေးတို့၏ ညီ/မောင်၊ ဦးထွေးစိုး၊ ဒေါ်ခင်မာအေး၊ ဒေါ်ခင်မာဝင်း(အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်)၏ အစ်ကိုသည် ၆-၈-၂၀၁၂ (တနင်္လာနေ့)နံနက်ဝ၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၂ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကျောက်ဖြူမြို့၊ မြို့မသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ကျောင်းဒါယကာ

ဦးသန်းစိန် (၈၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အမှတ်(၆)၊ ဇမ္ဗူရာဇ်လမ်းနေ (ဦးစိန်ရှိုး-ဒေါ်မေတင်)တို့၏ သားကြီး၊ (ဒေါ်အမာ)၊ ဒေါ်ခင်ရွှေတို့၏ အစ်ကို၊ (ဒေါ်ခင်မြနွယ်)၏ ခင်ပွန်း၊ ဦးထွန်းကျော်-ဒေါ်ယုယုစိန်တို့၏ဖခင်၊ဦးစည်သူ(အင်ဂျင်နီယာမှူး၊ PIL)-ဒေါ်မြမိုးဦး၊ ဦးသန့်ဇင်ဦး(ဦးစီးအရာရှိ၊မြေတိုင်းဦးစီးဌာန)-ဒေါ်နှင်းယုဝေတို့၏ အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၅-၈-၂၀၁၂(တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၂(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးချစ်မောင် (၈၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ဇင်မလမ်း၊ အမှတ်(၆၄)နေ (ဦးမောင်မြ-ဒေါ်စိန်တင်)တို့၏ သား၊ (ဒေါ်တင်ပု)၏ခင်ပွန်း၊ ဦးမောင်မောင်-ဒေါ်မြင့်ကြည်(အထက-၄၊ ပုဇွန်တောင်-ငြိမ်း)၊ ဒေါ်ဘေဘီ(ခ)ဒေါ်ခင်မာကြူ(အမက-၅၊ သာကေတ)၊ ဦးသောင်းချစ်-ဒေါ်မိုးမိုးတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မခင်သူအောင် (နည်းပညာတက္ကသိုလ်၊ သန်လျင်)၊ မောင်သူရိန်ကျော် (အရှေ့ပိုင်းတက္ကသိုလ်၊ တာဝ)၊ မရွှန်းလဲ့ဝေ(Grade-5.D၊ အထက- ၅၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသော အဘိုးသည် ၆-၈-၂၀၁၂ (တနင်္လာနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစံထွန်းလှ အသက်(၈၀)

အငယ်တန်းအင်ဂျင်နီယာ-၂

(ဆက်သွယ်ရေး- ငြိမ်း)

စစ်တွေမြို့၊ ဘောင်ဒွတ်သားစုရပ်ကွက်၊ ပဥ္စင်းလမ်းနေ (ဦးအောင်ထွန်းဦး-ဒေါ်စောပု)တို့၏သား၊ ဒေါ်သာနုငယ်၏ခင်ပွန်း၊ (ဦးဦးကျော်ထွန်း)၊ (ဦးထွန်းအောင်ကျော်)တို့၏ ညီ၊ (ဦးစံထွန်းသာ)၊ ဒေါ်မတင်အေးတို့၏အစ်ကို၊ ဒေါ်ဦးတင်ကျော့ (အလက-ပြ၊ အထက-၂၊ စစ်တွေ) -ဦးကျော်ခင်၊ ဦးမောင်မောင်တင်၊ (ဦးမောင်မောင်ခင်)-ဒေါ်စောယိုင်စိန်၊ ဦးမောင်မောင်ထွန်း၊ ဒေါ်ဖြူဖြူခင်(ဆက်သွယ်ရေး- ငြိမ်း)-ဦးအေးရွှေတို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးရှင်သည် ၆-၈-၂၀၁၂ ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၂ ရက် မွန်းလွဲ ၂နာရီတွင် နေအိမ်မှ စစ်တွေမြို့ အာဂျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ရိုစီ (၆၅)နှစ်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကံရွှေ့ရပ်ကွက်၊ (၉၂)လမ်း၊ အမှတ်(၈၂)၊ ခုနစ်လွှာနေ (ဦးဒေးဗစ်ဝီလျံ)-ဒေါ်မေရီဝီလျံတို့၏သမီးကြီး၊ ဦးအော်စတင်-ဒေါ်နီလာ (အိန္ဒိယနိုင်ငံ)၊ ဦးချာလီ၊ ဆရာဒယ်နီ၊ ဦးဒယ်ဒီ-ဒေါ်ဂလိုရီယာ၊ ဦးဂျော်နီ-ဒေါ်ရိုစီ၊ ဦးစတန်းလီဂျိုးဇက် (Asst: Mananger (F.O)(Micasa) -ဒေါ်စန္ဒာ (Art & Deco)တို့၏ ချစ်လှစွာသော အစ်မကြီးသည် ၄-၈-၂၀၁၂ (စနေနေ့) ည ၁၀း၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၅-၈-၂၀၁၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် သန့်ရှင်းသော တြိနတိကသီဒြယ်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးဟံညွန့် (၈၆)နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ်(၂၃၅)၊ အခန်း(၂၀၂)နေ (ဦးပွင့်-ဒေါ်မြမေ)တို့၏ သား၊ (ဦးမောင်စံ-ဒေါ်ပု)တို့၏ သားသမက်၊ (ဒေါ်ကျင်ယုံ)၏ ခင်ပွန်း၊ ဦးလှဝင်း(သံလွင်ပျိုးဥယျာဉ်)-ဒေါ်လှလှဦး(မန်နေဂျာ၊မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ဘဏ္ဍာရေးဌာန)၊ မနွဲ့နွဲ့ရီ၊ မဆွေဆွေမော်၊ ကိုပြည့်စုံ၊ မကြည်ကြည်ဟန်၊ ကိုကျော်စွာဝင်း(ခေတ္တ-စင်ကာပူ)၊ ကိုကျော်စွာလင်း (ခေတ္တ-စင်ကာပူ)-ဒေါက်တာစုအိထိုက်(ခေတ္တ-စင်ကာပူ)တို့၏ မွေးသဖခင်၊ နွေးနွေးအိထက်အောင်(ခေတ္တ-စင်ကာပူ)၊ သိမ့်သိမ့်အိထက်အောင်(ခေတ္တ-စင်ကာပူ) တို့၏ အဘိုးသည် ၅-၈-၂၀၁၂ (တနင်္ဂနွေနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၂ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်မြင့်(ခ)ကိုကျို့(ခ) ဘိုကျော် (၈၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ (၃၄)လမ်း၊ တိုက်အမှတ်-(၁၈၉/ခ)၊ အခန်း(၃)နေ (ဦးမောင်ဥ-ဒေါ်သိန်းမြ)တို့၏ သား၊ (ဒေါက်တာဦးအာယု-ဒေါ်ကြင်ဝင်း)တို့၏ သားသမက်၊ ဒေါ်ခင်လေး၏ ခင်ပွန်း၊ ဒေါ်ခင်မြင့်၊ ဒေါ်ခင်ဝင်း၊ (ဦးခင်မောင်အေး)တို့၏အစ်ကို၊ (ဦးကျော်ကျော်)-ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်ဌေးဌေး(လက်ထောက်ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးစီမံကိန်းရုံး၊ နေပြည်တော်)တို့၏ မွေးသဖခင်၊ မောင်ဇော်ဦး၊ မောင်သိန်းဇော်လတ်(ခေတ္တ-မလေးရှား)တို့၏ အဘိုးသည် ၆-၈-၂၀၁၂(တနင်္လာနေ့) နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၈-၂၀၁၂ ရက် ညနေ ၄း၃၀ နာရီတွင် အထက်ပါ (၃၄)လမ်းနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကြီးဖေမြင့် (၅၆)နှစ်

B.Sc (Geology)

ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်း၊ အမှတ်(၁၁၁)၊ မြေညီထပ်နေ [ဗိုလ်မှူးဖေမြင့်(ငြိမ်း)-ဒေါ်အေးကြည်]တို့၏သား၊ ဦးဝိုင်း-ဒေါ်ကျင်အေးတို့၏ သားသမက်၊ တိုက်(၇)၊ အခန်း(၂၂)၊ (၅၁)လမ်းအိမ်ရာစခန်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်တင်စိန်၏ ခင်ပွန်း၊ ဒေါက်တာနေဝင်း-ဒေါက်တာနွယ်နွယ်မြင့်၊ ဦးအေးဖေမြင့်-ဒေါ်အေးမမ၊ (ဦးမြင့်ဆွေ)-ဒေါ်စပါယ်မြင့်တို့၏ ညီ/မောင်၊ (ဦးကိုကိုနိုင်)-ဒေါ်နီလာမြင့်၊ ဦးဇင်ဦး-ဒေါ်မိမိမြင့်၊ ဦးမြင့်စိုးမင်း-ဒေါ်ရူပါမြင့်တို့၏ အစ်ကို၊ မောင်ပြည့်ဦး(Grade-8 ၊ အထက-၂၊ ဗိုလ်တထောင်)တို့၏ဖခင် ဦးကြီးဖေမြင့်သည် ၆-၈-၂၀၁၂ (တနင်္လာနေ့) နံနက် ၁၀း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဝင်းနိုင် (၅၂)နှစ်

(B.V.S)

(ဦးညွန့်)-ဒေါ်ခင်ရီတို့၏သား(ဦးထိန်ဝင်း)-ဒေါ်အေးတင်တို့၏ သားသမက်၊ ဦးဝင်းလှိုင်၊ ဆရာတော်ဦးဓမ္မပါရဂူ (ဦးထွန်းမင်းညွှန့်)၊ ဒေါ်ခင်လေးညွှန့်၊ ဒေါ်အေးအေးညွှန့်တို့၏ အစ်ကိုကြီး၊ ဒေါ်နုနုခင်၏ ခင်ပွန်း၊ မအေးလွင်လွင်၊ မောင်အောင်သူထွန်းတို့၏ ဖခင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ကံကော်လမ်း၊ အမှတ်(၇၁၅)နေ ဦးဝင်းနိုင်(B.V.S)သည် ၅-၈-၂၀၁၂(တနင်္ဂနွေနေ့) နံနက် ၇း၂၀ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

မောင်သရီးကိုနောင်

အသက်(၂၀)

(မြိတ်/ပုလော)

ဒုတိယနှစ်၊လေကြောင်းတက္ကသိုလ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းနောင်ဦး-ဆရာမဒေါ်ခင်ခင်စု (အထက-၁)တို့၏ သားသည် ၁-၈-၂၀၁၂(ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀ နာရီတွင် မိတ္ထီလာမြို့၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၂(သောကြာနေ့)တွင် မိတ္ထီလာမြို့သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကျော့ခင်ကြည်

အသက်(၅၇)နှစ်

ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး

ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ကျော့ခင်ကြည်သည် ၄-၈-၂၀၁၂ ရက်တွင် မြောက်ဦးမြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်ဝန်ထမ်းများ

ဦးဝင်းဆင့်(နတ်မောက်/မြစ်ကြီးနား)

အသက်(၅၁)နှစ်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ သီးချောင်းရွာနေ (ဦးမောင်း)-ဒေါ်အေးညွှန့်တို့ဒုတိယသား၊ မြစ်ကြီးနားမြို့နေ (ဦးကွေ့)-ဒေါ်အုန်းကြည်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ဇေယျာလမ်း၊ အမှတ်(၁၀/၁၂)၊ အခန်း(၆/က)နေ ဒေါ်ခင်မြဆွေ၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ထွန်းမြင့်(MMMC-CE/33)(BERNARD SCHULTE SHIP MANAGEMENT)၊ မဝင်းရွှေစင်(ဒုတိယနှစ်-စီးပွား/စီမံ)၊ မောင်ဇော်ဝင်းထွန်း (Grade-10(D)၊ အထက-၂၊ ကမာရွတ်)တို့၏ မွေးသဖခင် ဦးဝင်းဆင့်သည် ၃-၈-၂၀၁၂ ရက် နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၂ ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးအောင်ဝင်း (၄၆)နှစ်

ရောင်နီထွန်း မိတ္တူကူးစက်ရောင်းဝယ်ရေး

မန္တလေးမြို့နေ (ဦးလှမောင်-ဒေါ်တင်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၇၇)၊ မဟာဗန္ဓုလပန်းခြံလမ်း(လယ်)နေ ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)-ဒေါ်ညွန့်အေး(ရောင်နီထွန်း မိတ္တူကူးစက်)တို့၏ သားသမက်၊ ဦးကျော်တင့်-ဒေါ်အေးအေးသန်း၊ ဗိုလ်မှူးချုပ်ဇော်ဝင်း-ဒေါ်အိအိထွေး၊ (ဦးနေဝင်း)-ဒေါ်ခင်သန္တာမြင့်၊ ဦးထွန်းထွန်း-ဒေါ်အေးအေးမာ၊ (ဒုဗိုလ်ကျော်ကျော်ထွန်း)၊ ဗိုလ်ကြီးအောင်အောင်(ငြိမ်း)(စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်လှသူဇာဝင့်တို့၏ ညီ/မောင်၊ ဦးနီနီထွန်း(ရောင်နီထွန်းII)-ဒေါ်နိုင်နိုင်ညွှန့်၊ ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)(ပြည်ထဲရေးဝန်ကြီးဌာန)-ဒေါ်နှင်းဆီထွန်း၊ ဗိုလ်ကြီးညီညီထွန်း(ငြိမ်း) (2nd Mate, Uniteam)-ဒေါ်ခိုင်သွဲ့သွဲ့သူတို့၏အစ်ကို၊ တူ/တူမ ၂၂ ယောက်တို့၏ ဦးလေး၊ အမှတ်(၁၆၆)၊ (၃၇)လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်နေ ဒေါ်စပါယ်ထွန်း၏ခင်ပွန်း၊မောင်သက်ပိုင်ထွန်း(1st Year,E.P,GTC)၊ မောင်ဖွဲ့ပိုင်ထွန်း(Grade-7၊ အထက-၁၊ ဒဂုံ)တို့၏ဖခင်သည် ၃-၈-၂၀၁၂ (သောကြာနေ့)တွင် ဗန်ကောက်မြို့ မောင့်တဝေးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၂ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ပို(ခ)ဒေါ်လှရီ(ပြည်)

အသက်(၉၀)

ပြည်မြို့၊ ရန်ကုန်-ပြည်လမ်း၊ တိုက်အမှတ်(၆)၊ အခန်း(၁)နေ (ဦးဟုတ်လှိုင်)(စေတနာရှင်ပွဲရုံ)၏ဇနီး၊ (ဦးလှမြင့်)-ဒေါ်သိန်းနွဲ့၊ (ဦးမောင်ကို)-ဒေါ်ညွန့်ညွန့်သန်း၊ (ဦးမြင့်သွင်)-ဒေါ်ခင်ခင်ဝင်း၊ (ဦးမောင်မောင်)-ဒေါ်ညိုညိုဝင်း၊ ဦးစိန်မြင့်-ဒေါ်ချိုချိုဝင်း၊ ဦးဝင်းနိုင်-ဒေါ်သက်သက်ဦး၊(ဦးသန်းအောင်)-ဒေါ်အေးအေးမာ၊ (ဦးတင်ဌေးအောင်)-ဒေါ်သီသီထွေးတို့၏ မိခင်၊ မြေး ၁၇ ယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်ပို(ခ)ဒေါ်လှရီသည် ၆-၈-၂၀၁၂ ရက် ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၂ ရက် မွန်းလွဲ ၂ နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တင်မီ(ဝမ်းတွင်း)

အသက်(၈၇)နှစ်

ဝမ်းတွင်းမြို့၊ ကိုင်းရွာနေ (ဦးချော-ဒေါ်အေးမှုံ)တို့၏သမီး၊ (ဒေါ်တင်ကြည်)၏ညီမ၊ ဒေါ်တင်ရွှေ၊ (ဦးအောင်ငြိမ်း)၊ (ဦးကျော်သိန်း)၊ (ဦးကုလား)တို့၏ အစ်မ၊ မလှိုင်မြို့၊ တိုးချဲ့စံကွက်သစ်နေ (ဦးခင်မောင်)၏ဇနီး၊ (ဦးအေးကို)-ဒေါ်နန်းစိုး (အုပ်/ဂျ၊ နိုင်ငံပိုင်စိုက်ကွင်း၊ ဟဲဟိုး)၊ ဦးစိုးခိုင်-ဒေါ်တင်ညွန့်(ဝမ်းတွင်း)၊ ဦးထိန်လင်း-ဒေါ်ခင်ပြုံးရီ(တောင်ကြီး)၊ ရဲမှူးခင်မောင်လွင်-ဒေါ်စန်းစန်းဌေး(နေပြည်တော်စည်ပင်)၊ ဗိုလ်မှူးဒေါ်သင်းသင်း (ကထိက၊ဌာနမှူး၊ သဆတ-မင်္ဂလာဒုံ)၊ ဦးဘိုပုချို-ဒေါ်ညွန့်ညွန့်ရီ (သ/မဦးစီး၊ ဆိပ်ဖြူမြို့)တို့၏ မိခင်၊ မြေး ၂၀ယောက်၊ မြစ် ၃၀ ယောက်တို့၏ အဘွား၊ တီတစ်ယောက်တို့၏ အဘီသည် ၄-၈-၂၀၁၂ (စနေနေ့) ညနေ ၄း၂၀ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(၁/၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၂(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်မေပြုံး(ခ)ဒေါ်ပြုံး(ပုလော)

အသက်(၆၁)နှစ်

အသင်းဝင်အမှတ်-၃၂၈၁

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ရှုမဝလမ်းနေ (ဦးကျော်ထွန်းလွင်)၏ ဇနီးသည် ၄-၈-၂၀၁၂ (စနေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၂ (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း

ကပ္ပတိန်ခင်အောင်

အသက်(၈၃)နှစ်

မြို့မကျောင်းသားဟောင်း

ရန်ကုန်မြို့နေ (သတင်းစာဆရာကြီး သံတော်ဆင့် ဦးသိန်းမောင်-ဒေါ်အုန်းသင်)တို့၏ သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏစုပေါင်းအိမ်ရာ ယင်းမာမြိုင်လမ်း၊ အမှတ်(၆၉/၂)နေ ဒေါ်ခင်မေလွင်(အိမ်တိုင်ရာရောက် သားဖွားသင်တန်းကျောင်းအုပ်ကြီး-ငြိမ်း)၏ ခင်ပွန်းသည် ၅-၈-၂၀၁၂(တနင်္ဂနွေနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၂(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်နိုင်ပါရန် အသင်းဝင်များအား အကြောင်းကြား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ရဟန်းဒါယကာကြီး

အရာခံဗိုလ်တင်ဦး(ဓာတ်ပုံ)

(တပ်မတော်-လေ)(ငြိမ်း)

အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်၊ ကန်ပြောင်ကျေးရွာနေ (ဦးဘသန်း-ဒေါ်ရင်မြ)တို့၏သားကြီး၊ဦးသောင်းထွန်း-ဒေါ်မွေး၊ ဦးမြင့်ဆွေ၊ ဦးအုန်းရွှေ-ဒေါ်ကြည်ဌေး၊ ဦးတင်ဦး-ဒေါ်တင်တင်မူ၊ ဦးမြင့်နိုင်-ဒေါ်စန်းနွဲ့တို့၏ အစ်ကိုကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အနန္တပင်ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်(၂၂)နေ ဦးအေးဖေ-(ဒေါ်ကြီးကြီး)တို့၏ သားသမက်၊ ကိုဇော်ယုထွန်း(YAG)-မအိအိခိုင်၊ ကိုစိုးသန့်ခိုင်(MAI-GSE)-မဥမ္မာမြင့်၊ မနှင်းကေခိုင်(မြပန်ဝါကုမ္ပဏီ)တို့၏ ချစ်လှစွာသော ဖခင်၊ ဒေါ်တင်အေးမြိုင်၏ ချစ်လှစွာသော ခင်ပွန်းသည် ၆-၈-၂၀၁၂(တနင်္လာနေ့) နံနက် ၀၀း ၁၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၂(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ငြိမ်းသွင် (၅၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ (၄၃)လမ်း၊ အမှတ် (၈၄/၈၆)နေ ဦးမောင်မောင်စိုး၏ ဇနီး၊ ဦးမောင်မောင်လွင်-ဒေါက်တာနန်းခင်အေးဆွေ၊ မောင်စိုင်းမျိုးကျော်အောင်၏ မိခင်၊ မောင်အဂ္ဂမင်းသစ်၏ အဘွားသည် ၃-၈-၂၀၁၂ ရက် ည ၁၁း၃၀ နာရီတွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၂ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း)(ကြည်း-၅၄၈၂)

အသက်(၈၇)နှစ်

လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)

သူရဲကောင်းမှတ်တမ်းဝင်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၇၀/၄)၊ ငွေဝတ်မှုံအိမ်ရာ၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ အောင်ဇေယျလမ်းသွယ်နေ (ဦးဘရှင်-ဒေါ်သန်းတင်)တို့၏သား၊ [ဦးဘအောင်-ဒေါ်ယုတီ(ခ)ဒေါ်တီ]တို့၏ သားသမက်၊ ဒေါ်စန်းမြင့်(အငြိမ်းစား-အထက်တန်းပြ၊ ကျောင်းအုပ်ဆရာမကြီး)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကြီးယုလွင်အောင်(ငြိမ်း)(ဥက္ကဋ္ဌ၊လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဝန်ကြီးဌာန)၊ ဒေါ်ကေတီမြင့်တို့၏ဖခင်၊ (ကြည်း-၅၄၈၂) ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း)သည် ၃၁-၇-၂၀၁၂ (အင်္ဂါနေ့) နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသဂြိုဟ်ခဲ့ပြီး ၆-၈-၂၀၁၂ရက်တွင် ရက်လည်ဆွမ်း ကပ်လှူပြီးဖြစ်ပါသည်။ နာမကျန်းဖြစ်စဉ်ကကုသပေးခဲ့သော ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ အစစအရာရာ ကူညီစောင့်ရှောက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဈာပနကိစ္စအဝဝ ကူညီဆောင်ရွက်ပေးခဲ့ကြသူများနှင့် ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း ဆက်သွယ်သတင်းမေးမြန်းကြသူများအားလုံးတို့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစုများ

ကပ္ပတိန်ခင်အောင် (၈၃)နှစ်

Master Mariner(F.G)

မြို့မကျောင်းသားဟောင်း

ရေကြောင်းဌာနမှူးချုပ်(ငြိမ်း)၊မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(Ex. DUFFERIN CADET)

ရန်ကုန်မြို့နေ (သတင်းစာဆရာကြီး၊ သံတော်ဆင့် ဦးသိန်းမောင်-ဒေါ်အုန်းသင်)တို့၏ သား၊ (ဦးထွန်းလွင်-ဒေါ်ချစ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ စုပေါင်းအိမ်ရာ၊ ယင်းမာမြိုင်လမ်း၊ အမှတ်(၆၉/၂)နေ ဒေါ်ခင်မေလွင်(အိမ်တိုင်ရာရောက် သားဖွားသင်တန်းကျောင်းအုပ်ကြီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးထွန်းလှိုင်-ဒေါ်သန်းနွဲ့)၊ ဦးတင်ညွှန့်-(ဒေါ်ခင်သန်း)၊ (ဗိုလ်မှူးကြီးအောင်မြင့်-ငြိမ်း)-ဒေါ်သောင်းသောင်းမြင့်တို့၏ မောင်/ညီ၊ (ဗိုလ်မှူးတင့်ဆွေသိမ်း-ဒေါ်ကြည်ကြည်ဆွေ)၊ (ဦးတင်ထွန်း)-ဒေါ်ခင်စောနွဲ့၊ (ဦးဇော်ဝင်း)-ဒေါ်ခင်မြင့်၊ ဦးမြသိန်း-(ဒေါ်ယဉ်လှ)တို့၏အစ်ကို၊ ကပ္ပတိန်သက်လွင်အောင်(Ex-မြန်မာ့ကြယ်ငါးပွင့်-F.G)-ဒေါ်ဥဉကြည်၊ ဦးကျော်ကျော်ဦး(2nd Officer-F.G)-ဒေါ်နုနုအောင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ရဲမင်းထွန်း-မခိုင်ရည်မွန်ဦး(ခေတ္တ-ဆွစ်ဇာလန်)၊ (မောင်အောင်ကိုကို)၊ မခင်ဇာနှင်း(Myint & Associate Co., Ltd.)၊ မရည်မွန်သက်(Grade-11-D, အထက-၁၊ ဒဂုံ)၊ မောင်ဝေယံအောင် (Grade-10, ပညာ့နန်းတော်)တို့၏ ချစ်လှစွာသောအဘိုး ကပ္ပတိန်ခင်အောင်သည် ၅-၈-၂၀၁၂(တနင်္ဂနွေနေ့) နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၂(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၂(စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ပိုက် (၈၃)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ကျောက်မဲမြို့နေ (ဦးစိန်-ဒေါ်အေးခင်)တို့၏သမီး၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးရွာ၊ နန်းကြီးရပ်နေ (ဦးမျိုးမြင့်)-ဒေါ်အမာ၊ ဦးချိုတင့်-ဒေါ်တူးတူးမာ၊ ဦးသိန်းအောင်-ဒေါ်ခင်ချိုမြင့်တို့၏မိခင်၊ (ကိုအောင်မျိုးဦး)-မစန်းစန်းဝင်း၊ ကိုဖြိုးသူချို-မဝင်းမာထွန်း၊ ကိုရဲပြည့်စုံ-မမေသူချို၊ ကိုထက်ငြိမ်းချမ်းအောင်တို့၏အဘွား၊ မောင်ဟိန်းမျိုးခန့်၊ မောင်မြတ်ဘုန်းမော်၊ မသွန်းပန်းချီချီတို့၏ ဘွားဘွားကြီး၊ တောင်ပြုံးကြီးရွာ၊ နန်းကြီးရပ်နေ (ဦးမောင်ကို)၏ ဇနီးသည် ၄-၈-၂၀၁၂(စနေနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၂ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် တောင်ပြုံးကြီးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒုတိယရဲမှူးကြီးသန်းထွန်း(ငြိမ်း)

(သတင်းတပ်ဖွဲ့)၊ (လ-၅၈၀၁၅)

သူရအပတ်စဉ် (၁၁)

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁)၊ ကမာကြည်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်နေ (ဦးလွန်းမောင်-ဒေါ်ရင်ရွှေ)တို့၏သား၊ (ဒေါ်တင်တင်အေး)၏ ခင်ပွန်း၊ မခိုင်မိုးအေး(တော်ဝင်အလှပြင်ဆိုင်)၊ ကိုဇော်မင်းထွန်း (Bufflo ဖိနပ်ရုံ)-မချစ်ပန်းလှိုင် (ပန်းအိဖိနပ်ဆိုင်)၊ ကိုထက်ရှိုင်း-မနန်းဇာလီမြင့်၊ ကိုအာကာထွန်း (G.WIN MARITME Co.,Ltd.)-မထူးထူးစံတို့၏ဖခင်၊ မောင်ဇေယျာရဲရင့်၊ မောင်မင်းပြည့်စုံ၊ မောင်ဘုန်းပြည့်စုံတို့၏အဘိုးသည် ၆-၈-၂၀၁၂ ရက် ညနေ ၃း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၂ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြင့်ဦး (၄၈)နှစ်

(BE Mining) Excutive Engineer

IGE Co.,Ltd.

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ်(၆၅)နေ ဦးကျော်မြင့်တင် (ဒုမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-(ဒေါ်လှသောင်း)တို့၏ သားကြီး၊ ဦးကျော်မြင့်-ဒေါ်တင်နုတို့၏ သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၃၄၁)နေ ဒေါ်ဝင်းဝင်းမော်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးထွန်းထွန်းဦး (Elite Tech)-ဒေါ်မျိုးမမဝင်း၊ မောင်ဟိန်းဇော်ထွန်းတို့၏ မွေးသဖခင်၊ ဦးတင်မျိုးနွယ်(မြန်မာ့မီးရထား-ဒေါ်ခင်ဆွေသီ(မြန်မာ့သစ်လုပ်ငန်း)၊ ဦးနိုင်လွင်ဦးတို့၏ အစ်ကို ဦးမြင့်ဦးသည် ၆-၈-၂၀၁၂ နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၂(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်ကို (၈၂)နှစ်

(ဦးစီးအရာရှိ-ငြိမ်း၊ ဆည်မြောင်း)

(မြစ်ကြီးနား)

မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်နေ (ဦးဘရီ-ဒေါ်ထွေးရှိန်)တို့၏ သားကြီး၊ (ဦးကျော်ကို-ဒေါ်ခင်ထွေး)၊ ဦးထွန်းတင်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးနေဝင်း-ဒေါ်ပြုံးကြည်၊ ဦးဇော်ဝင်း-ဒေါ်မူမူဝင်းတို့၏ အစ်ကိုကြီး၊ မြစ်ကြီးနားမြို့၊ ရှေရပ်ကွက်၊ အမှတ်(၇၈)နေ ဒေါ်ရွှေတင်၏ ခင်ပွန်း၊ ဒေါ်သင်းသင်းဦး၊ ဒေါ်ဝင်းဝင်းမော်၊ ဦးဝင်းနိုင်-ဒေါ်စွဲ့လန်းခိုင်တို့၏ ဖခင် ဦးမောင်ကို (ဦးစီးအရာရှိ-ငြိမ်း၊ ဆည်မြောင်း)သည် ၅-၈-၂၀၁၂ ရက် ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၂(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် မြစ်ကြီးနားမြို့ ရာဒါကောင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၈-၂၀၁၂ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

ပြည်ပမှ ဝင်ရောက်လာသည့် စားသုံးရန်မသင့်သည်များကို တားဆီးနိုင်ရန်နှင့် အရေးယူနိုင်ရန် ပေါင်းစပ်ညှိနှိုင်းလျက်ရှိ

မော်တော်ယာဉ်မူဝါဒသစ်မှာ ပြည်သူလူထုအများစု လိုလားတောင်းဆိုချက်နှင့်အညီ ချမှတ်ဆောင်ရွက်ပေးခြင်းဖြစ်

တောင်သူလယ်သမားများအား ရာသီအလိုက်၊ သီးနှံအလိုက် စိုက်ပျိုးခြုံနှင်းအမိ ဘဏ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၆

အမျိုးသားလွှတ်တော်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း၏ **"တစ်ဦးချင်း ကုန်သွယ်ကတ်ထုတ်ပေးရေးအစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အဆင့်တွင်ရောက်ရှိနေပြီး မည်သည့်အချိန်၌ ကုန်သွယ်ခွင့်ရရှိနိုင်မည့်အခြေအနေ၊ ကန့်သတ်ထားသောပစ္စည်းများ တင်သွင်းခွင့်ကို ဖြေလျှော့ပေးနိုင်မှု ရှိ/မရှိ၊ ကုန်ပစ္စည်းများအား ကန့်သတ်မည့်အစား တင်သွင်းခွင့်ပေးပြီး အခွန်စနစ်ဖြင့် ထိန်းချုပ်ရေးအစီအစဉ်ရှိ/မရှိနှင့် အများပြည်သူစားသုံးရန်မသင့်သော ကုန်ပစ္စည်းများကို နယ်စပ်နေပြည်သူများ သိရှိလိုက်နာရန် စစ်ဆေးထုတ်ပြန်မည့် အစီအစဉ်ရှိ/မရှိ"** မေးခွန်းတို့နှင့် စပ်လျဉ်း၍ တစ်ဦးတည်းပိုင် ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် လုပ်ငန်းဖွဲ့စည်းမှုခိုင်မာမှုမရှိဘဲ စီးစပ်ဆောင်ရွက်နိုင်မှု အားနည်းခြင်းကြောင့် ၂၀၀၂ ခုနှစ်မှစ၍ ထုတ်ကုန်သွင်းကုန်မှတ်ပုံတင်ကတ်ထုတ်ပေးခြင်းကို ရပ်ဆိုင်းထားခဲ့ပါကြောင်း၊ နယ်စပ်ဒေသနေပြည်သူများ၊ တိုင်းရင်းသားများ၏ ဒေသထွက်ကုန်ပစ္စည်း တင်ပို့ရောင်းချခြင်း၊ ဒေသသုံးပစ္စည်းများ တင်သွင်းဝယ်ယူစားသုံးခြင်းတို့ကို တစ်ဦးတည်းပိုင်ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်၍ Individual Trading Card စနစ်ဖြင့် တရားဝင်ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုချက်ရရှိနိုင်ရန် တင်ပြထားပြီးဖြစ်ပါကြောင်း၊ ခွင့်ပြုချက်ရရှိပြီးပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း။

အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအားတွေ့ရစဉ်။ (သတင်းစဉ်)

မေးခွန်းအမှတ်(၂)ဖြစ်သည့် ကန့်သတ်ထားသောပစ္စည်းများ တင်သွင်းခွင့်ကို ဖြေလျှော့ပေးနိုင်မှု ရှိ/မရှိနှင့် ပတ်သက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ ပြည်ပမှ တင်သွင်းခွင့်မပြုရန်ထုတ်ပြန်ထားသည့် ကုန်ပစ္စည်းများအနက်မှ အချို့မှန့်၊ အချိုရည်၊ ဘီစကွတ် အမျိုးမျိုး၊ စည်သွတ်ဘူးများ (အသားနှင့် အသီး)နှင့် ခေါက်ဆွဲခြောက် အမျိုးမျိုးတို့ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းအသီးသီးတွင် FDA ထောက်ခံချက်ပါရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း။

ထို့အတူ ပြည်တွင်းသုံးစွဲမှုနှင့် ဈေးကွက်လိုအပ်ချက်အရ သစ်သီးအချို့ကို လွှတ်လပ်စွာရာသီမရွေး တင်သွင်းခွင့်ပြုပြီး အချို့ကိုမူ ပြည်တွင်းထွက်ရှိသည့်ကာလမှအပ ကျန်ကာလများတွင် တင်သွင်းခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ တင်သွင်းခွင့်မပြုရန် ကန့်သတ်ထားသည့် ပစ္စည်းများမှာ စိုက်ပျိုးထုတ်လုပ်သူများ၏ တင်ပြချက်၊ သက်ဆိုင်ရာအသင်းအဖွဲ့၏ တင်ပြချက်အရ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ကာကွယ်သည့်အနေဖြင့် ကန့်သတ်ထားခြင်းဖြစ်ပါကြောင်း၊ ထိုသို့ကန့်သတ်ခြင်းသည် မိမိနိုင်ငံတွင်သာမက အခြားနိုင်ငံများတွင်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိနိုင်ငံ၏ အကျိုးစီးပွားကာကွယ်ရန် လိုအပ်ချက်ရှိပါက တင်သွင်းတင်ပို့ခွင့် ကန့်သတ်သည့်ကုန်ပစ္စည်းအချို့ရှိမည်ဖြစ်ပါကြောင်း၊ ပြည်ပမှတင်သွင်းခွင့်မပြုသော ကုန်ပစ္စည်းကို ပြည်တွင်းလိုအပ်ချက်အခြေအနေပေါ် မူတည်၍ အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသင့်သည်များအား ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မေးခွန်းအမှတ်(၃)ဖြစ်သည့် ကုန်ပစ္စည်းများအား ကန့်သတ်မည့်အစား တင်သွင်းခွင့်ပေးပြီး အခွန်စနစ်ဖြင့် ထိန်းချုပ်ရေးအစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ကုန်ပစ္စည်းများကို လိုင်စင်ဖြင့် တရားဝင်တင်သွင်းလာပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ထားသော အခွန်အကောက်များအား ကောက်ခံသွားမည်ဖြစ်ပြီး ကုန်ပစ္စည်းတရားမဝင်တင်သွင်းမှုများကို ဒေသခံအာဏာပိုင်များ၊ မိတ်ဖက် အဖွဲ့အစည်းများ အကူအညီနှင့် တားဆီးဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့သောကုန်ပစ္စည်းများကို ကုန်သွယ်လုပ်ငန်းခွန်(၈) ရာခိုင်နှုန်းမှ (၁၀၀)ရာခိုင်နှုန်းအထိ တိုးမြှင့်အခွန်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ကောက်ခံခြင်းဖြင့် ဟန့်တားထိန်းချုပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မေးခွန်းအမှတ်(၄)ဖြစ်သည့် အများပြည်သူစားသုံးရန်မသင့်သော ကုန်ပစ္စည်းများကို နယ်စပ်နေပြည်သူများ သိရှိလိုက်နာရန် စစ်ဆေးထုတ်ပြန်မည့် အစီအစဉ်ရှိ/မရှိ နှင့်ပတ်သက်၍ ပြည်ပမှ ဝင်ရောက်လာသည့် အစားအသောက်များ၊ ဆေးဝါးများနှင့် တရားမဝင်တင်သွင်းလာသော စားသုံးရန်မသင့်သည့် စားသုံးဆီများအား တားဆီးကာကွယ်နိုင်ရန်နှင့် အရေးယူဆောင်ရွက်မှုများပြုလုပ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ **စာမျက်နှာ ၈ တော်လ ၁ သို့** ☆

ဖြစ်ရေကြီးမှု သတိပေးချက်

နေပြည်တော် ဩဂုတ် ၆

သံလွင်မြစ်ရေသည် ယနေ့မှန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၅၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၀၅ စင်တီမီတာ (၃ ဒသမ ၄) ပေခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၅၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၅၂စင်တီမီတာ(၁ ဒသမ ၇) ပေခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

စစ်တောင်းမြစ်ရေ ဆက်လက်မြင့်တက်လျက်ရှိ မဒေါက်ရေဘေးသင့်ပြည်သူများအားထောက်ပံ့

မဒေါက် ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ သောင်ကြီးကျေးရွာ၌ မိုးအဆက်မပြတ်ရွာသွန်း၍ စစ်တောင်းမြစ်ရေမြင့်တက်လာမှုတို့ကြောင့် ရေဘေးသင့်ခဲ့သောပြည်သူများအား ဆန်များပေးအပ်လျှက်ဒုက္ခပြေပျောက်ရေးကိုလည်း ကူညီပေးခဲ့ကြသည်။

ရေနှင်းစွာ ရေဘေးသင့်ပြည်သူများအား စာနာထောက်ထားသောအားဖြင့် အလျှရှင် ရန်ကုန်မြို့နေ ဗိုလ်ကြီးခင်ဝင်း-ဒေါ်မူမူမိသားစုက ပေးပို့လျှက်ပါသော ဆန်အိတ် ၄၀ ကျော်အား ရေဘေးသင့်ခဲ့သော ရပ်ကွက်ငါးခုမှ ရေနစ်မြုပ်အိမ်ထောင်စု ၁၀၄ စု၊ အိမ်ခြေ ၆၃၆၊ လူဦးရေ ၃၃၆၄ ဦးတို့အား တစ်အိမ်ထောင်လျှင် ဆန်ခြောက်ပြည်နှုန်းဖြင့် အလျှရှင်ကိုယ်စား သောင်ကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဦး၊ ရပ်မိရပ်ဖ ဦးဝင်းအောင်နှင့် ဒေသခံလူကြီးများက စက်လှေများဖြင့် ရေဘေးသင့်ပြည်သူများရှိရာ နေရာများသို့ရောက်အောင် လိုက်လံပို့ဆောင်လျှက်ပါကြောင်း၊ ဒေါ်ရှမ်းရမ်မိသားစုက ဆန်အိတ် ၅၀ စုစုပေါင်း ဆန်အိတ် ၁၅၀ အား ရေဘေးသင့်ပြည်သူများထံ စနစ်တကျ ပေးပို့လျှက်ပါကြောင်း သိရသည်။ (၅၆၈)

ဩဂုတ် ၆ ရက်က ညောင်လေးပင်မြို့နယ် မဒေါက်မြို့ သောင်ကြီးကျေးရွာ၌ မိုးအဆက်မပြတ်ရွာသွန်း၍ စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် နေအိမ်များအတွင်း ရေဝင်လျက်ရှိသည်ကို တွေ့ရစဉ်။ (၅၆၈)